www.burmeseclassic.com

# မြတ်မင်္ဂလာ

စာစောင်

အတွဲ - ၃၀၊ အမှတ် - ၆၊ ၂၀၁၄ - ခုနှစ်၊ ဒီဇင်ဘာလ




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



## ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်
## ပါဠိတက္ကသိုလ်အောင်မင်္ဂလာကျောင်းတိုက်
## ပဓာန နာယကဆရာတော်
## မဟာဂန္ထဝါစကပဏ္ဍိတ
## ဘဒ္ဒန္တကောသလ္လမဟာထေရ်

ဆရာတော် ဘဒ္ဒန္တကောသလ္လသည် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ထုံးစွယ်ရွာဇာတိ ဖြစ်သည်။ ခမည်းတော် ဦးစောသင်၊ မယ်တော် ဒေါ်သန်းတင်တို့က ၁၂၉၉-ခု၊ နတ်တော်လဆန်း ၁၁-ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၇-နှစ်အရွယ်တွင် ရှင်သာမဏေပြုသည်။ ၁၃၁၉-ခု၊ တန်ခူးလပြည့်ကျော် ၇-ရက်၊ တနင်္ဂနွေနေ့တွင် ရဟန်းဖြစ်တော်မူသည်။ ဆရာတော်သည် ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက် (အလယ်တိုက်ကြီး)၊ ဒေးဒရဲမြို့၊ တောကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီဟ၊ ဒေးဒရဲမြို့၊ ဝါးကမယ်ကျေးရွာဆရာတော် ဘဒ္ဒန္တကုသလနှင့် ရန်ကုန်မြို့၊ ဗဟန်း မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်၊ အလုံမြို့နယ် ပါဠိတက္ကသိုလ်အောင်မင်္ဂလာကျောင်းတိုက်တို့ရှိ ကျမ်းတတ်အကျော် ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့သည်။ ပါဠိတက္ကသိုလ် အောင်မင်္ဂလာကျောင်းတိုက်က ကျင်းပသော သာသနဟိတကာရီ ဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယတန်းတွင် သီလက္ခန်နှင့် ဓမ္မသင်္ဂဏီကျမ်းတို့ကို အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် ၁၃၂၇-ခုနှစ်၊ ရဟန်း ၈-ဝါမှစ၍ ပါဠိတက္ကသိုလ် အောင်မင်္ဂလာကျောင်းတိုက်၌ ငယ်၊ လတ်၊ ကြီးတန်း စာသင်သားတို့အား ပရိယတ္တိစာပေများကို မပျက်မကွက် ပို့ချလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ထို့အပြင် ကျောင်းတိုက်၏ ပြုဖွယ်ကိစ္စများဖြစ်သော စည်းကမ်းထိန်းသိမ်းရေး၊ စာသင်သားသံဃာအသစ် လက်ခံရေး၊ ဆွမ်းကွမ်းစီစဉ်ရေးတို့ကို ကြီးမားသောလုံ့လဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ၂၀၁၄-ခုနှစ်၊ နှစ်စတွင် ကျောင်းတိုက်၏ ပဓာနနာယက ဖြစ်တော်မူသည်။ ဆရာတော်သည် ကျောင်းတိုက်ကြီးတွင် နေရာပေါင်းစုံ တာဝန်ယူထားသည့်ကြားမှ (၁) အောင်မင်္ဂလာ ဝတ်ရွတ်စဉ်ကျမ်း၊ (၂) တိက်-ဒုက်-နယသင်္ခေပ ညဝါကျမ်းတို့ကို ရေးသားပြုစုတော်မူခဲ့သည်။

ဆရာတော်အား နိုင်ငံတော်အစိုးရက ၂၀၀၁-ခုနှစ်တွင် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

## ဩဝါဒ

* ကျောင်းတိုက်နှင့် သာသနာကို အကျိုးပြုနိုင်သော ရဟန်းဘဝ၏ အသက်ရှည်ခြင်းသည်သာ ကောင်းသောအသက်ရှည်ခြင်း ဖြစ်၏။

* သည်းခံခြင်းသည် အားလုံးသောဝေဒနာတို့၏ ဆေးကောင်းတစ်လက် ဖြစ်၏။

* အပြစ်ရှိသောသူသည် မိမိမှတစ်ပါးသောသူကိုလည်း မိမိကဲ့သို့ ဆုံးဖြတ်တတ်၏။

* မည်သူ့ကိုမျှ မေတ္တာပျက်ကွက် မုန်းတီးရန်မလိုပါ။ ရွံမုန်းစရာဖြစ်လာပါက ထိုသူ၏သန္တာန်၌ရှိသော မကောင်းမှုကိုသာ ရွံမုန်းရမည်ဖြစ်သည်။

ဘဒ္ဒန္တကောသလ္လမဟာထေရ်

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကောင်းရှိ၊ သီလမြဲ၊ ဝိပဿနာစွဲ

# မြတ်မင်္ဂလာ

စာစောင်

၁၉၈၅-ခုနှစ်၊ ဇူလိုင်လတွင် စတင်ထုတ်ဝေသည်။
မင်္ဂလာဗျူဟာအသင်းက ထုတ်ဝေသည်။

**ဩဝါဒ**

ဘဒ္ဒန္တ ကောသလ္လမဟာထေရ် ... ၁

**ခေါင်းကြီး**

ကြောက်မက်ဖွယ်ရာ ယာဉ်တိုက်မှုများ ... ၄

**ယခုလမျက်နှာဖုံး**

လယ်ကြီးရွာ ရှင်ပြုပွဲမှ ရှင်သာမဏေလောင်းများ...မွေးမွေးပုံ ၅

**ရုပ်ပြ**

ရွှေတိဂုံစေတီတော် (၉) ...မင်းယုဝေ၊ ပန်းချီ-ကိုဟန်ရွှေ ၇

**ထူးခြားသိဖွယ် အသွယ်သွယ်**

ကျန်စစ်မင်း၏ ကောင်းမှုတော်
လာဘမုနိ ရတနသံယုတ္တဝရ မုဒြာဘုရား ...သန်းဝင်းရှိန် ၁၃
မူလကျိုက်ဒေးကွမ်း(ခေါ်)
မဟာထုပါရုံစေတီတော် ...ဖျာပုံတင်နိုင်ဝင်း ၁၄
ပင်းသာကျောင်း ...ကိုကြီးဆွေ ၁၆
တစ်မူထူးခြားသောအလှူ ...ကျွန်းကြီးရွှေဖိုး ၁၉
ငါးခုန်ရွာမှ အသက်ရာကျော်အဘွား ...စေတနာလှိုင် ၂၀
စတုဒိသာ အာဟာရအလှူရှင် ...စောလူတော် ၂၁

**ဆောင်းပါး**

လားရှိုးမြို့ ကန်မိန်းပရိယတ္တိစာသင်တိုက် ...သင်းသင်းပုံ ၂၂
ဆုတောင်းတိုင်းသာ ပြည့်မည်ဆိုလျှင် ...မောင်ရဲမင်းထက် ၂၇
ထူးခြားသော ကုသိုလ်ရှင် ...နုနုရွှေ ၂၉
ပေါက်မြို့ ဝေနေယျပါလ နာရေးကူညီမှုအသင်း ...ရာဇာဝင်း ၃၀

**အယ်ဒီတာအဖွဲ့**

**အယ်ဒီတာချုပ်**
ဦးဝင်းမောင်(မင်းယုဝေ)
**အုပ်ချုပ်မှုအယ်ဒီတာ**
ဦးဌေးဝင်း(မောင်ရွှန်းသစ်)
**တာဝန်ခံအယ်ဒီတာ**
ဦးဉာဏ်လင်းအောင်(ပထမကြီး)
**အမှုဆောင်အယ်ဒီတာ**
ကိုစောမောင်မောင်လွင်(ဘီအေ)
**အယ်ဒီတာ**
ကိုအောင်ထက်

**အယ်ဒီတာအဖွဲ့**
၈/၄၊ ပထမထပ်(က)၊ ဓမ္မာရုံ(၁-လမ်း)၊
၁၁-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၁၁၂၄၉၃၆ (ရုံးချိန် ၁၀-နာရီမှ ၄-နာရီ)

**ဖြန့်ချိရေးမှူး**
ဒေါ်ယဉ်အိ

**ဖြန့်ချိရေးဌာန**
မင်္ဂလာရောင်ခြည်စာပေဖြန့်ချိရေး
အမှတ်-၂၆၆၊ မြေညီထပ်(ဝဲ)၊ လမ်း-၄၀(အထက်)၊
၉-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၄၉၃၂ (ဆိုင်)
(ရုံးချိန် ၁၀-နာရီမှ ၅-နာရီ)

**ယခုလ မျက်နှာဖုံး**
လယ်ကြီးရွာ ရှင်ပြုပွဲမှ ရှင်သာမဏေလောင်းများ

**တတ်ပုံ**
ပုံရိပ်လွှာ(ညောင်ပင်ဝန်း)

**အတွင်းသရုပ်ဖော်ပန်းချီ**
ဦးစန်းလှိုင်၊ ကိုဟန်ရွှေ

**ကွန်ပျူတာ**
ခင်ချိုဆက်

www.burmeseclassic.com

# သံသရာဝဋ်မှ ကျွတ်မည်မလွဲ။

အတွဲ-၃၀၊ အမှတ်-၆။
၁၃၇၆-ခုနှစ်၊ နတ်တော်လ။
၂၀၁၄-ခုနှစ်၊ ဒီဇင်ဘာလ။

မြတ်မင်္ဂလာစာဖတ်ပရိသတ်အမေး
မဟာသိမ်တော်ကြီးဆရာတော်အဖြေ …ဘဒ္ဒန္တကုမာရ ၃၃
မေတ္တာနှလုံး အစဉ်သုံး …ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ ၃၇
နိဗ္ဗာန်မလိုချင်သော ယောဂီတစ်ဦး …မောင်ရွှန်းသစ် ၄၀
ဗုဒ္ဓဘာသာနှင့် ကိုယ်ကျင့်တရား …ဒေါက်တာအရှင်ဓမ္မပိယ ၄၃
မဝေးသော အနီးဆုံးနေရာ …နွေသဉ္ဇာ ၅၃
ကမ်းမှခွာပြီဆိုကတည်းက …သက်လှိုင်မျိုး ၅၆
အန္တရာယ်ကင်းအောင် ချက်ပြုတ်နည်း
…ပါမောက္ခဒေါ်ခင်ဖြူ(မြင်းခြံ) ၅၉
မြတ်မင်္ဂလာသိမှတ်စရာ …မင်းစောထက် ၆၆
မြတ်မင်္ဂလာစာအုပ်စင် …ဦးမင်္ဂလာ ၇၂

**စိတ်–စေတနာ–မေတ္တာ**

အလင်းဆောင်သူ …မင်းယုဝေ ၄၈

**ကံ ကံ၏အကျိုး**

ငရဲမကြောက်၍ လိမ်ဝံ့သူ …ငွေးငွေး(မြို့နယ်ပညာရေးမှူး-ငြိမ်း) ၆၁
တန်ပြန်အကျိုး …ညွန့်ဝင်း(နတ်တလင်း) ၆၂
ပဋ္ဌာန်းဒေသနာနှင့် မျက်မမြင်အဘွားအို …အရှင်သုဓမ္မသာရ ၆၄

**သတင်း**

ကုသိုလ်ပြုကြသူငါ ပြည်မြန်မာ ၇၃၊ ၇၄
မင်္ဂလာဗျူဟာအသင်းချုပ်သတင်းလွှာ ၇၅
မင်္ဂလာဗျူဟာပရဟိတအဖွဲ့သတင်း ၇၇
အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်သတင်း ၇၈

**စာစောင်နာယကအဖွဲ့**
၁။ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ
(တိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ)
၂။ ဘဒ္ဒန္တ ဝါယာမသာရ
[အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ
သာသနမာမကဓမ္မာစရိယ၊
ဥဘတောဝိဘင်္ဂဓရ၊ ဘီအေ(မြန်မာစာ)]
သာသနာရေးဦးစီးဌာန
အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်၊
ယဉ်ကျေးမှုသင်တန်း နည်းပြဆရာတော်
၃။ ဘဒ္ဒန္တခေမာသိရိလင်္ကာရ
(ရွှေပြည်ဟိန်းဆရာတော်)
(မဟာဓမ္မကထိက ဗဟုဇနဟိတဓရ)
(တိပိဋကဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ၊
ဥဘတောဝိဘင်္ဂဓရ)
၄။ ဦးသန်းတင်
(မင်္ဂလာဗျူဟာအသင်းချုပ် ဥက္ကဋ္ဌ)
၅။ ဦးအောင်မျိုးမင်း
(မင်္ဂလာဗျူဟာအသင်းချုပ်
အတွင်းရေးမှူး)

**ထုတ်ဝေသူ**
ဦးဝင်းမောင်(မင်းယုဝေ)၊ နာယက
မင်္ဂလာဗျူဟာအသင်းချုပ်
အာဇာနည်လမ်း၊ ဗဟန်း
ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဒေါ်သန်းကြည် (၀၂၆၇၈)
ဝင်းရွှေစင်ပုံနှိပ်တိုက်
၂၆/၉၇-လမ်း၊ ကန်တော်ကလေး
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**တန်ဖိုး**
ရန်ကုန်-၃၅၀/-၊
နယ်-ကား ၃၅၀/-+ကားခ။
စောင်ရေ-၅၀၀၀

www.burmeseclassic.com

www.burmeseclassic.com

မြဝတီမင်္ဂလာ
စာစောင်

# ကြောက်မက်ဖွယ်ရာ ယာဉ်တိုက်မှုများ

ပြည်နယ်နှင့်တိုင်းဒေသကြီးများအနက် ယာဉ်ကြောကျပ်တည်းမှုနှင့် ယာဉ်တိုက်မှု အများဆုံး နေရာဒေသတို့မှာ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ဖြစ်ကြောင်း သတင်းစာများတွင် ဖတ်ရှုရသည်။ ယာဉ်ဆိုရာတွင် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖြစ်ပါသည်။

၂၀၁၄-ခုနှစ်၊ ဧပြီလတွင် ယာဉ်တိုက်မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၌ ၂၉၆-မှု၊ မန္တလေးတိုင်း ဒေသကြီး၌ ၂၄၈-မှု ဖြစ်ပွားကြောင်း သိရသည်။ ထို့နောက် မေလအတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် ၂၅၆-မှု၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၃၆-မှုဖြစ်ပွားသည်။ ဇွန်လအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ ၂၃၄-မှု၊ မန္တလေးတိုင်းဒေသကြီး၌ ၁၆၈-မှုဖြစ်ပွား၍ ဇူလိုင်လတွင် ရန်ကုန်တိုင်းဒေသကြီး၌ ၂၃၉-မှု၊ မန္တလေးတိုင်းဒေသကြီး၌ ၁၈၅-မှုတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဤသို့ ယာဉ်တိုက်မှုများ ဖြစ်ပွားသည်နှင့်အမျှ လူပေါင်းများစွာလည်း သေဆုံးခဲ့ကြသည်။ ဒဏ်ရာ ရခဲ့ကြသည်။ မန္တလေးမြို့၌ ၂၀၁၄-ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ ၈-လအတွင်း ယာဉ်တိုက်မှုကြောင့် ၁၁၈-ဦး သေဆုံးခဲ့သည်ဟု သိရသည်။

ယခုနှစ်အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်တိမ်းမှောက်မှုများကြောင့် လူ ၁၂၀- ကျော် သေဆုံးကြောင်းလည်း သိရသည်။ ဤသို့ ဝမ်းနည်းဖွယ်ကြုံတွေ့ရသည်မှာ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ များပြားလာသည်နှင့်အမျှ မောင်းသူတို့၏ မဆင်မခြင်မောင်းမှုကြောင့်လည်း အဓိကဖြစ်သည်။ ကျူးလွန်သူ၊ မောင်းနှင်သူများသည် ကျွမ်းကျင်မှုမရှိဘဲ မောင်းနှင်တတ်ကြသည်ကိုလည်း တွေ့ရသည်။ ပြီးခဲ့သည့်မေလအတွင်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်တိမ်းမှောက်မှုဖြစ် ပွားခဲ့သော ရာဇာမင်းခရီးသည်တင်ယာဉ်တွင် လိုက်ပါသူခရီးသည် ၄၆-ဦးအနက် ၁၄-ဦးသေဆုံးပြီး ၂၉-ဦး ဒဏ်ရာရရှိကြောင်း သိရသည်။ အမှုဖွင့်၍ အရေးယူရာတွင် အခင်းဖြစ်စဉ်က မောင်းနှင်သူမှာ ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်သူဖြစ်ကြောင်း သိရသည်။ ထိုယာဉ်မောင်းမှာ ထောင်ဒဏ် ၁၄- နှစ် ကျခဲ့သည်ဟူ၍လည်း သိရသည်။ သူတစ်ဦးတည်းအပြစ်ကြောင့် အပြစ်မဲ့ခရီးသည် ၁၄-ဦး သေဆုံး သွားသည်မှာ အလွန်ရင်နာဖွယ်ကောင်းလှသည်။

ယာဉ်တိုက်မှုဖြစ်ရာတွင် အရက်သေစာသောက်သုံးကာ မောင်းနှင်ခြင်း၊ အရှိန်ပြင်းစွာ မောင်းနှင် ခြင်း၊ လမ်းစည်းကမ်းကို မလိုက်နာခြင်းတို့ကြောင့်လည်း ဖြစ်ပွားကြောင်း သိရသည်။ ဤသို့ဖြစ်ရသည်မှာ အလွန်ရင်နာဖွယ်ကောင်းလှသည်။ သက်ဆိုင်ရာတို့က ယာဉ်စည်းကမ်းလိုက်နာရန် ထိန်းသိမ်းခြင်း၊ ယာဉ် ထိန်းရဲတပ်ဖွဲ့ဝင်များ ထပ်မံတိုးချဲ့ခြင်းပြုကာ အစွမ်းကုန် ကာကွယ်နေကြောင်းလည်း သိရသည်။ ☞



www.burmeseclassic.com

www.burmeseclassic.com



**ယခုလမျက်နှာဖုံး**

# လယ်ကြီးရွာ ရှင်ပြုပွဲမှ ရှင်သာမဏေလောင်းများ

မွေးမွေးပျံ့

ယခုလမျက်နှာဖုံးပုံမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ လယ်ကြီးရွာရှင်ပြုပွဲ၌ပါဝင်သော ရှင်သာမဏေလောင်းများ ဖြစ်ပါသည်။ ရှင်သာမဏေလောင်းများသည် ရွာရှိ တန်ခိုးကြီးဘုရားသို့ သွားရောက်ဖူးမြော်ဦးတိုက်၍ ပြန်ထွက်လာခြင်းဖြစ်သည်။ ရိုက်ကူးသူ ဓာတ်ပုံပညာရှင်မှာ ပုံရိပ်လွှာ (ညောင်ပင်ဝန်း)ဖြစ်သည်။ စာရေးဆရာမ သင်းသင်းပျံ့က အထူးပေးပို့ခြင်း ဖြစ်သည်။

လယ်ကြီးရွာသူရွာသားတို့၏ ရှင်ပြုမင်္ဂလာအလှူတော်မှာ ကြီးကျယ်ခမ်းနားလှပါသည်။ အလှူ့ဒါယကာ၊ ဒါယိကာမများသည် မိမိတို့၏ သားသမီးများကို ရှင်ပြုပေးရုံသာမက ဆွေမျိုးသားချင်းနှင့် အိမ်နီးချင်းတို့၏ သားများကိုပါ ရှင်သာမဏေအဖြစ် သွတ်သွင်းပေးပါသည်။



လယ်ကြီးရွာ ရှင်ပြုပွဲမှ ရှင်သာမဏေလောင်းများ
ရွာရှိဘုရားသို့ ဖူးမြော်ဦးတိုက်၍ ပြန်ထွက်လာစဉ်

---

☞ အားလုံးကို ခြုံ၍ကြည့်သော် အရက်သေစာ သောက်စား၍ မောင်းနှင်ခြင်း၊ မဆင်မခြင်ဘဲ လျှင်မြန်စွာ မောင်းနှင်ခြင်း၊ ဝိသမလောဘဖြင့် ကားတစ်စီးကိုတစ်စီး ကျော်တက်ခြင်း၊ မကျွမ်းကျင်ဘဲ ကားမောင်းခြင်း စသည်တို့သည် အရင်းခံဖြစ်ကြောင်း သိရသည်။

လူ့ဘဝကို ရရှိရန်မှာ အလွန်ခက်ခဲလှသည်။ ဤသို့ ခက်ခဲသော လူ့ဘဝသည် ယာဉ်ကားများကြောင့်လည်းကောင်း၊ မော်တော်ဆိုင်ကယ်များကြောင့်လည်းကောင်း သေကျေပျက်စီးရခြင်းမှာ အလွန်ရင်နာဖွယ်ကောင်းလှသည်။ ဤအဖြစ်ဆိုးမှ ကာကွယ်နိုင်ရန် လမ်းသွားလမ်းလာများ အပါအဝင် ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်းကာကွယ် တားဆီးသင့်ကြောင်း တင်ပြအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ ရှင်လောင်းများသည် ရှေးမင်းညီမင်းသားများ ဝတ်စားဆင်ယင်လေ့ရှိသော ပုံစံကို အတုယူ၍ မကိုဋ်၊ သရဖူ၊ စလွယ်၊ လက်ကြပ်၊ နားတောင်း စသော မင်းညီမင်းသား အဆောင်အယောင်တို့ကို ဝတ်ဆင်ကြရသည်။ ဤသည်မှာ သာသနာတော်၌ ဝင်ရောက်မည့်သူများအား အထွတ်အထိပ်ဖြစ်သော မင်းစည်းစိမ်ကဲ့သို့ ချီးမြှောက်ခြင်းဖြစ်သည်။

ရှေးက ရှင်ဘုရင်တောထွက်တော်မူလျှင် မှူးကြီးမတ်ရာ၊ ရံရွေတော်၊ အပျိုတော်များနှင့် ကိုယ်ရံတော်တပ်များပါကြရသည်။ ဤအစဉ်အလာကို အတုယူ၍ မောင်ရှင်လောင်းများသည် ဝေါ၊ ထမ်းစင်၊ ဆင်၊ မြင်း စသည်တို့ စီးကြခြင်းဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှု
ထုံးတမ်းစဉ်လာအရ
ရှင်လောင်းများသည်
ရှေးမင်းညီမင်းသားများ
ဝတ်စားဆင်ယင်လေ့ရှိသော ပုံစံကို
အတုယူ၍ မကိုဋ်၊ သရဖူ၊ စလွယ်၊
လက်ကြပ်၊ နားတောင်း စသော
မင်းညီမင်းသား
အဆောင်အယောင်တို့ကို
ဝတ်ဆင်ကြရသည်။

ရှင်ပြုပွဲအကြို ညနေခင်းတွင် ရှင်လောင်းလှည့်ပွဲ ပြုလုပ်သည်။ ထိုရှင်လောင်းလှည့်ပွဲ၌ ယောအိုးစည်၊ ဒိုးပတ်ဝိုင်းနှင့် ဦးရွှေရိုးအကလည်း ပါသည်။ ရွာထဲရှိ လူပျိုများက ငွေဖလားပန်းအိုးကိုင်ဆောင်ပြီး အပျိုများက ရွှေဆွမ်းအုပ်ကိုယ်စီကိုင်ဆောင်ကာ လှည့်လည်ကြသည်။

အလှူရှင် ဇနီးမောင်နှံနှင့် ရပ်မိရပ်ဖများက ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ပစ္စည်းများကို ကိုယ်စီကိုင်ဆောင်ကြသည်။ ရှေးမြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာနှင့်အညီ ရှင်လောင်းများကို ဝေါ (သို့မဟုတ်) လှည်းယာဉ်၊ ဆင်၊ မြင်းတို့ပေါ်တွင် တင်ဆောင်၍ ရွှေထီးဆောင်းလျက် လှည့်လည်ကြသည်။ ပေါက်ပေါက်နှင့် ပိုက်ဆံရောထည့်ထားသည့် ငွေဖလားကိုင်ဆောင်သူက လမ်းတစ်လျှောက် ကြဲပက်လျက် လိုက်ပါသည်။

အလှူနံနက်ပိုင်းတွင် အလှူမဏ္ဍပ်၌ ဖျော်ဖြေရေးဆိုင်းဝိုင်းကြီးဖြင့် ပရိသတ်အား ဧည့်ခံသည်။ ထမင်းကျွေးသည်။ ရှင်ပြုပွဲတွင် ရွာရှိလူကုန် ကူညီလုပ်ကိုင်ပေး၍ ရွာသူရွာသားအားလုံးလည်း ပျော်ရွှင်စွာဖြင့် ထမင်းလက်ဆုံစားကြသည်။ နေ့လယ်တွင် ဘိသိက်သွန်းလောင်းသည်။ ညနေတွင် ရေစက်ချပရိတ်တရားတော် နာယူကြပါသည်။

မွေးမွေးပျံ့

စိတ်ကောင်းရှိ
သီလမြဲ၊ ဝိပဿနာစွဲ
သံသရာဝဋ်မှ ကျွတ်မည်မလွဲ

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






ရှေ့လ ဆက်ရန် …… 

www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားသိမှတ်ဖွယ် အာဖွယ်သွယ်

## ကျန်စစ်မင်း၏ကောင်းမှုတော် လာဘမုနိ ရတနသံယုတ္တဝရ မုဒြာဘုရား

ကျန်စစ်မင်း၏ကောင်းမှုတော် လာဘမုနိ ရတနသံယုတ္တဝရမုဒြာဘုရားသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ပရိမ္မကျေးရွာ ထီးလှိုင်ရှင်စေတီတော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူပါသည်။

ပရိမ္မကျေးရွာသည် အိမ်ခြေ ၁၀၀၀-ကျော်ရှိသည့် စံပြကျေးရွာတစ်ရွာဖြစ်သည်။ ရွာအနောက်ဘက်တွင် နေ့စဉ်ဈေးရှိသည်။ ရဲကင်းရှိသည်။ အထက်တန်းကျောင်းရှိသည်။ ရွှေစောင်းတန်းနှင့် ရွှေရောင်ဝင်းနေသည့် ကျန်စစ်သားမင်း တည်ထားခဲ့သော ထီးလှိုင်ရှင်စေတီတော်မြတ်ကြီး ရှိသည်။ ပုဂံပြည့်ရှင်ကျန်စစ်သားမင်းနှင့် ပရိမ္မရာဇဝင်ကြောင်းသည် မြန်မာနိုင်ငံသမိုင်းတွင် အထင်ကရရှိသည်။

ပုဂံပြည့်ရှင် ကျန်စစ်မင်းသည် ပရိမ္မကျေးရွာ၌ သက္ကရာဇ် ၄၆၉-ခုနှစ်၊ ကဆုန်လဆန်း ၁၀-ရက်၊ ကြာသပတေးနေ့တွင် ပြည်သူပြည်သားအပေါင်းတို့အား နိဗ္ဗာန်ရောက်ကြောင်း အထောက်ပံ့ကောင်း ဖြစ်စေခြင်းငှာ 'အောင်မြေ'ဟူ၍ သစ္စာပြုရင်း ချင်းတွင်းမြစ်ကမ်းထိပ်တွင် ထီးလှိုင်ရှင်စေတီတော်ကြီးကို တည်ထားခဲ့သည်။



လာဘမုနိ ရတနသံယုတ္တဝရ မုဒြာဘုရား

ကျန်စစ်မင်းကြီး တည်ထားခဲ့သော ထီးလှိုင်ရှင်စေတီတော်ကြီးသည် သက္ကရာဇ် ၁၈၈၃-ခုနှစ်တွင် မြေငလျင်ဒဏ်ကြောင့် ပြိုပျက်စီးခဲ့ရသည်။ ထို့ကြောင့် မူလစေတီတော် ☞



www.burmeseclassic.com

www.burmeseclassic.com

# မူလကျိုက်ဒေးကွမ်း (ခေါ်) မဟာထူပါရုံစေတီတော်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့သည် စေတီကျောင်းကန်များ အလွန်ပေါများသော မြို့တစ်မြို့ဖြစ်သည်။ မြို့၏ထင်ရှားသော စေတီတော်များအနက် မူလကျိုက်ဒေးကွမ်း(ခေါ်) မဟာထူပါရုံစေတီတော်မြတ်ကြီးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အပြောင်ချောင်း၊ အပြောင်ရွာတို့နှင့် နီးစပ်သဖြင့် အပြောင်ဘုရားကြီးဟုလည်း ခေါ်ဝေါ်ကြပါသည်။

ထိုစေတီတော်ကြီး တည်ထားသည့်နေရာသည် ယခင်က ချောင်းဝတစ်ခု၏ မြစ်ကမ်းနားရေပြင်ကြီးဖြစ်ခဲ့သည်။

ထိုအခါ ချောင်းဝနားတစ်ဝိုက်တွင် နေထိုင်ကြသော ရှေးမွန်လူမျိုးတို့သည် "ဤကျွန်းပေါ်တွင် ရွာဖြစ်လတ္တံ့" ဟု အတိတ်ကောက်၍ ရွာဦးနိမိတ်စေတီအဖြစ် ကုန်းမို့မို့နေရာတွင် စေတီတော်ကို စတင်တည်ထားကိုးကွယ်ခဲ့ကြပါသည်။ ရွာနိမိတ်အဖြစ် တည်ခဲ့သောကြောင့် ရှေးမွန်လူမျိုးတို့သည် ထိုစေတီတော်ကြီးကို မွန်ဘာသာဖြင့် ကျိုက်ဒေးကွမ်း (မြန်မာပြန်လျှင် ရွာကုန်းစေတီ)ဟု သမုတ်ခဲ့ပါသည်။ ထိုစေတီတော်တည်ပြီး မကြာမီတွင် ထိုကျွန်းပေါ်၌ လူများ တစ်စတစ်စ အခြေကျနေထိုင်ရင်း ဖျာပုံရွာဟူ၍ ဖြစ်ပေါ်လာပါသည်။

ထို့နောက် ထိုစေတီတော်ကြီးသည် နှစ်ပရိစ္ဆေဒကြာမြင့်လာသောအခါ ပြိုပျက်ခဲ့လေသည်။ ထိုအချိန်တွင် ဤစေတီ၏အနီးအပါးတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်၍ ကြီးပွားချမ်းသာလာသော ကရင်ဇနီးမောင်နှံသည် မိမိတို့၏ တရားသဖြင့်ရှာဖွေထားသော စင်ကြယ်သောပစ္စည်းများဖြင့် စေတီတော်ကြီးကို ပြုပြင်ခဲ့ကြပါသည်။ မူလစေတီတော်ထက် ဉာဏ်တော်ကိုမြှင့်၍ ပြန်လည်တည်ထားခဲ့ပါသည်။

သက္ကရာဇ် ၁၁၄၃-ခုနှစ်တွင် နန်းတက်သော ဗဒုံမင်း (ဘိုးတော်ဦးဝိုင်း)လက်ထက်တွင် ဦးဖားဆိုသူကို ဖျာပုံရွာအုပ်ကြီး ခန့်သော

---

☞ အတိုင်း ကောင်းမှုကုသိုလ်ရှင်တစ်စုတို့က ရှေးလက်ရာမပျက် ပြန်လည်ပြုပြင်ခဲ့သည်။ ထိုသို့ပြုပြင်ရာ၌ အတွင်းဌာပနာတိုက်တော်ထဲမှ လာဘမုနိရုပ်ပွားဆင်းတုတော်မြတ်တစ်ဆူကို ထူးခြားသပ္ပါယ်စွာ ဖူးတွေ့ခွင့်ရခဲ့ကြသည်။

ထိုလာဘမုနိရုပ်ပွားဆင်းတုတော်မြတ်သည် ကျန်စစ်မင်း၏ ကောင်းမှုတော်ဖြစ်ပြီး ဉာဏ်တော်မှာ နှစ်တောင်အမြင့်ရှိသည်။ ရုပ်ပွားတော်မြတ်ကို ရှေ့တည့်တည့်မှ ဖူးမြော်ပါက ဣန္ဒြေတော် တည်ကြည်ခံ့ညားသော မူဟန်ရှိပြီး ဘေးတိုက်ဝဲယာမှ ဖူးမြော်ပါက ပြုံးတော်မူဟန် ရှိပါသည်။ ရုပ်ပွားတော်၏မုဒြာမှာ ကောင်းချီးပေးဟန်နှင့် ဆုတောင်းပေးဟန်ဟူသော 'လာဘမုနိ ရတနသံယုတ္တဝရမုဒြာ' ဖြစ်သည်ဟု သိရပါသည်။

သန်းဝင်းရှိန်



www.burmeseclassic.com

www.burmeseclassic.com

အခါ ၎င်း၏ဇနီးဒေါ်အေးသည် ရွာသူအမျိုးသမီးများကို ဗိုင်းငင်၊ ရက်ကန်းရက်၊ အချက်အပြုတ် စသည့် အမျိုးသမီးတို့တတ်အပ်သော အတတ်ပညာများသင်ပေး၍ စည်းရုံးခဲ့သည်။ ထို့နောက် စေတီတော်ကြီး၏ အနီးအနားတွင် ထိုအမျိုးသမီးများနှင့်အတူ ဒေါ်အေးသည် လယ်ယာမြေများ လုပ်ကိုင်ခဲ့လေသည်။

ထိုအချိန်တွင် စေတီတော်ကြီးမှာ ယိုယွင်းပျက်စီးနေပြီဖြစ်ရာ ဒေါ်အေးခေါင်းဆောင်သော အမျိုးသမီးတစ်စုတို့က သာသနာ့အမွေခံကာ ထပ်မံပြုပြင်ခဲ့လေသည်။ ဒေါ်အေးတို့အဖွဲ့သည် သက္ကရာဇ် ၁၁၈၉-ခုနှစ်တွင် စေတီတော်ကြီးကို ထီးတော်တင်လှူခဲ့သည်။

ထို့နောက် ရွာအုပ်ကြီးကတော် ဒေါ်အေး၏မြေး ဦးလွန်းပြေသည် စေတီတော်အထက်ပိုင်းပျက်စီး၍ ချုံနွယ်ပိတ်ပေါင်းများ ပေါက်ရောက်နေသည်ကို ခုတ်ထွင်ရှင်းလင်း၍ စေတီတော်ကြီးကို ပြုပြင်ကာ ထီးတော်တင်လှူခဲ့သည်။ သက္ကရာဇ် ၁၂၄၅-ခုနှစ်သို့ ရောက်သောအခါ စေတီတော်ကြီး ပျက်စီးယိုယွင်းလာသဖြင့် ဦးလွန်းပြေ၏ညီ ဦးရွှေပြန်သည် သစ်ခုတ်သူဌေးများနှင့်တိုင်ပင်၍ စေတီတော်ကြီးကို ပြုပြင်ကာ ထီးတော်အသစ်တစ်ဖန် တင်လှူခဲ့ပြန်ပါသည်။ ထို့နောက် သက္ကရာဇ် ၁၂၇၅-ခုနှစ်တွင် ဦးရွှန်း၊ ဒေါ်နှင်းဇီတို့က လည်းကောင်း၊ ၁၃၀၁-ခုနှစ်တွင် ဖျာပုံအဆက်အနွယ် ညောင်တုန်းမြို့မှ ပွဲစားကိုမောင်တင်တလည်းကောင်း ပြုပြင်ခဲ့ကြပါသည်။

ထို့နောက် ဇမ္ဗူထိန်လင်းကျောင်းတိုက်မှ ဆရာတော်ကြီး ဦးပဏ္ဍိတသည် ဒကာ၊ ဒကာမများကို ဩဝါဒပေး၍ သက္ကရာဇ် ၁၃၂၀-ခုနှစ်တွင် စေတီတော်ကြီးအား ပြုပြင်၍ ဂန္ဓကုဋိတိုက်ကြီးကိုလည်း စေတီတော်ကြီး၏တောင်ဘက်တွင် တည်ဆောက်ပူဇော်ခဲ့ကြပါသည်။ ထို့နောက် ထိုကျောင်းတိုက်မှ နာယကဆရာတော်ကြီး ဘဒ္ဒန္တဥေယျ (မဟာသဒ္ဓမ္မဇောတိကဓဇ)သည် သက္ကရာဇ် ၁၃၄၂-ခုနှစ်မှစ၍ ဒကာ၊ ဒကာမများကို ဦးဆောင်၍ စေတီတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရင်း စေတီတော် ပရိဝုဏ်အတွင်း၌ သာသနိကအဆောက်အအုံများ ဆောက်လုပ်ခြင်း စသည်ဖြင့် စေတီတော်ကြီးကို သပ္ပါယ်ကြည်ညိုဖွယ်ဖြစ်အောင် ဆောင်ရွက်တော်မူခဲ့ပါသည်။



မဟာထူပါရုံစေတီတော်

ယခုအခါ မူလကျိုက်ဒေးကွမ်းခေါ် မဟာထူပါရုံစေတီတော်ကြီးသည် ဉာဏ်တော် ၆၄-တောင်အမြင့်ဆောင်၍ ရွှေရောင်တဝင်းဝင်းဖြင့် သာသနာ့အလင်းရောင် ကျက်သရေဆောင်လျက်ရှိပါသည်။ ဖျာပုံတင်နိုင်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

# ပင်းသာကျောင်း

မြန်မာ့သမိုင်း ကုန်းဘောင်ခေတ်နှင့် သီပေါမင်းပါတော်မူပြီးနောက်ပိုင်း မင်းညီမင်းသားများ၊ အရပ်သားများ နေထိုင်ခဲ့ကြသော ရှေးဟောင်းအဆောက်အဦ၊ အိမ်များအနက် ယခုအခါ အဆောက်အဦ ၂-ခု ရှေးမူမပျက် ကျန်ရှိနေသေးကြောင်း သိရပါသည်။ အဆောက်အဦတစ်ခုမှာ မုံရွာမြို့နယ်၊ မုံရွေးတွင်ရှိနေသည်။ ကျန်တစ်ခုမှာ ဘုန်းတော်ကြီးကျောင်းအဖြစ် မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်အတွင်း သာသနဇောတိကာရုံကျောင်း အနောက်ဘက်ကပ်လျက် 'ပင်းသာကျောင်း' အမည်ဖြင့် ကျန်ရှိနေပါသည်။

ထိုကျောင်းမှာ နှစ်ပေါင်း ၁၂၆-နှစ်ခန့်ရှိပြီး ကျောင်းတစ်ကျောင်းလုံး ရှေးလက်ရာ ကျွန်းသစ်များဖြင့် တည်ဆောက်ထားပါသည်။ ပင်းသာကျောင်းဟု အမည်တွင်ခြင်းမှာ ပင်းသာမြို့စား မောင်မောင်ပြောင်းက သူ၏အိမ်ကိုဖျက်ပြီး ကျောင်းအဖြစ် မူလကျောင်းထိုင်ဆရာတော် ဦးတေဇအား လှူဒါန်းခဲ့ခြင်းကြောင့်ဖြစ်သည်။

ပင်းသာကျောင်းသည် မူလက မန္တလေးတောင်ခြေ အနောက်ဘက်မြေနေရာတွင် တည်ရှိနေခဲ့သည်။ ထို့နောက် မြင်းပြိုင်ကွင်းပြုလုပ်လိုကြသော အစိုးရမင်းတို့က ထိုကျောင်းကို နှစ်သက်သောမြေနေရာအစားပေး၍ ပြောင်းရွှေ့ခိုင်းလေသည်။ ဆရာတော်ဦးတေဇက မန္တလေးမြို့တောင်ပြင် သိမ်နီကြီး (ယခုအာနန္ဒာဘုရားကြီး) အရှေ့တောင်ဘက် ယခုပင်းသာကျောင်းမြေနေရာကို ရွေးချယ်ခဲ့လေသည်။


ပင်းသာမင်းသား၏အိမ်ကို ပြုပြင်ဆောက်လုပ်ထားသော ကျောင်းဖြစ်သဖြင့် ရှေးအိမ်ရှေးကျောင်းများ ထုံးစံအတိုင်း အောက်ထပ်၌ လူမလွတ်တလွတ် အနိမ့်ဖြစ်သည်။ ကျောင်းတစ်ကျောင်းလုံး ကျွန်းသစ်များသာ ဖြစ်သည်။ လုံးပတ် ၂-ပေခွဲခန့်ရှိသော ကျွန်းတိုင်လုံး ၁၂၀-လုံးဖြင့် အခြေခံထားပြီး အမိုး၊ အကာ၊ အခင်းအားလုံး ကျွန်းသစ်များသာဖြစ်သည်။

ယခုအခါ ကျွန်းတိုင် ၈၅-လုံးသာကျန်ရှိပြီး အချို့မှာ အစားထိုးထားရသည်။ အမိုးမိုးထားသောသစ်များ ပျက်စီးသွားသဖြင့် သွပ်ချပ်များဖြင့် ပြန်လည်မိုးထားရသည်။ တံခါးများကို ၅ ပေ × ၄ ပေ × ၂ လက်မ ဖြက်ရှိသော ကျွန်းပျဉ်ချပ်ကြီးများဖြင့် ပြုလုပ်ထားသည်။ ယခုအချိန် တံခါး ၃-ပေါက် ကျန်ရှိသေးသည်။ လိုအပ်သောနေရာတိုင်းတွင် သံမှိုချက်များ၊ သစ်သားစို့များဖြင့် ရိုက်စွဲထားသည်။ သံမှိုများမှာ ယခုခေတ်သံမှိုမျိုးမဟုတ်ဘဲ ပန်းပဲပညာဖြင့် ပြုလုပ်ထားသော သံမှိုများသာဖြစ်သည်။ သစ်သားတန်းများအားလုံး ထုပ်စွပ်လျောက်စွပ်များ ဖြစ်သည်။ လှေကားထစ်များမှာ ၄ ပေ × ၁ ပေ × ၃ လက်မ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးကျောင်းတိုက်အတွင်းရှိ ပင်းသာကျောင်း (နှစ်ပေါင်း ၁၂၆-နှစ်ရှိသည်။)

ဖြက်ရှိသော ကျွန်းပျဉ်ချပ်ကြီးများဖြင့် ပြုလုပ်ထားသည်။ ယခုထက်တိုင် လှေကားထစ်များကို မြင်တွေ့နိုင်ပါသည်။

ပင်းသာမြို့စား မောင်မောင်ပြောင်းသည် ရနောင်မောင်မောင်တုတ်၏ညီဖြစ်သဖြင့် ရနောင်မောင်မောင်တုတ်က သူညီ၏ကျောင်းတွင် ရှေးကြေးဆင်းတုတစ်ဆူ လှူဒါန်းထားရှိခဲ့ရာ ယခုတိုင် ဖူးမြင်နိုင်ပါသည်။

ပင်းသာကျောင်းပုံ (အပေါ်စီးမှ မြင်တွေ့ပုံ)ကို ပန်းရိုးမသမဝါယမအသင်း မန္တလေးမှ တမ္ပဝတီဦးဝင်းမောင်၏ အနုပညာလက်ရာဖြင့် ၁၉၉၆-ခု ပြက္ခဒိန်မျက်နှာဖုံးအဖြစ် ဖော်ပြခဲ့ပါသည်။

ရှေးဟောင်းအဆောက်အဦ အနုပညာလက်ရာများ လေ့လာလိုသူများအနေဖြင့် သွားရောက် လေ့လာနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ကိုကြီးဆွေ




## မြတ်မင်္ဂလာ စာရှုသူများအတွက်

မြတ်မင်္ဂလာစာစောင်ကို နယ်မှဖတ်ရှုလိုသူများသည် မိမိတို့စာစောင်ကိုယ်စားလှယ်များထံ မှာကြားဝယ်ယူနိုင်ပါသည်။

ရန်ကုန်မြို့တွင် အိမ်တိုင်ရာရောက်စနစ်ဖြင့် ဖတ်ရှုလိုပါက **Novel Light Express** ဖုန်း – ၀၉၅၀၀၀၈၅၀ နှင့် ၀၁ – ၈၆၁၉၄၂၂၊ ၀၁–၈၆၁၉၄၁၁ သို့ မှာကြားနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

# တစ်မူထူးခြားသော အလှူ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျွန်းကြီးရွာနေ ဦးဘိုးသာ+ဒေါ်ကျင်ငြိမ်းတို့ ဇနီးမောင်နှံသည် ထူးခြားသော အလှူဒါနတစ်ခုကို ပြုလုပ်ခဲ့ကြသည်။ ထိုအလှူဒါနမှာ ရဟန်းတော် ၆-ပါးတို့အား ငွေကျပ် ၅၄-သိန်းလှူဒါန်း၍ အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာသို့ ၁၅-ရက်ခရီး ဘုရားဖူးပို့ဆောင်ခြင်း ဖြစ်သည်။

ဘုရားဖူးလိုက်ပါကြသော ရဟန်းတော်များမှာ လှိုင်သာယာမြို့၊ သာယာကုန်းပရိယတ္တိစာသင်တိုက်မှ စာချဆရာတော်များဖြစ်ကြသော အရှင်ဉာဏဗလနှင့် အရှင်ဉာဏဝရ၊ ကျွန်းကြီးကျေးရွာကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးမေဓိယဝံသနှင့် ဦးဩဘာသ၊ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ နာယကဆရာတော် ဦးဓမ္မရာဇာ(ခရမ်းဝဇာတိ)နှင့် တွံတေးမြို့နယ်၊ ခရမ်းဝကျောင်းဆရာတော် ဦးဉာဏောဘာသတို့ ဖြစ်သည်။

ဘုရားဖူးခရီးစဉ်များမှာ သတ္တဌာနခုနစ်ဌာနနှင့် ဥရုဝေလတော၊ နို့ဆွမ်းကပ်လှူရာ သုဇာတာကုန်း၊ မြက်ရှစ်ဆုပ်လှူရာဌာန၊ ဘုရားလောင်း ရွှေခွက်မျှောရာနေရာ၊ ရှင်သာရိပုတ္တရာ ဖွားတော်မူရာနှင့် ပရိနိဗ္ဗာန်ပြုတော်မူရာနေရာ၊ ဝေဘာရတောင်နှင့် နာလန္ဒာတက္ကသိုလ်သို့ သွားရောက်ဖူးမြော်ကြပါသည်။ ထို့ပြင် ပတ္တနားမြို့ အာသောကာရုံကျောင်း၊ ဝေသာလီမြို့နှင့် တတိယသံဂါယနာတင်ရာ ကူဋာဂါရကျောင်းသို့ ရောက်ရှိကြပါသည်။ ဝေသာလီမြို့ရောက်ခိုက်တွင် ဘုရားဖူးရဟန်းတော်များနှင့် ဒကာ၊ ဒကာမများ အဖွဲ့လိုက် ရတနသုတ်ကို ရွတ်ဆိုပူဇော်ကြသည်။

ထိုမှတစ်ဖန် ဘုရားရှင်၏ သပိတ်တော်ကို ဌာပနာ၍ တည်ထားသော ကေစရိယစေတီတော်၊ ကုသိနာရုံရှိ မဟာပရိနိဗ္ဗာနစေတီနှင့် ရုပ်ပွားတော်၊ ဘုရားရှင် တေဇောဓာတ်လောင်ရာ အင်္ဂါရစေတီနှင့် မီးပူဇော်ရာ မကုဋဗန္ဓဏစေတီ၊ ဒေါဏပုဏ္ဏားဓာတ်တော်ဝေရာဌာနရာပမစေတီတို့ကို ဖူးမြော်ကြပါသည်။

ထို့နောက် နီပေါနိုင်ငံသို့ သွားရောက်၍ ဘုရားရှင်ဖွားတော်မူရာ လုမ္ဗိနီဥယျာဉ်၊ ထိုလုမ္ဗိနီဥယျာဉ်နယ်မြေ၌ ဂျပန်နိုင်ငံမှတည်ထားဆောက်လုပ်သော ငြိမ်းချမ်းရေးစေတီနှင့် ငြိမ်းချမ်းရေးခေါင်းလောင်း၊ ငြိမ်းချမ်းရေးမီးရှူးတိုင်၊ ငြိမ်းချမ်းရေးတူးမြောင်းတို့ကို ဖူးမြော်လေ့လာကြပါသည်။

ထိုမှဆက်လက်၍ ကပိလဝတ်နေပြည်တော်နှင့် နိဂြောဓာရုံကျောင်း၊ သာဝတ္ထိပြည်ဇေတဝန်ကျောင်း၊ ဘုရားရှင်တန်ခိုးပြရာ သရက်ဖြူကုန်း၊ သက်သနဂိုမြို့၊ နယူးဒေလီမြို့၊ ဗာရာဏသီမြို့သို့ ရောက်ရှိကြပါသည်။ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းရောက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



(ဝဲမှယာ) အလှူ့ဒါယိကာမ ဒေါ်ကျင်ငြိမ်း၊ ဦးဉာဏဗလ၊ ဦးဉာဏောဘာသ၊
ဦးမေဓိယဝံသ၊ ဦးဓမ္မရာဇာ၊ ဦးသြဘာသ၊ ဦးဉာဏဝရ၊ အလှူ့ဒါယကာ ဦးဘိုးသာ

တွင် အဖွဲ့လိုက် မင်္ဂလသုတ်ကို ရွတ်ဆိုပူဇော်ကြပါသည်။ အိန္ဒိယနိုင်ငံ၊ သံဝေဇနိယလေးဌာနနှင့် အဝိဇဟိတလေးဌာနတို့တွင်ရှိသော ဖူးမြော်စရာ၊ လေ့လာစရာများကို ၁၃-ရက်ကြာ ဖူးမြော်လေ့လာပြီးနောက် ဂယာမြို့သို့ ပြန်လည်ရောက်ရှိကြပါသည်။

ဦးဘိုးသာ+ဒေါ်ကျင်ငြိမ်းတို့သည် ဂယာမြို့သို့ရောက်ခိုက် အိန္ဒိယနိုင်ငံရှိ ဘုန်းတော်ကြီးကျောင်း ၁၂-ကျောင်းကို တစ်ကျောင်းလျှင် ငွေကျပ် ၁-သိန်းစီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခဲ့ကြပါသည်။ ထိုကျောင်း ၁၂-ကျောင်းမှာ ဂယာမြို့ရှိ မြန်မာကျောင်း၊ ဗိဟာပြည်နယ် တရုတ်ဗုဒ္ဓဘာသာကျောင်း၊ နာလန္ဒာတက္ကသိုလ်ကျောင်း၊ နယူးနာလန္ဒာကျောင်း၊ ပတ္တနားမြို့ ပါငှလိပုတ်မြန်မာကျောင်း၊ ဝေသာလီမြို့ ကူရှုဂါရကျောင်း၊ ကုသိန္နာရုံမြန်မာကျောင်း၊ ဆိုနောလီကျောင်း၊ သာဝတ္ထိမြန်မာဇေတဝန်ကျောင်း၊ သက်သဿနဂို မာတုဥပကာရကျောင်း၊ ဗာရာဏသီမြို့ မြန်မာကျောင်းနှင့် ဆေးဝက်ဘာ မြန်မာကျောင်းတို့ဖြစ်သည်။

သူတို့ဇနီးမောင်နှံသည် ရဟန်းတော် ၆-ပါး ဘုရားဖူးရန် လှူဒါန်းငွေနှင့် ဘုန်းကြီးကျောင်း ၁၂-ကျောင်းအား လှူဒါန်းငွေ၊ ထို့ပြင် သူတို့ဇနီးမောင်နှံ အပါအဝင် အခြားဘုရားဖူး လူပုဂ္ဂိုလ်များပါ လှူဒါန်းကုန်ကျငွေ စုစုပေါင်း ငွေကျပ်သိန်း ၁၀၀-ကျော် ဖြစ်ပါသည်။ ၁၉-၂-၂၀၁၄-မှ ၅-၃-၂၀၁၄-နေ့အထိ ၁၅-ရက်ခရီးဖြစ်ပြီး ရွှေတော်ဝင်ဘုရားဖူးပို့ဆောင်ရေးဖြင့် လိုက်ပါခဲ့ကြပါသည်။

ကျွန်းကြီးရွှေမိုး



www.burmeseclassic.com

www.burmeseclassic.com

# ငါးခုန်ရွာမှ အသက်ရာကျော်အဘွား



အဘွား ဒေါ်ပေါမယ် (အသက် ၁၀၃-နှစ်)

စာရေးသူသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ ငါးခုန်ရွာသို့ရောက်ခိုက် အသက်ရာကျော်အဘွားတစ်ဦးကို တွေ့ဆုံကန်တော့ခွင့် ရခဲ့ပါသည်။

အဘွား၏အမည်မှာ ဒေါ်ပေါမယ်ဖြစ်သည်။ အဘွားအိမ်သို့ စာရေးသူရောက်သောအခါ အဘွားသည် ထန်းလက်မိုး၊ ဝါးထရံကာ တဲအိမ်အိုလေးအောက်၌ အခန်းမရှိ အကာအကွယ်မဲ့ဖြင့် ထိုင်နေသည်ကို တွေ့ရသည်။

အဘွားသည် ၁၂၇၂-ခုနှစ်ဖွားဖြစ်၍ အသက် ၁၀၃-နှစ် ရှိနေလေပြီ။ အဘွားသည် နား၊ မျက်စိ ကောင်းသေးသည်။ သတိလည်း ကောင်းဆဲဖြစ်သည်။ တောင်ဝှေးမကူ လူမတွဲဘဲ သွားလာနိုင်ဆဲဖြစ်သည်။ အဘွား၏ခင်ပွန်း ဦးအုံးဖေမှာ ဆုံးသွားရှာပြီ။ အဘွားတွင် ကိုမောင်ကို၊ ကိုမောင်ချို၊ ကိုဘိုရီ၊ မသန်းစိန်၊ ကိုသန်းအောင်၊ ကိုသန်းမောင်ဟူ၍ သားသမီး ခြောက်ယောက်ရှိသည်။

ယခုအခါ ကိုသန်းမောင်မှအပ ကျန်သားသမီးများမှာ အိမ်ထောင်ကိုယ်စီကျ၍ ကိုယ့်အိုးကိုယ့်အိမ်နှင့် နေထိုင်ကြသည်။ အိမ်ထောင်မရှိသော ကိုသန်းမောင်က မိခင်အိုကြီးကို အနီးကပ်ပြုစုစောင့်ရှောက် လုပ်ကျွေးလျက်ရှိသည်။ အငယ်ဆုံးသား ကိုသန်းမောင်သည်ပင် ယခု အသက် ၅၀-ကျော်ပြီဖြစ်သည်။ ကိုသန်းမောင်သည် လွန်ခဲ့သောနှစ်က မျက်စိကုသမှု ခံယူခဲ့ရသေး၏။ ထိုစဉ်က ကိုသန်းမောင်မှာ ထမင်းမချက်နိုင်သဖြင့် မိခင်အိုကြီးကိုယ်တိုင် သားဖြစ်သူကို ချက်ပြုတ်ကျွေးမွေးရသည်။

အဘွားက "ကျုပ်ငယ်ငယ်တုန်းက ငါးခုန်နဲ့ ရွှေဘို မိုင် ၁၀၀-ကျော်ခရီးကို ခြေကျင်သွားပြီး ကောက်စိုက်ဖူးတယ်။ တစ်မူးတစ်ပဲခေတ်ကပေါ့။ ငွေကုန်မှာစိုးလို့ ခြေကျင်လျှောက်တာ။ အခုလူတွေ ဟိုနားဒီနား သွားတာတောင် ဆိုင်ကယ်နဲ့ သွားနေကြတယ်။ တို့လိုသာ သွားမယ်ဆိုရင် သေသွားမလားတောင် မသိဘူး" ဟု ပြောပြသည်။

စေတနာလှိုင် (ဆေးစကြို)



www.burmeseclassic.com

www.burmeseclassic.com

# စတုဒိသာ အာဟာရအလှူရှင်

ဦးစိုးမောင်နှင့် ဒေါ်ဝင်းတင်တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာသိင်္ဂီဈေးအနီးရှိ မိုးဆမ်းပန်းရွှေပန်းထိမ်ဆိုင်ပိုင်ရှင်များ ဖြစ်ကြသည်။ သူတို့၏ဇာတိသည် တိုက်ကြီးမြို့နယ်၊ အဖျောက်နယ်မြေ၊ ပန်းတုန်းပိတ်ကျေးရွာနှင့် မိုးကုလားကျေးရွာတို့ ဖြစ်သည်။ သူတို့သည် စိတ်ကောင်းရှိပြီး ရိုးသားကြိုးစား နိုးကြားကြသူများဖြစ်သည်။ ဘဝအခက်အခဲများစွာကို ကျော်ဖြတ်ပြီး ယခုလက်ရှိဘဝသို့ ရောက်လာကြခြင်းဖြစ်သည်။

သူတို့သည် သာသနိကအဆောက်အဦနှင့် ဘာသာရေး၊ လူမှုရေးကိစ္စများစွာကို လှူဒါန်းကြသည်။ ထို့ပြင် စတုဒိသာကျွေးမွေးခြင်းကို ရက်ရောစွာ လှူဒါန်းကြသည်။ ဇာတိနယ်မြေတွင် နှစ်စဉ် အခါအားလျော်စွာ စတုဒိသာကျွေးမွေးလှူဒါန်းကြသည်။ ဇာတိကျေးရွာနေ ဆင်းရဲချို့တဲ့သူများကို မိုးတွင်းအခါ ရှားပါးချိန်၌ ဆန်များ ပေးလှူသည်။

သူတို့သည် ကျွေးမွေးပေးကမ်းလိုစိတ် သဒ္ဓါတရား အလွန်ထက်သန်ကြသည်။ သင်္ကြန်ပွဲတော်၊ သီတင်းကျွတ်ပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်တို့တွင် နှစ်စဉ် စတုဒိသာကျွေးသည်။ ဝေယျာဝစ္စဆောင်ရွက်ပေးမည့်သူများ လျှင်များသလို လှူဒါန်းပေးသည်။ အထူးအားဖြင့် ၁၃၇၃-ခုနှစ်၊ တန်ဆောင်တိုင်ပွဲတော်တွင် ☞




စတုဒိသာကျွေးမွေးပွဲတွင် အားပါးတရ စားသောက်နေသူများကို တွေ့ရစဉ်။



www.burmeseclassic.com

www.burmeseclassic.com



## လားရှိုးမြို့
# ကန်မိန်းပရိယတ္တိစာသင်တိုက်

သင်းသင်းပျံ့

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၌ ထင်ရှားသော ပရိယတ္တိစာသင်တိုက်ကြီးများတွင် ကန်မိန်းစာသင်တိုက်လည်း ပါဝင်ပါသည်။

ဤကန်မိန်းကျောင်းတိုက်ကို ၁၂၆၇-ခုနှစ်တွင် ဟိုတုန်၊ သိန္နီဆရာတော်ကြီးက တည်ထောင်တော်မူခဲ့ပါသည်။ ဘုံငါးဆင့်ကျောင်းတော်ကြီး တည်ရှိခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ချိန်တွင် ကျောင်းမီးလောင်သွားသည်။ ၁၂၆၈-ခုနှစ်တွင် စေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့သည်။ ၁၃၀၆-ခုနှစ်တွင် သက်ငယ်၊ ဝါးတို့ဖြင့် ကျောင်းဆောင်ကို ပြန်လည်တည်ဆောက်ခဲ့သည်။ ၁၃၁၅-ခုနှစ်တွင် သွပ်မိုး၊ ပျဉ်ကာ



ယခုလက်ရှိဆရာတော် ဘဒ္ဒန္တမုနိန္ဒ (အဂ္ဂမဟာပဏ္ဍိတ)

☞ ရတနာသိင်္ဂီဈေးပတ်လမ်း၌ မုန့်ဟင်းခါးပိသာချိန် ၇၀၀-ကျွေးမွေးခဲ့သည်။ ၁၃၇၅-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄-ရက်နေ့၌ ရတနာသိင်္ဂီဈေးပတ်လမ်းတွင် မွန်းလွဲ ၂-နာရီမှ ည ၉-နာရီအထိ မုန့်ဟင်းခါးပိသာချိန် ၁၁၀၀-ကျွေးမွေးခဲ့သည်။ အကြော်မုန့်များကို နေရာစုံမှ ကြိုတင်မှာယူထားရသည်။ ဇာတိနယ်ကနယ်သူနယ်သား ၂၀-ကျော်နှင့် ရပ်ကွက်ထဲမှလူ ၃၀-ကျော်တို့က ဝေယျာဝစ္စ ဆောင်ရွက်ပေးကြသည်။ သူတို့ပန်းထိမ်ဆိုင်က ဝန်ထမ်းများလည်း ပါဝင်ဆောင်ရွက်ပေးကြသည်။ ကျွေးမွေးမှုကိစ္စများ ပြီးသောအခါ ဝေယျာဝစ္စဆောင်ရွက်ပေးသူများကို ဝတ်စုံများလှူဒါန်းခြင်း၊ ရပ်ဝေးရပ်နီး ဘုရားစုံအဖူးပို့ပေးခြင်းများ ပြုလုပ်သည်။

သူတို့ဇနီးမောင်နှံသည် တောနယ်သားများပီပီ ပကာသနမပါ ရက်ရောစွာလှူဒါန်းကြသူများ ဖြစ်ပါသည်။ စောလှတော်



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆောင်ဖြင့် ပြန်လည်တည်ဆောက်ခဲ့သည်။ ၁၃၄၆-ခုနှစ်တွင် ကျောင်းဆောင်များကို ပြန်လည်မွမ်းမံခဲ့သည်။ ၁၃၇၂-ခုနှစ်တွင် R.C ၂-ထပ်ကျောင်းတော်ကြီးဖြင့် တင့်တယ်လှပေသည်။

ကျောင်းတိုက်တည်စမှာ စာသင်သံဃာနည်းသော်လည်း ယခုမူ စာသင်သံဃာ ၂၂၀-ပါး အထိ တိုးတက်လာသည်။ ကျောင်းတိုက်သက်တမ်းမှာ နှစ်ပေါင်း ၁၀၀-ကျော်ရှိပြီဖြစ်သည်။

### အစဉ်အဆက် အုပ်ချုပ်ခဲ့သော ဆရာတော်ကြီးများ

ကန်မိန်းကျောင်းတိုက်တည် သိန္နီဆရာတော်ကြီးမှစ၍ ခါးရိုးဆရာတော်၊ ဘဒ္ဒန္တကောလိယ ဆရာတော်ကြီးများ လွန်တော်မူသောအခါ တပည့်ရင်းဖြစ်သော ယခုလက်ရှိဆရာတော် ဘဒ္ဒန္တမုနိန္ဒကို လွှဲအပ်တော်မူပြီးနောက် စာသင်တိုက်အဖြစ် ထင်ရှားလာခဲ့သည်။

ကန်မိန်းဆရာတော်လောင်းလျာ အရှင်မုနိန္ဒသည် လားရှိုးမြို့နယ်၊ ဟတ်ကာရွာနေ ခမည်းတော် ပူလွယ်စိန်စံ၊ မယ်တော်အောက်လွယ်ဆွယ်ဝင်းတို့က ၁၂၉၃-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁-ရက်တွင် ဖွားမြင်တော်မူသည်။

အသက် ၁၄-နှစ်တွင် မိဘနှစ်ပါးက ကန်မိန်းကျောင်းဆရာတော် ဘဒ္ဒန္တကောလိယထံတွင် ပညာသင်ကြားရန် အပ်နှံခဲ့သည်။ ၁၃၀၇-ခုနှစ်တွင် ဘဒ္ဒန္တကောလိယဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။



ကန်မိန်းပရိယတ္တိစာသင်တိုက်ရှိ စာချစာသင် ရဟန်းတော်များနှင့် ရှင်သာမဏေများ


www.burmeseclassic.com

www.burmeseclassic.com

၁၃၁၃-ခုနှစ်တွင် ဘဒ္ဒန္တကောလိယကိုပင် ဥပဇ္ဈာယ်ပြု၍ နယ်ပိုင်ကြီး ဦးပညာ၊ အောက်လွယ်မုံစိန်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ကန်မိန်းဆရာတော် ဘဒ္ဒန္တကောလိယ (သိန္နီဂိုဏ်းချုပ်ဆရာတော်)၊ မြို့လယ်ကျောင်းဆရာတော် ဘဒ္ဒန္တအာလောက (အဂ္ဂမဟာပဏ္ဍိတ) တို့ထံတွင် ပိဋကတ်စာပေများကို သင်ယူခဲ့သည်။

ထို့ပြင် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံ စည်ရှင်ကျောင်း ဗာရာဏသီဆရာတော် ဘဒ္ဒန္တအာနန္ဒာပဏ္ဍိတ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ဆရာတော် ဦးဝိသုဒ္ဓ၊ စာချဆရာတော် ဦးဝိဇယာနန္ဒ၊ ရန်ကုန်မြို့၊ ဗဟန်း၊ ဓမ္မသုခတိုက်၊ ပိဋကတ်ကျောင်းဆရာတော် ဘဒ္ဒန္တသြဘာသ၊ စာချဆရာတော် ဘဒ္ဒန္တ ကုသလစသော စာချဆရာတော်များထံတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို ကျမ်းကြီးပေါက်တတ်မြောက်အောင် သင်ယူတော်မူခဲ့သည်။

၁၃၂၀-ပြည့်နှစ်မှစ၍ ယနေ့တိုင် လားရှိုးမြို့၊ ကန်မိန်းကျောင်းတိုက်၌ ကျောင်းတိုက်၏ ဦးစီးပဓာနနာယကအဖြစ် တာဝန်ယူ၍ စာသင်သားရှင်ရဟန်းတို့အား စာပေကျမ်းဂန်များ ပို့ချလျက်ရှိသည်။ နှစ်စဉ် သံဃာအပါး ၂၀၀-ကျော် ပညာရည်နို့ သောက်စို့လျက်ရှိသည်။ ပရိယတ္တိပါဠိပထမပြန်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုနိုင်ရန် အမြဲမပြတ် အနီးကပ်ညွှန်ကြားဆုံးမတော်မူလျက်ရှိသည်။

ထို့ကြောင့် ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၅-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော် ဘဒ္ဒန္တမုနိန္ဒသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၌လည်း နိုင်ငံတော်သြဝါဒါစရိယ၊ သံဃဝိနိစ္ဆယ၊ ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိ သဒ္ဓမ္မပါလသံဃာတော်များအဖွဲ့ မဟာနာယကအဖြစ် ထမ်းဆောင်လျက်ရှိသည်။ တပည့်စာသင်သားသံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမတို့အား အမြဲတမ်း သြဝါဒစကားပြောကြားခြင်းစသော သာသနာတော်ဆိုင်ရာကိစ္စများကို စိတ်အားထက်သန်စွာ ဆောင်ရွက်လျက် ရှိသည်။

ကန်မိန်းကျောင်းတိုက်၏ တိုက်အုပ်ဆရာတော်မှာ ဘဒ္ဒန္တကောလိယ (စာချဆရာတော်) ဖြစ်သည်။ မြို့နယ်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်နှင့် လားရှိုးမြို့ သာသနာတော်သန့်ရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ စသည့်တာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိသည်။

ကန်မိန်းကျောင်း စာချဆရာတော် ဘဒ္ဒန္တမိလိန္ဒသည် မြို့နယ်သံဃနာယကအဖွဲ့တွင် သာသနာတော်ဆိုင်ရာကိစ္စများကို ဆောင်ရွက်တော်မူလျက် ရှိသည်။

**အောင်မြင်မှုများ**

ကန်မိန်းကျောင်းတိုက်မှ အရှင်မိလိန္ဒသည် ၁၃၇၂-ခုနှစ်တွင် ပင်လုံမြို့၊ ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိ သဒ္ဓမ္မပါလစာမေးပွဲ၌ ဓမ္မာစရိယတန်းကို အောင်မြင်ခဲ့သည်။ ၁၃၇၄-ခုနှစ်တွင် အစိုးရဓမ္မာစရိယဘွဲ့ကို ရရှိအောင်မြင်ခဲ့သည်။

အရှင်သုခမိန္ဒသည် ၁၃၇၄-ခုနှစ်၌ ဓမ္မာစရိယတန်း သုံးကျမ်းရှိရာတွင် ဓမ္မသင်္ဂဏီကျမ်း (တစ်ကျမ်း)ကို အောင်မြင်တော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤကျောင်းတိုက်မှ ပထမကြီးတန်းအောင်မြင်သူများမှာ အရှင်ကောလိယ၊ အရှင်ဇိနေဘာသ၊ အရှင်သူရိန္ဒ၊ အရှင်ဝရသာမိ၊ အရှင်သစ္စာနန္ဒ၊ အရှင်ကိတ္တိစာရ၊ အရှင်ကဝိန္ဒတို့ ဖြစ်ကြသည်။

အရှင်သူရိယမှာ သာသနတက္ကသိုလ ဓမ္မာစရိယ (B.A, M.A) ဘွဲ့ကို ရရှိအောင်မြင်တော်မူသည်။

ကန်မိန်းစာသင်တိုက်တွင် ရွာ ၇-ရွာမှ သာမဏေများရှိသည်။ ထိုသာမဏေများမှာ မြန်မာ၊ ရှမ်း၊ ကိုးကန့်၊ ပလောင်၊ ဝ လူမျိုးစုံ ပါဝင်သည်။ လားရှိုးမြို့ရှိ ကျောင်းတိုက်ပေါင်း ၆၅-ကျောင်းတို့မှာ ရှမ်းမူလတန်း၊ ပထမတန်းမှစ၍ အစိုးရပထမပြန်နှင့် ဓမ္မာစရိယတန်းတို့အထိ ဤကျောင်းတိုက်တွင်ပင် လာရောက်ဖြေဆိုကြရပါသည်။

**ကန်မိန်းကျောင်းတိုက်၏စည်းကမ်း**

(၁) သာသနာတော်နှင့် ကျောင်းတိုက်၏ စည်းကမ်းချက်များကို လိုက်နာကျင့်သုံးသော ပုဂ္ဂိုလ်ဖြစ်ရခြင်း၊

(၂) ရုပ်ရည်အင်္ဂါလက္ခဏာနှင့် ပြည့်စုံသောပုဂ္ဂိုလ်ဖြစ်ရခြင်း၊

(၃) ကျောင်းတိုက်ထေရ်ကြီးများနှင့် စာချဆရာတော်များ ချမှတ်သော စည်းမျဉ်းအတိုင်း နေထိုင်ရခြင်း၊

(၄) ဒါယကာ၊ ဒါယိကာမများ၏ ကြည်ညိုဖွယ်မရှိသောလုပ်ရပ်များကို လုံးဝ မပြုရခြင်း၊

(၅) ရပ်ကွက်တွင်း၊ ရွာအတွင်းသို့ ကိစ္စရှိလျှင် ကျောင်းတိုက်ထေရ်ကြီးများ၊ စာချဆရာတော်များထံ ခွင့်ပန်လျှောက်ထား၍ ကြည်ညိုဖွယ်ဆောင်လျက် သွားရခြင်း၊

(၆) ချမှတ်ထားသော ကျောင်းတိုက်၏ ဘုရားဝတ်တက်၊ စာဝါ၊ ဝေယျာဝစ္စသော လုပ်ငန်းများကို မပျက်မကွက် လိုက်နာကျင့်သုံးသွားရခြင်း၊

(၇) နာယကဆရာတော်ဘုရားနှင့် တိုက်အုပ်ဆရာတော်တို့ ချမှတ်ထားသော လုပ်ငန်းစဉ်များကို စာချရဟန်းသံဃာတော်တို့က ဦးစီးဦးဆောင်၍ ဆောင်ရွက်တော်မူခြင်း၊

(၈) ကျောင်းတွင်းဝေယျာဝစ္စသော လုပ်ငန်းများကို စာချစာသင် သံဃာတော်များအားလုံး ဝိုင်းဝန်းကူညီ ဆောင်ရွက်တော်မူခြင်း၊

(၉) နံနက် ၄-နာရီ အိပ်ရာမှထ၍ မျက်နှာသစ်ခြင်း၊ ဘုရားရှိခိုးခြင်း၊ ဆွမ်းတော်ကပ်ခြင်း၊ ည ၁၀-နာရီ အိပ်စက်အနားယူခြင်း၊

(၁၀) တစ်ပါးနှင့်တစ်ပါး ပစ္စည်းဥစ္စာ ခိုးယူခြင်း၊ လက်လွန်ခြေလွန် ပြုလုပ်ခြင်းစသော လုပ်ရပ်များကို ပြုလုပ်မိလျှင် ဤကျောင်းတိုက်မှ ချက်ချင်းထွက်ခွာသွားရခြင်း၊

(၁၁) မိမိ၏ အတ္တဟိတလုပ်ငန်းများကို ကျောင်းတိုက်အမည်ဖြင့် ခုတုံးလုပ်၍ လုံးဝ(လုံးဝ) မပြုလုပ်ရခြင်း၊

(၁၂) ကျောင်းတိုက်အတွင်း လူမျိုးခွဲခြား၍ နေထိုင်ခြင်းမပြုလုပ်ဘဲ မိချင်းဖချင်းလို ဆက်ဆံပေါင်းသင်းကာ အေးချမ်းစွာဖြင့် အတူနေထိုင်ရခြင်း၊

(၁၃) ကျောင်းတိုက်အများပိုင် သံဃာ့ပစ္စည်း၊ သံဃာ့ဥစ္စာများကို မိမိ၏ပစ္စည်းဥစ္စာလို သဘောထား၍ ကောင်းမွန်ရှိသေစွာ ကိုင်ဆောင်ထိန်းသိမ်းရခြင်း၊

(၁၄) သောတုဇန စာသင်သားသံဃာများတို့


www.burmeseclassic.com

www.burmeseclassic.com

သည် MP-3, MP-4 တီဗွီဂိမ်းများနှင့် တယ်လီဖုန်း၊ ကက်ဆက်စသော ပစ္စည်းများကို လုံး၀(လုံး၀) မကိုင်ဆောင်ရခြင်းဟူသော စည်းကမ်းချက်များ သတ်မှတ်ထားပါသည်။

**ကန်မိန်းကျောင်းတိုက်၏ နေ့စဉ်လုပ်ငန်း**

နံနက် ၄-နာရီတွင် အိပ်ရာမှထ၍ ဂုဏ်တော်ပွား၊ ဘုရားဝတ်တက်ကြရသည်။ နံနက် ၅-နာရီခွဲတွင် အရုဏ်ဆွမ်းဘုဉ်းပေးရသည်။ ထို့နောက် ကျောင်းတွင်းသန့်ရှင်းမှု ပြုလုပ်ရသည်။ နေ့ဆွမ်းခံထွက်ရသည်။

၉-နာရီခွဲတွင် စာဝါတက်ပြီးနောက် ဘုရားရှိခိုး၊ ဆွမ်းတော်ကပ် အမျှဝေ၍ ၁၁-နာရီတွင် နေ့ဆွမ်းဘုဉ်းပေးရသည်။ နေ့လယ် ၁-နာရီမှ ညနေ ၃-နာရီအထိ စာဝါတက်ရသည်။ ညနေ ၄-နာရီမှ ၅-နာရီအထိ ဝေယျာဝစ္စနှင့် ရေချိုးခြင်း ပြုလုပ်ရသည်။ ည ၆-နာရီတွင် ဘုရားဝတ်တက်ခြင်း၊ မေတ္တာပွားခြင်း ပြုလုပ်ရသည်။ ည ၇-နာရီမှ ၉း၃၀-အထိ ညဝါဆိုခြင်း၊ စာအံကျောင်းတက်ခြင်း ပြုလုပ်ရသည်။ ည ၁၀-နာရီတွင် အိပ်စက်အနားယူကြရသည်။ ၁-ရက်၊ ၂၄-နာရီတွင် ၁၈-နာရီ အလုပ်လုပ်ကြရပါသည်။

**ကန်မိန်းဆရာတော်ကြီး၏ ဩဝါဒ**

"ပိဋကတ်တရားတော်များကို လေးလေးစားစား သင်ယူကြပါ။ သင်ယူပြီး လေးလေးစားစား နှုတ်တက်ရအောင် ဆောင်ထားကြပါ။ သင်အပ်ပြီးသော ပိဋကတ်တရားတော်များကို သူတစ်ပါးအား အကျယ်ဟောပါ။ အကျယ်ပြောပြ၍ ပို့ချပါ။ စာချနိုင်သော ပုဂ္ဂိုလ်တို့က စာချပေးကြပါ။ ဒါမှ ဗုဒ္ဓဘာသာ သာသနာတော်ကြီး ထွန်းလင်းတောက်ပနေမှာပါ" ဟူ၍ မိန့်ကြားတော်မူသည်။

၉-၄-၂၀၁၄-နေ့က စာရေးသူသည် လားရှိုးမြို့သို့ရောက်ခိုက် ကန်မိန်းစာသင်တိုက်၏ ပရိယတ္တိ စာချစာသင် သာသနာပြုလုပ်ငန်းများကို လက်လှမ်းမီသလောက် ရေးသားတင်ပြအပ်ပါသည်။

သင်းသင်းပုံ

**သာသနာပြုရဟန်းစစ် ဖြစ်စေလို**

- ရဟန်းဖြစ်ပြီး ပရိယတ္တိနှင့် ပဋိပတ္တိဆိုသည့် အလုပ်နှစ်မျိုးကို အားမထုတ်ဘဲ အခြားကိစ္စများနှင့်သာ အချိန်ကုန်နေသော ရဟန်းမျိုး၊
- ရပ်ရေး၊ ရွာရေး၊ လူများ၏ သားရေး၊ သမီးရေးကိစ္စတွေနှင့် ရောယှက်နေထိုင် ဆက်ဆံနေသော ရဟန်းမျိုး၊
- သီလ၊ သမာဓိ၊ ပညာနှင့် မနေသော ရဟန်းမျိုး၊
- ထိုရဟန်းမျိုးတို့သည် သာသနာပြုမဟုတ်၊ သာသနာဖျက်ရဟန်းများသာ ဖြစ်သည်၊
- ထို့ကြောင့် သာသနာပြုရဟန်းစစ်ဖြစ်အောင် ကြိုးစားအားထုတ်ကြပါ၊

ကန်မိန်းဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



# ဆုတောင်းတိုင်းသာ ပြည့်မည်ဆိုလျှင်

**မောင်ရဲမင်းထက်**

ကျွန်တော်၏အမည်မှာ မောင်ရဲမင်းထက် (ခ)မောင်ရာဇာမင်းထက် ဖြစ်ပါသည်။ ဦးသန်းအေး+ဒေါ်အမာရီ(လယ်ပြ)တို့၏ ဒုတိယမြောက်သား ဖြစ်ပါသည်။ ကျွန်တော်သည် ဟသ်ာတခရိုင်၊ ဟသ်ာတမြို့နယ်၊ လက်ပံလှအုပ်စု၊ ခြောက်အိမ်တန်းရွာမှာ နေပါသည်။ အ-ထ-က(ခွဲ) ပဲကြီးကျွန်းရှိ ပဥ္စမတန်း ဆရာမဒေါ်နီလာ၏ အတန်းတွင် ပညာသင်ကြားနေသော ကျောင်းသားတစ်ဦး ဖြစ်ပါသည်။

ကျွန်တော်တို့ခြောက်အိမ်တန်းရွာမှ အ-ထ-က(ခွဲ) ပဲကြီးကျွန်းသို့ ကျောင်းတက်သွားရာလမ်းတွင် ရေနက်ပြီး ကျဉ်းသော တာတူးရိုးနှင့် ရေပြင်ကျယ်ပြီး ရေနက်သော သက်ာပူရိုးဟူသော ရိုးနှစ်ခု ရှိပါသည်။ မိုးကျစ မြစ်ရေကြီးသောအခါ ရေစီးအလွန်သန်ပါသည်။ ရေကြီးသော ဝါဆိုလမှ နတ်တော်-ပြာသိုလအထိ ပဲကြီးကျွန်းရွာရှိ အင်းမကြီးနှင့် ခြောက်အိမ်တန်းရွာနားရှိ မိချောင်းအိုင်အင်းတို့မှာ ရေပြင်ဆက်စပ်လျက် ရှိပါသည်။

ဇွန်လလယ်လောက်မှ အောက်တိုဘာလကုန်လောက်အထိ ရေရှိနေပါသည်။ ကျွန်တော်တို့ ကျောင်းတက်သောအခါ ထိုရိုးနှစ်ခုကို အသွားအပြန် ကူးရပါသည်။ လှေအဆင်မပြေသောအခါ၊ လှေမကြုံသောအခါများတွင် ကျွန်တော်တို့ကိုလိုက်ပို့သော အဖေက လွယ်အိတ်တွေကို ယူဆောင်၍ ရိုးတစ်ဖက်ကမ်းကို ကူးပို့သည်။ ထို့နောက် ပြန်လာပြီး ကျွန်တော့်ကို ပခုံးပေါ်ထမ်း၍ ရိုးကို ဖြတ်ကူးရပါသည်။



ဆုတောင်းပြည့်လိုသူ မောင်ရဲမင်းထက်

လူကြီးတစ်ရပ်ကျော်အထိ ကူးဖို့ရပါသည်။ လူကြီးအရပ်မမီသောအခါ လှေဖြင့် အသွားအပြန် စောင့်ခေါ်ရပါသည်။ ဖခင်၏မေတ္တာမှာ ကြီးမားလှကြောင်း ကျွန်တော် နားလည်ရပါသည်။

ယခုနှစ်တွင် ရွာမှကျောင်းတက်သော ၈-တန်းကျောင်းသားနှစ်ယောက်နှင့် ကျွန်တော်ပါ သုံးယောက်ဖြစ်ပါသည်။ လာမည့်နှစ်တွင် ပဥ္စမတန်းတက်မည့်ကျောင်းသားများလည်း ရှိပါသည်



www.burmeseclassic.com

www.burmeseclassic.com

ထိုရိုးနှစ်ခု၏ အခက်အခဲကြောင့် ကျောင်းသားများ၊ ဈေးသည်များ၊ သာမှုနာမှုသွား ခရီးသည်များသည် အခက်အခဲရှိနေသည်မှာ ဘိုးဘွားများလက်ထက်ကတည်းက ဖြစ်ပါသည်။ မြစ်ရေတက်လာသောအခါတွင် လူသားစားသော ငါးရွေ့များ ဝင်လာတတ်ပါသည်။ ယခုနှစ်တွင် ထိုရိုးများနှင့်တစ်ဆက်တည်းရှိသော ရေပြန်ရိုးတွင် အလေးချိန်ပိဿာ နှစ်ဆယ်ခန့်ရှိ ငါးရွေ့တစ်ကောင်ကို ရေလုပ်သားများ တွေ့ရှိကြပါသည်။ ကျွန်တော့်ကို အဖေကထမ်းပြီး ကူးစဉ်က ထိုငါးမျိုးနှင့်သာ တွေ့ကြုံလိုက်လျှင်ဟူသော အတွေးဝင်လာ၍ ကျွန်တော် ရင်တုန်မိပါသည်။

ပဲကြီးကျွန်းကျေးရွာ အပါအဝင် မြန်မာနိုင်ငံတွင်းရှိ မြန်မာတိုင်းရင်းသားအားလုံးတို့သည် စေတနာသဒ္ဓါတရား ထက်သန်ကြပါသည်။ အဝေးကိုကြည့်မိ၍ အနီးကိုမမြင်ခြင်းလည်း ဖြစ်နိုင်ပါသည်။ မြို့ကြီးပြကြီးများမှာ လှုံနေ၍ ကျေးရွာလေးများကို မေ့နေခြင်းလည်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် မြတ်မင်္ဂလာမှတစ်ဆင့် ဤစာကို တင်ပြရခြင်းဖြစ်ပါသည်။

သည်ရိုးနှစ်ရိုးကို သံ၊ အုတ်၊ ဘိလပ်မြေများဖြင့် အခိုင်အမာ တံတားဆောက်လှူမည့်သူ (သို့မဟုတ်) သစ်မာဖြင့် အခိုင်အမာ သစ်သားတံတားဆောက်လှူမည့်သူ စေတနာရှင်များ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများ အမြန်ဆုံး ပေါ်ပေါက်လာပါစေဟု ကျွန်တော် ဆုတောင်းနေမိပါသည်။

ဆုတောင်းတိုင်းသာ ပြည့်မည်ဆိုလျှင် ဆု ၂-ဆုပဲ တောင်းချင်ပါသည်။ ပထမဆုက ကျွန်တော်သည် စာတော်၍ ကျန်းမာပြီး နိုင်ငံတော်အကျိုး၊ သာသနာအကျိုး သယ်ပိုးနိုင်သော ပုဂ္ဂိုလ်ဖြစ်ရလိုပါ၏။ ဒုတိယဆုက 'တာတူးရိုး'၊ 'သင်္ကာပူရိုး' နှစ်ခုကို တံတားတည်ဆောက်ပေးမည့် အလှူရှင် ပေါ်လာပါစေဟု ဆုတောင်းချင်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက ကျွန်တော်သိသောသူများကို ဖော်ပြပါမည်။ (၁) ဦးသန်းစိုး (မြန်မာ့အသံချစ်သူများ အဖွဲ့ဝင်)၊ အနောက်ပိုင်းကြီး၊ ပဲကြီးကျွန်းရွာ၊ ဟင်္သာတမြို့နယ်။ (၂) ဦးစန်းလွင်၊ တိုက်နယ်စည်းရုံးရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပဲကြီးကျွန်းရွာ၊ ဟင်္သာတမြို့နယ်။ (၃) ဦးမင်းမင်း၊ အုပ်ချုပ်ရေးမှူး၊ ပညာရေးကော်မတီဥက္ကဋ္ဌ၊ ပဲကြီးကျွန်းရွာ၊ ဟင်္သာတမြို့နယ်။

မောင်ရဲမင်းထက်(ခ)ရာဇာမင်းထက်
ပဉ္စမတန်း၊ အ-ထ-က(ခွဲ) ပဲကြီးကျွန်း၊
ပဲကြီးကျွန်းရွာ။

* * *

**စိတ်ကောင်းရှိ**
**သီလမြဲ၊ ဝိပဿနာစွဲ**
**သံသရာဝဋ်မှ ကျွတ်မည်မလွဲ**

www.burmeseclassic.com

www.burmeseclassic.com



# ထူးခြားသော ကုသိုလ်ရှင်

နုနုရွှေ

စာရေးသူတို့၏ နေအိမ်အနီးတွင် လေသာ ကျောင်းတိုက် ဘုန်းတော်ကြီးကျောင်း ရှိပါသည်။ ထိုကျောင်းတိုက်ဝင်းသို့ ဝင်သော စောင်းတန်း၏ဘေးတွင် ဆုတောင်းပြည့်စေတီတော် တည်ရှိပါသည်။

စာရေးသူသည် ဆုတောင်းပြည့်စေတီတော်သို့ ဥပုသ်ရက်များနှင့် မွေးနေ့ဖြစ်သော စနေနေ့များတွင် ပန်း၊ ဆီမီး၊ ရေချမ်းများ သွားရောက်ကပ်လှူ ပူဇော်လေ့ရှိပါသည်။ ပန်း၊ ရေချမ်း ကပ်လှူ၍ ဆီမီးထွန်းပြီးလျှင် စေတီတော် ဝန်းကျင်၌ တံမြက်လှည်းကျင်း၍ ကုသိုလ်ယူပါသည်။

စနေနေ့တစ်ရက်တွင် စာရေးသူ ဘုရားသို့ သွားသည်။ ဘုရားသို့ရောက်သော် ရေစိုအဝတ်ဟောင်းတစ်ခုဖြင့် ဂန္ဓကုဋိတိုက်၏ ကြွေပြား အခင်းများကို တိုက်ချွတ်နေသော အမျိုးသမီး တစ်ဦးကို တွေ့ရသည်။

စာရေးသူက ပန်းများပွေ့ပိုက်ပြီး ဂန္ဓကုဋိတိုက်ထဲသို့ ဝင်သွားသောအခါ သူမတပင် စတင်၍ နှုတ်ဆက်ပါသည်။ "ဒီဂန္ဓကုဋိတိုက်ထဲ ဘုရားပန်းတွေ အမြဲလန်းဆန်းနေတာ အစ်မ လာပြီးကပ်လှူနေတာကိုး" ဟု ပြောပါသည်။ စာရေးသူတို့အိမ်နှင့် သူမတို့အိမ်မှာ တစ်ရပ်ကွက်တည်းတွင် ရှိသော်လည်း အနည်းငယ်အလှမ်းကွာသဖြင့် တစ်ဦးနှင့်တစ်ဦး ခင်မင်သိကျွမ်းခြင်း မရှိခဲ့ကြပေ။ ယခုမှ နှုတ်ဆက်ကြရင်း သူမအမည်မှာ သင်းသင်းဟု သိရပါသည်။

စာရေးသူကလည်း "ဒီဂန္ဓကုဋိတိုက်ထဲက ကြွေပြားအခင်းတွေ ပြောင်လက်ပြီး သန့်ရှင်းနေတာ ဘယ်သူများ လာလုပ်ထားသလဲလို့ တွေးနေတာ အခုမှ ကုသိုလ်ရှင်ကို တွေ့ရတော့တယ်" ဟု ပြန်ပြောလိုက်သည်။ ထိုအခါ တစ်ဦးနှင့်တစ်ဦး ပြုံးရယ်ပြီး ခင်မင်ခဲ့ကြပါသည်။

စာရေးသူက ဘုရားသို့ ညနေ ငါးနာရီကျော်မှသာ သွားလေ့ရှိသည်။ ထိုတစ်နေ့တွင်ကား ဘုရားသို့ စောစောသွားသောကြောင့် သင်းသင်းနှင့် ဆုံတွေ့ခြင်းဖြစ်သည်။

"အခုလို ကုသိုလ်ပြုနေတာ ဘယ်လောက်ကြာပြီလဲ" ဟု စာရေးသူက သင်းသင်းအား မေးမြန်းရာ "ခြောက်နှစ်ခန့်ရှိပြီ" ဟု ဖြေပါသည်။ သင်းသင်းက ထိုကုသိုလ်အပြင် လေသာဘုန်းတော်ကြီးကျောင်းတွင် သူငယ်ချင်းငါးယောက်ခန့်စုပြီး စနေနေ့တိုင်း ဆွမ်းဟင်းချက်လှူဒါန်းကြောင်း၊ အစ်မလည်း ပါဝင်လှူဒါန်းလိုပါက လှူဒါန်းနိုင်ကြောင်း ပြောပါသည်။ စာရေးသူကလည်း "လှူဒါန်းလိုပါတယ်၊ ညီမတို့ တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



# ပေါက်မြို့

# ဝေနေယျပါလ နာရေးကူညီမှုအသင်း

ရာဇာဝင်း (ယင်းမာ)

ပေါက်မြို့တွင် လူမှုကူညီရေးအသင်း နှစ်သင်းရှိသည်။ ယင်းတို့မှာ (၁) ဝေနေယျပါလ နာရေးကူညီမှုအသင်း(၂၀၀၃)နှင့် (၂) အဝေရာ လူမှုကူညီရေးအသင်း(၂၀၁၀)တို့ ဖြစ်သည်။

ဝေနေယျပါလနာရေးကူညီမှုအသင်း ပေါ်ပေါက်လာပုံမှာ ဤသို့ဖြစ်သည်။ ပေါက်မြို့သုသာန်သည် မြို့၏အနောက်မြောက်ဘက် 'ပေါက်ချောင်း' ခြားလျက်ရှိသည်။ သုသာန်တွင် ရှေးဟောင်းနှစ်ဆောင်တွဲဇရပ်ကြီးရှိသည်။ ရှေ့ဆောင် (သံဃာဆောင်)မှာ ပေါက်မြို့ အောင်ချမ်းသာရပ်မှ ဦးစိန်ခို+ဒေါ်စန်းညွှန့်(ကွယ်လွန်)တို့၏ ကောင်းမှုဖြစ်သည်။ နောက်ဆောင်မှာ အများကောင်းမှုဖြစ်သည်။

ထိုသုသာန်မှာ နှစ်ပေါင်းများစွာ ကြာမြင့်မှုန့်ခြင်း၊ လူသူအရောက်အပေါက်နည်းခြင်း၊ သန့်ရှင်းသုတ်သင်မှုမရှိခြင်းတို့ကြောင့် သစ်ပင်ချုံနွယ်များ ပိတ်ဖုံးနေသည်။ အချို့သစ်ပင်များမှာ ဇရာသဘောအရ အိုမင်းရင့်ရော်နေပြီ။ အချို့အုတ်ဂူများမှာ မရဏသဘောအရ မြေကြီးထဲ နစ်မြုပ်နေသည်။ နာရေးကိစ္စရှိလျှင် ရဟန်းသံဃာများမှအစ အသုဘပို့သူများမှာ ထိုချုံနွယ်ပိတ်ပေါင်းများကို ဖယ်ရှားရှောင်ကွင်းသွားလာနေကြရသည်။

တစ်နေ့တွင် လူကြီးအချို့သည် အသုဘပို့ရင်း မရဏာနုဿတိဘာဝနာကို ပွားမိသည်။ ထိုမှ သုသာန်၏ စိတ်မချမ်းမြေ့ဖွယ်ရာ လက်ရှိအခြေအနေကို မြင်ရသဖြင့် အချင်းချင်းတိုင်ပင်ကာ သက်ဆိုင်ရာဆရာတော်များအား

---

☞ ဘယ်လောက်စုပြီး ဆွမ်းဟင်းချက်လှူကြသလဲ" ဟု မေးကြည့်ရာ "တစ်ထောင်တတ်နိုင်ရင် တစ်ထောင်၊ တစ်ထောင့်ငါးရာတတ်နိုင်ရင် တစ်ထောင့်ငါးရာ" ဟု ပြောပါသည်။ စာရေးသူက "စနေနေ့ချက်တဲ့ ဆွမ်းဟင်းအတွက် အပတ်စဉ်သုံးထောင်လှူမယ်" ဟု ပြောလိုက်သည်။

စာရေးသူတို့ စနေနေ့ဆွမ်းဟင်းချက်သော အဖွဲ့ကို လေသာဆရာတော်က 'စနေအဖွဲ့' ဟု အမည်ပေးထားပါသည်။ စာရေးသူသည် သင်းသင်း၏ကျေးဇူးကြောင့် အလှူတစ်မျိုး ထပ်တိုးလှူခွင့်ရသဖြင့် ဝမ်းသာကြည်နူးမိပါသည်။ ခြောက်နှစ်ခန့်ကြာအောင် ဘုရားပရိဝုဏ်အတွင်း သန့်ရှင်းရေးကုသိုလ်ယူခဲ့သော သူမကိုလည်း ချီးကျူးလေးစားမိပါသည်။

နုရွှေ



www.burmeseclassic.com

www.burmeseclassic.com

လျှောက်ထားပြီး သုသာန်ကို သန့်ရှင်းရေးလုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့နောက် နီးစပ်ရာပုဂ္ဂိုလ်များ စုစည်းပြီး အပတ်စဉ် စနေနေ့တိုင်း သုသာန်သို့သွား၍ သစ်ပင်ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခဲ့ကြသည်။ သန့်ရှင်းရေးလုပ်ရာတွင် ရပ်ကွက်ထဲမှ လူငယ်များလည်း လာရောက်ကူညီကြသည်။ အချို့က မုန့်ပဲသရေစာများဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ထိုသို့ လုပ်ကိုင်ဆောင်ရွက်ရင်း ပေါက်မြို့တွင် နာရေးကူညီမှုအသင်းတစ်ခု တည်ထောင်ရန် အကြံဉာဏ်များ ပေါ်ပေါက်ခဲ့သည်။ ထို့နောက် စေတီရုံကျောင်းဆရာတော် ဦးဝိဇယ (မြို့နယ်သြဝါဒါစရိယ)နှင့် ကျောင်းသစ်ကျောင်းဆရာတော် ဦးအာစရ (မြို့နယ်အကျိုးတော်ဆောင်)တို့ထံ သြဝါဒခံယူကာ ၇-၇-၂၀၀၃ နေ့တွင် 'ဝေနေယျပါလနာရေးကူညီမှုအသင်း'ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ အသင်းဥက္ကဋ္ဌမှာ ဦးဇော်ဝင်းဦး (ကုန်သွယ်ရေးမန်နေဂျာ-အငြိမ်းစား)ဖြစ်သည်။ သို့သော် ဦးဇော်ဝင်းဦးသည် ၂၀၀၅-ခုနှစ်တွင် သာသနာ့ဘောင်သို့ အပြီးကူးပြောင်းသွားသဖြင့် သူ့နေရာတွင် ဦးကောင်း (စိုက်ပျိုးရေးဌာန-အငြိမ်းစား)အား ရွေးချယ်၍ အစားထိုးဆောင်ရွက်ခဲ့သည်။ အသင်းတည်ထောင်စက အဖွဲ့ဝင် ၁၅-ဦးသာရှိသော်လည်း ယခု အဖွဲ့ဝင်ဦးရေ ၃၀-ထိ တိုးတက်လာသည်။ အဖွဲ့ဝင်အများစုမှာ လူကြီးပိုင်းများဖြစ်၍ အချို့မှာ ပင်စင်စားများ ဖြစ်ကြသည်။

သူတို့သည် မိမိတို့အသင်းအတွက် လိုအပ်သည့် နိဗ္ဗာန်ယာဉ်နှင့် အဆောက်အဦ၊ ပစ္စည်း စသည်တို့ ထူထောင်ရန် ရန်ပုံငွေရရှိရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ထို




ဝေနေယျပါလ နာရေးကူညီမှုအသင်း၏ စတုတ္ထအကြိမ် အကျွတ်အလွတ်ပွဲ အမှတ်တရ

www.burmeseclassic.com

လုပ်ငန်းအောင်မြင်ရေးအတွက် ရပ်နီးရပ်ဝေးမှ စေတနာရှင်များက ငွေအား၊ လူအားတို့ဖြင့် ကူညီပံ့ပိုးခဲ့ကြသည်။ အဆိုပါအလှူရှင်များ၏ စုပေါင်းအားဖြင့် လက်တွန်းနိဗ္ဗာန်ယာဉ်တစ်စီး ဝယ်ယူပြီး နိဗ္ဗာန်ယာဉ်နှင့် ပစ္စည်းများထားရန် သုသာန်အတွင်း၌ အုတ်ပတ်ကားတိုက်ငယ်တစ်လုံးကို ဆောက်လုပ်ခဲ့သည်။

ထို့နောက် သုသာန်ဇရပ်ကြီးအား ပြန်လည်ပြုပြင်ပြီး သွပ်မိုးခြင်း၊ သံဇိနပ်ခံခြင်း၊ လေ့ကျားပြုလုပ်ခြင်း၊ လက်ဆေးကန်များ ပြုလုပ်ခြင်း၊ သုသာန်အတွင်း သွားလာရေးလွယ်ကူရန် ကွန်ကရစ်လူသွားလမ်းခင်းခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် အသင်းအတွက် လိုအပ်သည့်ပစ္စည်းများ (ကြေးစည်၊ ကွမ်းအစ်၊ ထွေးခံ၊ ရေစက်ခွက်၊ ဆေးခံခွက်၊ နေရာထိုင်၊ ခြေသုတ်ခုံ)တို့ကိုလည်း ထူထောင်ခဲ့သည်။ ထို့ပြင် ကုသိုလ်ရှင်များက သုသာန်ဇရပ်ရှိ ဘုရားစင်တွင် ဘုရားဆင်းတုနှင့် ကျောင်းဆောင်လှူဒါန်းခြင်း၊ လက်နှိပ်တုံကင်ရေတွင်းနှင့် လျှပ်စစ်မီးများ လှူဒါန်းခြင်း၊ အသံချဲ့စက်နှင့် အသံဖက်ဆိုင်ရာ ပစ္စည်းများ၊ တရားခွေများ လှူဒါန်းခြင်း၊ ဖယောင်းပုဆိုးနှင့် အသင်းတံဆိပ်ပါ ဝတ်စုံအင်္ကျီများ လှူဒါန်းခြင်းပြုကြသည်။ အချို့က 'ခေါင်းတလား' များ လှူဒါန်းကြသည်။

အသင်းဝင်များသည် နာရေးကိစ္စ ပေါ်ပေါက်သည့်အခါ အချိန်အခါမရွေး စေတနာထက်သန်စွာ သွားရောက်ကူညီဆောင်ရွက်ကြသည်။ အသုဘကိစ္စအတွက် ကာယကံရှင်၏ စိတ်တိုင်းကျ ဆောင်ရွက်ပေးသည်။ နယ်မှလူနာများ ဆေးရုံတက်ရင်း သေဆုံးလျှင်လည်း အသုဘကိစ္စပြီးစီးအောင် ဆောင်ရွက်ပေးသည်။ မည်သူ့ကိုမဆို အခမဲ့ကူညီသည်။ ထို့အတွက် ငွေကြေးအလျော်[illegible]မပြု။ သို့သော် စေတနာရှင်များက သဒ္ဓါတရားဖြင့် လှူဒါန်းလျှင် လက်ခံပြီး ရန်ပုံငွေအဖြစ် ထားရှိသည်။

ဤအသင်းမှ 'အကျွတ်အလွတ်ပွဲ' ကို နှစ်စဉ်ကျင်းပလေ့ရှိသည်။ ထိုအကျွတ်အလွတ်ပွဲမှာ အကြောင်းအမျိုးမျိုးကြောင့် မကျွတ်မလွတ်သေးသော ဘိုးဘွားများနှင့် မိဘဆွေမျိုးများကို ရည်စူး၍ ထုသိုလ်ကောင်းမှုပြုသောပွဲဖြစ်သည်။ ဝေနေယျပါလ နာရေးကူညီမှုအသင်း၏ အကျွတ်အလွတ်ပွဲကို ၁၃၆၉ (၂၀၀၇) ခုတွင် စတင်ကျင်းပခဲ့သည်။ ၁၃၇၅-ခုနှစ်၊ ၆-ကြိမ်မြောက် အကျွတ်အလွတ်ပွဲတွင် ဘုရားအမှူးပြုသော သံဃာတော် ၁၅-ပါးတို့အား တစ်ပါးလျှင် ငွေ ၁၀၀၀၀ိ/- စီနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ဖရိတ်တရားတော်များ နာကြားကာ ထိုပြိတ္တာဘုံသားများအား စုပေါင်း၍ အမျှအတန်းများ ပေးဝေကြသည်။ ယခုဆိုလျှင် ဤအသင်း၏ သက်တမ်းမှာ ၁၀-နှစ်ကျော်ရှိပြီ ဖြစ်ပါသည်။

အဆိုပါ ဝေနေယျပါလနာရေးကူညီမှုအသင်းသို့ ရပ်နီးရပ်ဝေးမှ စေတနာရှင်များ ကုသိုလ်ပါဝင်လိုပါက ဦးလှမြင့်(အငြိမ်းစား) ဖုန်း ၀၆၂-၄၅၁၇၈၊ ဦးခင်မောင်ဟန်၊ ဖုန်း ၀၉-၄၀၁၅၄၉၉၃၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရာဇာဝင်း(ယင်းမာ)



www.burmeseclassic.com

www.burmeseclassic.com



# မြတ်မင်္ဂလာ စာဖတ်ပရိသတ်အမေး
## မဟာသိမ်တော်ကြီးစာသင်တိုက်
## ပဓာန နာယကဆရာတော်
## ဘဒ္ဒန္တကုမာရ(အဂ္ဂမဟာပဏ္ဍိတ)
## အဖြေ

မြတ်မင်္ဂလာစာရှုသူများသည် ဗုဒ္ဓဘာသာနှင့်စပ်လျဉ်း၍ မိမိတို့သိလိုသော အချက်များရှိပါက မြတ်မင်္ဂလာစာစောင် အယ်ဒီတာအဖွဲ့မှတစ်ဆင့် လိုရင်းတိုရှင်း မေးမြန်းနိုင်ပါသည်။ မဟာသိမ်တော်ကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက သိသင့်သိထိုက်၊ ဖြေသင့်ဖြေထိုက်သော အချက်များကို အကျဉ်းချုံး၍ ဤအခန်းမှ လစဉ် ဖြေဆိုသွားမည်ဖြစ်ပါသည်။

အယ်ဒီတာ

### ၅၂၈-နှင့် ၁၅၀၀-မေတ္တာ

**မေး**။ ။ **အရှင်ဘုရား၊**

**၅၂၈-ချစ်ခြင်းမေတ္တာနှင့် ၁၅၀၀-ချစ်မေတ္တာ မည်ကဲ့သို့ ဖြစ်ပေါ်လာသည်ကို သချာနည်းဖြင့် ဖြေကြားပေးစေလိုပါသည်ဘုရား။**

**ဦးကျော်ညွန့်၊ ထန်းတပင်။**

**ဖြေ**။ ။ 'ချစ်ခြင်း'သည် တဏှာကြောင့်၊ စွဲလမ်းမှုရာဂကြောင့် ဖြစ်သဖြင့် ကိလေသာ (အကုသိုလ်)တရားဖြစ်ပါသည်။ 'မေတ္တာ' သည် အကျိုးစီးပွားလိုလားသည့် အဒေါသ (ကုသိုလ်)တရား ဖြစ်ပါသည်။ တဏှာရာဂကြောင့် ချစ်ခြင်း၏နောက်၌ ပူလောင်မှု၊ စိုးရိမ်မှုများ ဖြစ်ပေါ်လာပါသည်။ အဒေါသ(မေတ္တာ)၏နောက်၌ ငြိမ်းအေးမှုဖြစ်လာပါသည်။

ထို့ကြောင့် 'ချစ်ခြင်း' နှင့် 'မေတ္တာ' တို့သည် တစ်ခုနှင့်တစ်ခု မတူညီကြပါ။ ချစ်ခြင်း ကိလေသာသည် ၁၅၀၀-ရှိပါသည်။ မေတ္တာက ၅၂၈-ပါးရှိပါသည်။

စိတ် ၁ + စေတသိက် ၅၂ + နိပ္ဖန္နရုပ် ၁၈ + အာကာသဓာတ် ၁ + ဇာတိ၊ ဇရတာ၊ အနိစ္စတာဟူသော လက္ခဏရုပ်သုံးပါးအား ဖြင့် အာရုံတရား ၇၅-ပါးဖြစ်၏။ အဇ္ဈတ္တ (အတွင်း)၊ ဗဟိဒ္ဓ(အပြင်)သန္တာန်နှင့်မြှောက် လျှင် ၁၅၀၊ ယင်းကို ကိလေသာ ၁၀-ပါးနှင့် မြှောက်ပွားလျှင် ကိလေသာ ၁၅၀၀-ဖြစ်ပါသည်။

'သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ' ဟု အနောဓိသ (= ရည်ညွှန်းမှု မရှိဘဲပို့သသော) မေတ္တာ ၅-ပါး။



www.burmeseclassic.com

www.burmeseclassic.com

'သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ' ဟု ဩဓိသ (=ရည်ညွှန်း၍ပို့သသော) မေတ္တာ ၇-ပါး။

ယင်းတို့တွင် တစ်ပါးစီ၊ တစ်ပါးစီ၌ 'အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု' ဟု တု ၄-မျိုးစီ မေတ္တာပို့ခြင်းကြောင့် ၄၈-ပါးဖြစ်ပါသည်။ တစ်မျက်နှာ၊ တစ်မျက်နှာ၌ ၄၈-ပါးစီ အရပ် ၁၀-မျက်နှာနှင့်မြှောက် ၄၈၀-ဖြစ်ပါသည်။ မူလ ၄၈-ပါးနှင့်ပေါင်းလျှင် ၅၂၈-သွယ်မေတ္တာ ဖြစ်ပါသည်။

* * *

## သံဝေဂလင်္ကာ

(မေး)။ ။ အရှင်ဘုရား၊

အောက်ဖော်ပြပါ သံဝေဂလင်္ကာအား မည်သည့်ပုဂ္ဂိုလ်ရေးသည်ကို ဖြေကြားပေးစေလိုပါသည်ဘုရား။

လူ့အသက်၊ အလုအယက်မှ တစ်ရာ၊
အိပ်ချိန် ထက်ဝက်ခြမ်း၊
ခြမ်းဝက်နီးကာ၊
ဟာလနဲ့ရှာ၊ တာတစ်ဝက်ကုန်သွား။
ဗျာဓိရယ်၊ လာဇီတယ် မကြာမကြာပ၊
တစ်ခါတစ်ခါ၊ သေလောက်နီးပါးပါပဲ၊
ကြီးလိုက်လေ၊ လူမှုထမ်းရာက၊
ဝမ်းစာရှာ၊ ခတာ(တူးဖြိုခြင်း)နဲ့ခွဲရရင်၊
သုခရယ် ဆိုဖို့ပဲ၊ နည်း(နဲ့)လှချည့်လား။

ထက်ခိုင်၊ မတ္တရာ။

(ဖြေ)။ ။ တစ်ခါမှ မတွေ့ဘူးပါ။ ရေးထားသည့်အမိပ္ပါယ်ကို နားလည်သဘောပေါက်လျှင်ပင် သံဝေဂဉာဏ်ဖြစ်ပြီး ကုသိုလ်ပြုနိုင်လောက်ပါပြီ။ စာရေးဆရာအမည်မသိသော်လည်း အရေးမကြီးပါ။

* * *

## သမ္ဗုဒ္ဓေဘုရားရှိခိုး

(မေး)။ ။ အရှင်ဘုရား၊

သမ္ဗုဒ္ဓေဘုရားရှိခိုးနှင့် ပတ်သက်၍ စာအုပ်တွေမှာ အမျိုးပေါင်းများစွာ တွေ့ရပါသည်ဘုရား။ မှန်ကန်သော သမ္ဗုဒ္ဓေများကိုသာ ကျက်မှတ်လိုပါ၍ ပါဠိ+အနက်နှင့်တကွ ဖြေကြားပေးစေလိုပါသည်ဘုရား။

ဦးသိန်းမောင်၊ အင်းစိန်။

(ဖြေ)။ ။

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊
နမာမိ သိရသာ မဟံ။
အပ္ပကာ ဝါလုကာ ဂင်္ဂါ၊
အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊
အာဒရေန နမာမဟံ။
နမက္ကာရာ နုဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေက အန္တရာယာပိ၊
ဝိနဿန္တု အသေသတော။

ဟူသော ၃-ဂါထာကို ငယ်စဉ်အခါက 'ဘုရားရှိခိုးအမျိုးမျိုး' (မူဟောင်း)စာအုပ်၌ အနက်အဓိပ္ပါယ်နှင့်တကွ ကျက်မှတ်၍ ဘုရားရှိခိုးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လမ်းသွားရင်း ဓမ္မကထိကဆရာတော်တစ်ပါးက အရှေ့ကျွန်းသမ္ဗုဒ္ဓေ အစရှိသည်ဖြင့် အသံသွင်းထားသည်ကို ကြားဖူးပါသည်။ ဘုရားရှိခိုး မှုပဟောင်း ဂါထာဖြင့် ရှိခိုးလျှင်ပင် လုံလောက်သော အကျိုးများကို ရရှိနိုင်ပါသည်။

* * *

## သာသနာ၊ ကောဇာ၊ ခရစ်

**(မေး)**။ ။ **အရှင်ဘုရား၊**

**သာသနာနှစ်၊ ကောဇာသက္ကရာဇ်၊ ခရစ်နှစ်ဟု စာအုပ်များမှာလည်းကောင်း၊ အခမ်းအနားများမှာလည်းကောင်း ရေးသားပြောဆိုကြပါသည်ဘုရား။ ယင်းခုနှစ်များကို ဂဃနဏ သိလိုပါသည်ဘုရား။**

**ရှင်ရေဝတ၊ ပခုက္ကူ။**

**(ဖြေ)**။ ။ မဟာသက္ကရာဇ်သည် ကမ္ဘာဦးကာလမှစ၍ ပထမသံဂါယနာတင်ပွဲပြီးချိန်အထိ အသုံးပြုပါသည်။ ဘုရားရှင်၏ ခုနှစ်နေ့ဘုရားရှိခိုး၌ပါသော သက္ကရာဇ်သည် မဟာသက္ကရာဇ်ဖြစ်ပါသည်။ ပထမသံဂါယနာတင်ပွဲပြီးချိန်နောက်ပိုင်း၌ အသုံးမပြုတော့ပါ။ ဗေဒင်ပညာရှင်များ တွက်ချက်နိုင်ပါက ယနေ့ရောက်သည့်နှစ်ကို သိနိုင်ပါသည်။

ကောဇာသက္ကရာဇ်သည် ပထမသံဂါယနာတင်ပွဲ ပြီးစီးအောင်မြင်ချိန်ကစ၍ အဇာတသတ်မင်း စတင်အသုံးပြုခဲ့ပါသည်။ မြန်မာနိုင်ငံ၌ ဗေဒင်ကိန်းခန်းအရ သက္ကရာဇ်ကိုဖြိုပြီး ယနေ့အသုံးပြုသော သက္ကရာဇ်ကို အသုံးပြုပါသည်။ ဖြိုထားသော သက္ကရာဇ်သည် ၁၁၈၂-ဖြစ်ပါသည်။ ယင်းဖြိုထားသောသက္ကရာဇ်နှင့် ရောက်ဆဲ ကောဇာသက္ကရာဇ်ကို ပေါင်းလိုက်လျှင် သာသနာသက္ကရာဇ်နှင့် တူညီနေသည်ကို တွေ့နိုင်ပါသည်။

သာသနာနှစ်သည် ပထမသံဂါယနာတင်ပွဲအပြီး၌ အရှင်မဟာကဿပ အမှူးရှိသော ပထမသံဂါယနာဝန်ဆောင် မထေရ်မြတ်များနှင့် အဇာတသတ်မင်းတို့တိုင်ပင်ပြီး သာသနာနှစ်နှင့် ကောဇာသက္ကရာဇ်တို့ (၁)ကစ၍ သတ်မှတ်ကြောင်း သိရပါသည်။

ခရစ်နှစ်သည် ခရစ်တော်ပေါ်ပြီးမှစ၍ သတ်မှတ်ကြောင်း သိရပါသည်။

* * *

## ဆွမ်းဆန်စိမ်း

**(မေး)**။ ။ **အရှင်ဘုရား၊**

**တပည့်တော်သည် သင်္ကြန်တွင်းကာလ ရဟန်းဝတ်သောအခါ ဆွမ်းဆန်စိမ်း အလှူခံကြရပါသည်။ ဆွမ်းဆန်များကိုလည်း ရပါသည်။ ထိုဆွမ်းဆန်များကို ဝေယျာဝစ္စအဖွဲ့က သိမ်းဆည်းကာ ဆိုင်ပြန်သွင်းသည်။ ထိုဆွမ်းဆန်စိမ်းအစား တပည့်တော်ကို ဆွမ်းထောက်ပံ့ပါ**

> **ယခုလ ဤကဏ္ဍတွင်**
>
> ✦ ၅၂၈-နှင့် ၁၅၀၀-မေတ္တာ
> ✦ သံဝေဂလင်္ကာ
> ✦ သမ္ဗုဒ္ဓေဘုရားရှိခိုး
> ✦ သာသနာ၊ ကောဇာ၊ ခရစ်
> ✦ ဆွမ်းဆန်စိမ်း
> ✦ အရှင်ဓနိယထေရ်
> ✦ ကာမေသုမိစ္ဆာစာရကံ
> ✦ မြောက်ကျွန်းသူ
> တို့ ပါဝင်သည်။

www.burmeseclassic.com

သည်။ ထိုသို့ပြုလုပ်ခြင်းများသည် အပြစ်ရှိမရှိ သိလိုပါသည်ဘုရား။

ဦးဝေဖြိုး၊ ရေဝတီ။

ဖြေ ။ ။ ယခုခေတ် အချို့စုပေါင်းဒုလ္လဘ ရဟန်းခံပွဲများ အစရှိသည်တို့၌ ပြုလုပ်လေ့ရှိပါသည်။ လူပုဂ္ဂိုလ်များအနေဖြင့် မလိုအပ်သည့်ပစ္စည်းကို ဖလှယ်၍ လိုအပ်သည့်ပစ္စည်း ပြည့်စုံအောင် စီစဉ်ခြင်းဖြစ်သဖြင့် သင့်လျော်ပါသည်။

* * *

## အရှင်ဓနိယထေရ်

မေး ။ ။ အရှင်ဘုရား၊

ဘုရားရှင်လက်ထက်တော်အခါက ဒုတိယပါရာဇိကအာပတ်ဟု ပထမဆုံးပညတ်ခြင်းခံရသော ရဟန်းသည် သာသနာနောက်ပိုင်းတွင် ရဟန်းတရား ကျင့်ကြံပွားများသဖြင့် ရဟန္တာဖြစ်သွားကြောင်း ကျမ်းစာအုပ်တစ်အုပ်၌ ဖတ်ရှုရပူးပါသည်။ အာဒိကမ္မိကပါရာဇိကပုဂ္ဂိုလ်များ ဤကဲ့သို့ ရဟန္တာ ဖြစ်နိုင်၊ မဖြစ်နိုင် သိလိုပါသည်ဘုရား။

မောင်ချစ်၊ ရန်ကုန်။

ဖြေ ။ ။ ဒုတိယပါရာဇိက အာပတ်သင့်ရောက်သည်ဟုပြောသော အာဒိကမ္မိကပုဂ္ဂိုလ် အရှင်ဓနိယသည် အာပတ်မသင့်သောအရာ၌ တည်ရှိပါသည်။ ဝိနယသံသယမရှိ ဝိပဿနာကို အားထုတ်မှုကြောင့် ရဟန္တာဖြစ်နိုင်ပါသည်။ (ထေရ၊ ဋ္ဌ၊ ၁။ ၄၄၄-၅)၌ ပါရှိပါသည်။

* * *

## ကာမေသုမိစ္ဆာစာရကံ

မေး ။ ။ အရှင်ဘုရား၊

ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်အရ ဇိမဆက်ဆံခြင်းပြုရာ၌ အပေါ်ယံနမ်းရှုပ်ခြင်းစသော ကိုယ်လက်နှီးနှောကိုင်တွယ်ခြင်းတို့ကိုသာ ပြုလုပ်ပါက ပရဒါရကကံ ထိုက်၊ မထိုက်၊ မိစ္ဆာစာရကံထိုက်၊ မထိုက် သိလိုပါသည်ဘုရား။

မောင်သိန်း၊ ရန်ကုန်။

ဖြေ ။ ။ (၁) မှားမှားယွင်းယွင်း မပြုကျင့်ထိုက်သူဖြစ်ခြင်း၊ (၂) မှားယွင်းစွာ ပြုကျင့်လိုသောစိတ်ရှိခြင်း၊ (၃) မှီဝဲရန် အားထုတ်ခြင်း၊ (၄) မဂ်တစ်ပါးဖြင့် မဂ်တစ်ပါးသို့သွင်းခြင်း၌ သာယာခြင်းဟူသော အင်္ဂါ ၄-ချက်ပြည့်စုံလျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်ပါသည်။

* * *

## မြောက်ကျွန်းသူ

မေး ။ ။ အရှင်ဘုရား၊

တရားစခန်းတစ်ခု၌ တရားပြသော ဆရာတော်တစ်ပါးသည် သမထအာရုံဖြင့် ကြည့်သောအခါ မြန်မာနိုင်ငံက ရဟန္တာသုံးပါး မြင်းမိုရ်တောင်ကိုကျော်ဖြတ်၍ မြောက်ကျွန်းတွင် ဆွမ်းခံကြွသည်ကို တွေ့ရှိကြောင်း ပြောကြားပါသည်။ မြောက်ကျွန်းနှင့် မြောက်ကျွန်းနေသူများအကြောင်းကို သိလို၍ ရှင်းပြပေးပါဘုရား။

အရှင်ဥတ္တရ၊ ရန်ကုန်။


ဖြေ ။ ။ မြောက်ကျွန်းနှင့် မြောက်ကျွန်းနေသူများအကြောင်းကို မဟာအာဋာနာဋိယသုတ်ပါဠိတော်၊ အဋ္ဌကထာတို့၌ ပါရှိပါသည်။ တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းစာ အတွဲ-၄၊ အပိုင်း-၁၊ နှာ ၇၈၄-၅-၆-တို့၌ လေ့လာဖတ်ရှုနိုင်ပါသည်။

ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ)
မဟာသိမ်တော်ကြီးဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာနှလုံး အစဥ်သုံး

ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ

နှစ်တစ်နှစ်ရဲ့အစမှာ တရားလက်ဆောင် အနေနဲ့ ဟောကြားပေးမှာ ဖြစ်ပါတယ်။

ဒီကနေ့ ၂၀၀၉-ခုနှစ် စတင်ရောက်ရှိလာတော့ ကမ္ဘာ့နှစ်ဦးအခါသမယမှာ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားခဲ့တဲ့ **'ကကစူပမသုတ်'** ဆိုတာ ရှိတယ်။ နှစ်ဦးကာလကနေစပြီးတော့ ၂၀၀၉-ခုနှစ် တစ်နှစ်လုံး၊ အဲဒီကနေစပြီးတော့ အသက်ရှင်နေသမျှ ကာလပတ်လုံးမှာ မိမိရော မိမိနဲ့ ဆက်ဆံနေကြရတဲ့ ပတ်ဝန်းကျင်က လူတွေအားလုံးဟာ မေတ္တာနှလုံး အစဥ်သုံးပြီး နေထိုင်သွားကြမယ်ဆိုရင် ကမ္ဘာလောကကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာနေမှာ ဖြစ်ပါတယ်။

ဒီကနေ့ခေတ်ကြီးမှာ အားလုံးကို ခြုံကြည့်လိုက်မယ်ဆိုရင် မေတ္တာတရား ခန်းခြောက်လာတာကို တွေ့ရမှာဖြစ်တယ်။ ဒီလို မေတ္တာတရားတွေ လျော့ပါးလာသည့်အတွက်ကြောင့်၊ မေတ္တာဓာတ်တွေ နည်းပါးလာသည့်အတွက်ကြောင့် ကမ္ဘာကြီး ပူနွေးလာရတာကလည်း ဖြစ်ကောင်းဖြစ်နိုင်ခြေ ပိုများတယ်။ အိုဇုန်းလွှာကြီးပေါက်လို့ ဆိုတာတွေက ပြင်ပကိုကြည့်ပြီးပြောတာ ဖြစ်တယ်။ တကယ်တော့ သတ္တဝါတွေရဲ့နှလုံးသားမှာ မေတ္တာအငြိမ်းဓာတ်တွေ ခန်းခြောက်လာလို့ သတ္တဝါတွေရဲ့ ခန္ဓာက ထွက်တဲ့ ပူလောင်တဲ့စိတ်က ထုတ်လုပ်လိုက်တဲ့ အရာတွေဟာ အပူတွေချည်းပဲ ဖြစ်တယ်။ ဒါကြောင့်မို့လို့ လူတွေရဲ့စိတ် အစဥ် ငြိမ်းချမ်းစေဖို့ မေတ္တာနှလုံးကို အစဥ်သုံးကြရမှာ ဖြစ်တယ်။

## မေတ္တာဖြင့် ပြောဆိုဆက်ဆံခြင်း

ဒီသုတ္တန်မှာ မြတ်စွာဘုရားက ဒီအဓိပ္ပါယ်ကိုပဲ ထင်ထင်ရှားရှား ဟောထားတာတွေ့ရတယ်။ လောကမှာ တစ်ဦးနဲ့တစ်ဦး ပြောဆိုဆက်ဆံကြတဲ့နေရာမှာ အများအားဖြင့် ဝစီကံနဲ့ ပြောဆိုဆက်ဆံကြရတာ များပါတယ်။

---

ဒီနေ့ကစပြီးတော့
အသက်ရှင်နေသမျှ ကာလပတ်လုံးမှာ
မိမိရော မိမိနဲ့ ဆက်ဆံနေကြရတဲ့
ပတ်ဝန်းကျင်က လူတွေအားလုံးဟာ
မေတ္တာနှလုံး အစဥ်သုံးပြီး
နေထိုင်သွားကြမယ်ဆိုရင်
ကမ္ဘာလောကကြီးတစ်ခုလုံး
ငြိမ်းချမ်းသာယာနေမှာ ဖြစ်ပါတယ်။

---


www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် နှစ်ဦးကာလမှာ အားလုံးပဲ ဝစီကံနဲ့ပတ်သက်ပြီး ဘယ်လိုပြောဆိုဆက်ဆံကြရမှာလဲဆိုတာကို မြတ်စွာဘုရားက ညွှန်ပြတဲ့အတိုင်း မိမိကိုယ်တိုင်က ကျင့်သုံးဖို့ အရေးကြီးတယ်။

တစ်ယောက်နဲ့တစ်ယောက် ပြောဆိုဆက်ဆံကြရာမှာ တစ်ခါတစ်ရံ တစ်ဦးနဲ့တစ်ဦး မေတ္တာသက်ရောက်မှုရှိသလို တစ်ခါတစ်ရံမှာ မေတ္တာခန်းခြောက်မှုလည်း ရှိနိုင်တယ်။ ဒါကြောင့်မို့ ဗုဒ္ဓမြတ်စွာက တစ်ဦးနဲ့တစ်ဦး ပြောဆိုဆက်ဆံကြရာ၌ ဘယ်လိုအချက်တွေပေါ်မှာ အခြေခံထားရမလဲဆိုတာကို ဒီသုတ္တန်မှာ ရှင်းလင်းဟောကြားပေးထားတာ ဖြစ်တယ်။

**ပြောသင့်တဲ့အချိန်နဲ့ မပြောသင့်တဲ့အချိန်**

အပြောအဆိုနဲ့ပတ်သက်ပြီးတော့ ဒီကနေ့ ဘယ်လိုပြောရမယ်ဆိုတာကို သန္နိဋ္ဌာန်ချထားရမယ်။ စကားပြောတဲ့နေရာမှာ ဘယ်အချိန်အခါမှာ ပြောရမလဲဆိုတာ ရှိတယ်။ ပြောသင့်တဲ့အချိန်၊ မပြောသင့်တဲ့အချိန်ဆိုတာ ရှိတယ်။

ဆိုပါစို့ မိဘနဲ့သားသမီးတောင်မှ မပြောသင့်တဲ့အချိန် ပြောလိုက်ရင် ပြဿနာတက်နိုင်တယ်။ မခံနိုင်ဖြစ်တတ်တယ်။ ဥပမာ- လူကြားသူကြားထဲ မပြောသင့်တာပြောမိလို့ အနှောင့်အယှက်ဖြစ်ကြရတယ်။

ဒါကြောင့် စကားပြောတဲ့အခါမှာ ပြောသင့်သလား၊ ပြောသင့်တဲ့အချိန်လားဆိုတာ စဉ်းစားဆင်ခြင်ကြရမယ်။ ဒါကြောင့် ဘုန်းကြီးတို့အနေနဲ့ ဒီကနေ့ကစပြီးတော့ စကားပြောတော့မယ်ဆိုရင် ပြောသင့်တဲ့အချိန်မှသာ ပြောမယ်။ မပြောသင့်တဲ့အချိန်ဆိုရင် မပြောဘူး။ ဒီလို စိတ်ဆုံးဖြတ်ထားနိုင်ရမယ်။

**စကားပြောဆိုရာ၌ လိုက်နာရမည့်အချက်များ**

ဗုဒ္ဓမြတ်စွာရဲ့စကားနဲ့ ပြောမယ်ဆိုရင် '**ကာလေန ဝက္ခာမိ၊ နော အကာလေန**' ပြောသင့်တဲ့ အချိန်ကာလမှသာလျှင် ပြောမယ်။ '**အကာလေန**' အချိန်မတန်တဲ့အခါမှာ '**နော ဝက္ခာမိ**' ငါမပြောဘူးတဲ့။ ဒါလည်း လိုက်နာသင့်တဲ့ အချက်တစ်ခုပါပဲ။

နောက်တစ်ခုက ဘာပြောသလဲဆိုရင် '**ဘူတေန ဝက္ခာမိ နော အဘူတေန**' လူတွေက ဟုတ်တာလည်း ပြောတာပဲ။ မဟုတ်တာလည်း ပြောတာပဲ။ ဟုတ်တာ၊ မဟုတ်တာ အကုန်လုံးကို ပြောနေကြတာပါပဲ။ ဒါကြောင့်မို့လို့ '**ဘူတေန ဝက္ခာမိ**' ဟုတ်မှန်တာကိုသာလျှင် ပြောမယ်။ '**နော အဘူတေန**' မဟုတ်မမှန်တာကို ငါမပြောပါဘူးလို့ ဟောထားတယ်။ ဒါက ဒုတိယသန္နိဋ္ဌာန်ချထားပြီးတော့ လိုက်နာကျင့်သုံးရမယ်။

နောက်တစ်ခုက လောကလူတွေက စကားပြောတာကို သိပ်ပြီးတော့ မရွေးချယ်ဘူး။ '**သဏှေန ဝက္ခာမိ၊ နော ဖရုသေန**'။ **သဏှေန ဝက္ခာမိ** - နူးညံ့သိမ်မွေ့စွာ ပြောမယ်။ **နော ဖရုသေန** - ကြမ်းကြမ်းတမ်းတမ်း မပြောပါဘူးတဲ့။

လောကလူတွေဟာ စိတ်ကြည်လင်နေတဲ့အခါမှာ ချိုသာတဲ့စကား၊ နူးညံ့သိမ်မွေ့တဲ့စကားကို ပြောတယ်။ စိတ်ဆိုးဒေါသဖြစ်တဲ့အခါမှာတော့ ကြမ်းတမ်းရိုင်းပျတဲ့စကားတွေ ဆိုလာကြတယ်။ ဒါကြောင့်မို့ မြတ်စွာဘုရားက ငါစကားပြောတဲ့အခါမှာ နူးညံ့သိမ်မွေ့စွာ ပြောမယ်။ ကြမ်းတမ်းပြီး ရိုင်းစိုင်းတဲ့စကား မပြောဘူးလို့



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဆုံးဖြတ်ချက် ချထားရမယ်တဲ့။ ဒါက တတိယ တစ်ခုနော်။

နောက်တစ်ချက်က **'အတ္ထသံဟိတေန ဝက္ခာမိ၊ နော အနတ္ထသံဟိတေန'** တဲ့။ **အတ္ထသံဟိတေန ဝက္ခာမိ** - အကျိုးရှိတဲ့စကားကိုသာ ပြောမယ်တဲ့။ **နော အနတ္ထသံဟိတေန**- အကျိုးမဲ့တဲ့စကားကို မပြောဆိုဘူးတဲ့။

လောကမှာ လူတွေက စကားပြောတဲ့အခါ အကျိုးရှိတာတွေကိုချည်း ပြောတာမဟုတ်ဘူး။ အကျိုးမရှိတဲ့ စကားတွေကိုလည်း ပြောကြတယ်။ အကျိုးအကြောင်း ဆီလျော်မှုရှိတာကိုချည်း ပြောတာမဟုတ်ဘူး။ အကျိုးအကြောင်း မဆီလျော်တာကိုလည်း ပြောကြတယ်။ မဆီမဆိုင် ပြောတတ်ကြတယ်။ ဒါကြောင့် တချို့က မဆီမဆိုင်စကားတွေ လာမပြောနဲ့လို့ ပြောကြတယ်။ **'အတ္ထသံဟိတေန ဝက္ခာမိ'** အကျိုးအကြောင်း ဆီလျော်တဲ့ အကျိုးရှိတဲ့စကားကိုသာ ငါပြောမယ်။ **'နော အနတ္ထသံဟိတေန'** အကျိုးမရှိတဲ့ စကားကို ငါမပြောဘူးလို့ အဓိဋ္ဌာန်ပါတဲ့။

နောက်တစ်ချက်က **'မေတ္တစိတ္တော ဝက္ခာမိ၊ နော ဒေါသန္တရေန'** လူတွေက စကားပြောပြီဆိုရင် စိတ်ကြည်နေတဲ့အချိန်မှာတော့ ကောင်းကောင်းမွန်မွန်ပြောတယ်။ စိတ်မကြည်ဘူးဆိုရင်၊ ဒေါသထွက်နေပြီဆိုရင်တော့ ပြောတဲ့စကားဟာ ဒေါသသံပါလာတယ်။ ကောင်းကောင်းမွန်မွန် မပြောတော့ဘူး။

ဒါကြောင့်မို့ မြတ်စွာဘုရားက မိမိကိုယ်ကို ဆောက်တည်ထားပါတဲ့။ **မေတ္တစိတ္တော ဝက္ခာမိ**- စကားပြောတဲ့အခါမှာ 'မေတ္တာစိတ်နဲ့ ပြောမယ်' တဲ့၊ **နော ဒေါသန္တရေန** - 'ဒေါသစိတ်နဲ့ မပြောပါဘူး' လို့ မိမိကိုယ်ကို ဆောက်တည်ထားရပါမယ်တဲ့။

ဟော စကားပြောတဲ့အခါမှာ တစ်ဦးနဲ့တစ်ဦး မေတ္တာဓာတ်တွေဖြစ်ဖို့ မိမိကိုယ်ကို လိုက်နာထားရမယ့်အချက်၊ ကိုယ်ကိုယ်တိုင်က အရင်လိုက်နာထားရမယ်။ ထိန်းသိမ်းစောင့်ရှောက်ရမယ်။

## စကားအရာ အင်္ဂါ ၅-ချက်

ပြန်ပြီးတော့ကြည့်လိုက်ရင် စကားပြောတဲ့အခါမှာ - (၁) ပြောသင့်တဲ့အချိန်မှာ ပြောမယ်။ မပြောသင့်တဲ့အချိန်မှာ မပြောဘူး။ (၂) မှန်တာကိုပဲ ပြောမယ်။ မမှန်တာကို မပြောဘူး။ (၃) ပြောမယ်ဆိုရင်လည်း ကြင်ကြင်နာနာ၊ ယဉ်ယဉ်ကျေးကျေးနဲ့ သိမ်သိမ်မွေ့မွေ့ပြောမယ်။ ရိုင်းရိုင်းစိုင်းစိုင်း မပြောဘူး။ (၄) ပြောတဲ့အခါမှာ အကျိုးရှိတဲ့စကားကိုသာ ပြောမယ်။ အကျိုးမရှိတာကို မပြောဘူး။ (၅) ပြောတဲ့အခါမှာ မေတ္တာနဲ့ပြောမယ်။ ဒေါသနဲ့ မပြောဘူး။

မြတ်စွာဘုရားရဲ့ အဆုံးအမကိုကြည့်ပြီး ရှေးလူကြီးတွေက ပြောတယ်။ စိတ်ဆိုးနေရင် စကားမပြောနဲ့တဲ့။ ဘာဖြစ်လို့လဲဆိုတော့ စကားကောင်းမထွက်ဘူး။ မိမိကိုယ်တိုင်က စကားပြောတဲ့စည်းကမ်းလေးတွေ ချမှတ်ထားပြီးတော့ ဒီအတိုင်း သတိထားပြီး လိုက်နာကျင့်သုံးလိုက်မယ်ဆိုရင် မိမိနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ပြဿနာတတ်စရာအကြောင်း မရှိတော့ဘူး။

(ရှေ့လဆက်ရန်)

ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ



www.burmeseclassic.com

www.burmeseclassic.com



# နိဗ္ဗာန်မလိုချင်သော ယောဂီတစ်ဦး

မောင်ရွှန်းသစ်

သန်လျင်မြို့နယ်၊ ဖျဉ်ထောင်ကျောင်းကျေးရွာရှိ အောင်ဗောဓိ မြေဇင်းတောရဝမ္မရိပ်သာတွင် ဩစတြေးလျနိုင်ငံသား ကိုရီးယားလူမျိုး 'ဒေးဗစ်ချာ' (David Cha) အမည်ရှိ ယောဂီတစ်ဦးနှင့် ဆုံတွေ့ခဲ့ရသည်။ သူသည် တရုတ်တိုင်းရင်းရိုးရာ သမားတော်တစ်ဦး ဖြစ်သည်။ သူသည် တရုတ်ရိုးရာ ဆေးပညာစွမ်းအင်ကုထုံးသမားတော်ဖြစ်သည်ဟု ဆိုပါသည်။

မစ္စတာဒေးဗစ်ချာသည် ဤရိပ်သာသို့ မရောက်မီ မြန်မာနိုင်ငံရှိ အခြားတရားစခန်းများတွင်လည်း တရားအားထုတ်ခဲ့ဖူးသည်ဟု သိရပါသည်။ ကန္တနည်းဖြင့် တရားပြသော မြေဇင်းတောရရိပ်သာမှာ ရက် ၆၀-တရားစခန်းဖြစ်ပြီး သမထကို ရက်ပေါင်း ၄၀-အားထုတ်ပြီးမှ ဝိပဿနာသို့ကူးပြောင်းအားထုတ်ရသော တရားစခန်းဖြစ်ပါသည်။

မစ္စတာဒေးဗစ်ချာသည် သမထတရား အားထုတ်ပြီးနောက် ဝိပဿနာကို ဆက်လက်အားမထုတ်တော့ဟု ဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် နိဗ္ဗာန်ကို မလိုချင်သေးဘဲ ၃၁-ဘုံတွင် သံသရာလည်ရင်း ၃၁-ဘုံသားများ အကျိုးကို ဆောင်ရွက်လိုသောကြောင့်ဖြစ်သည်ဟု ပြောပါသည်။ ဝိပဿနာကို ဆက်လက်အားထုတ်ပါက နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ၃၁-ဘုံ၌ ဆက်လက်မကျင်လည်နိုင်တော့မည်ကို စိုးရိမ်သည်ဟု ဆိုပါသည်။ သူ၏ခံယူချက်ကား အခြားယောဂီများနှင့်မတူ ထူးခြားလှပေသည်။

မစ္စတာဒေးဗစ်ချာသည် သမထစခန်းပြီးသည့်နောက် ဝိပဿနာကို ဆက်မကူးတော့ဘဲ ဩစတြေးလျနိုင်ငံသို့ ပြန်သွားပါသည်။ အောက်ပါစာတမ်းငယ်မှာ အောင်ဗောဓိမြေဇင်းတောရဝမ္မရိပ်သာ တာဝန်ခံ ဦးစိုးမင်း၏ မေတ္တာရပ်ခံချက်အရ မစ္စတာဒေးဗစ်ချာ ရေးသားပေးခဲ့ခြင်း ဖြစ်ပါသည်။ မူရင်းအင်္ဂလိပ်ဘာသာမှ စာရေးသူက မြန်မာပြန်ဆိုတင်ပြလိုက်ပါသည်။

---

**သမထအားထုတ်ပြီးနောက်**
**ကျွန်ုပ်သည်**
**ကိုယ်တွင်းကလီစာအင်္ဂါ**
**အစိတ်အပိုင်းအားလုံးကို**
**ခန္ဓာဗေဒစာအုပ်ကြီးတစ်အုပ်**
**ကြည့်ရသလို မျက်ဝါးထင်ထင်**
**သမာဓိအားဖြင့်**
**မြင်နိုင်ခဲ့ပါသည်။**

---



www.burmeseclassic.com

www.burmeseclassic.com

ဒေးဗစ်ချာ၏ တင်ပြချက်

ကျွန်ုပ်၏အမည်မှာ ဒေးဗစ်ချာဖြစ်ပြီး ဩစတြေးလျနိုင်ငံသား ဖြစ်ပါသည်။ ကျွန်ုပ်သည် ကန္တီအားထုတ်နည်းဖြင့် ဤမြေဇင်းတောရရိပ်သာ ဆရာတော်ထံတွင် တရားအားထုတ်နေသည်မှာ ၃၁-ရက်ရှိပြီဖြစ်ပါသည်။ ဤရိပ်သာတွင် အားထုတ်ရသည်မှာ ကျွန်ုပ်အဖို့ အံ့ဖွယ်ပင်ဖြစ်ပါသည်။ ကျွန်ုပ်သည် တရုတ်ရိုးရာဆေးပညာနှင့် စွမ်းအင်ကုထုံးသမားတော်တစ်ဦးအဖြစ် ကမ္ဘာ့နေရာ အနှံ့အပြားတွင် သမထအားထုတ်ခဲ့ဖူးသူဖြစ်ပါသည်။ အထူးသဖြင့် လူနာများကို စွမ်းအင်ကုထုံးဖြင့် ကုသရာတွင် ပိုမိုထိရောက်စေရန် သမထကို အားထုတ်ခဲ့ခြင်းဖြစ်ပါသည်။

ဤရိပ်သာတွင် သမထအားထုတ်ပြီးနောက် ကျွန်ုပ်သည် ကိုယ်တွင်းကလီစာအင်္ဂါအစိတ်အပိုင်းအားလုံးကို ခန္ဓာဗေဒစာအုပ်ကြီးတစ်အုပ် ကြည့်ရသလို မျက်ဝါးထင်ထင် သမာဓိအားဖြင့် မြင်နိုင်ခဲ့ပါသည်။ ဤသို့ ကြည့်နိုင်၊ မြင်နိုင်ရန်မှာ ကျွန်ုပ်အဖို့ ကာလကြာရှည်စွာ တောင့်တခဲ့ရသော အရာပင်ဖြစ်ပါသည်။ ဤသို့ဖြင့် ကျွန်ုပ်သည် ယခုအခါ လူနာများကို ရှေးကထက်ပိုမိုတိကျစွာ ရောဂါရှာဖွေနိုင်ပြီး ပိုမိုထိရောက်စွာ ကုသပေးနိုင်ပြီဖြစ်ပါသည်။ ဤအတွက် ကျွန်ုပ်သည် သန်လျင် အောင်ဗောဓိမြေဇင်းတောရနှင့် တရားအားထုတ်နည်းကို အထူးပင် လေးစားကျေးဇူးတင်ရပါသည်။

ဤကန္တီတရားအားထုတ်နည်းမှာ သံဃာတော်များအဆင့်ဆင့် လျှို့ဝှက်စွာ လက်ဆင့်ကမ်းခဲ့သောနည်း ဖြစ်သည်။ ၁၉၆၃-ခုနှစ်တွင် ပျံလွန်တော်မူသွားသော ဆရာတော်ဦးသောဘိတ လက်ထက်တွင် ယောဂီအများကို စတင်တရားပြသခဲ့ခြင်းဖြစ်ပါသည်။ ကွယ်လွန်သွားပြီဖြစ်သော စာရေးဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင်သည် ဤနည်းကို လူသိများအောင် ကြိုးစားဖြန့်ဖြူးခဲ့ပါသည်။ ရန်ကုန်တွင် ရိပ်သာခွဲလေးခုရှိပြီး တစ်ပြည်လုံးတွင် ရိပ်သာဆယ်ခုခန့်ရှိသည်ဟု သိရသည်။



ကိုရီးယားလူမျိုး ယောဂီ မစ္စတာဒေးဗစ်ချာ

သန်လျင် အောင်ဗောဓိမြေဇင်းတောရ ဓမ္မရိပ်သာကို ၂၀၁၁-ခုနှစ်၊ ဇူလိုင်လတွင် စတင်ထူထောင်ပါသည်။ တည်ထောင်သူနှင့် အကျိုးဆောင်မှာ ဦးစိုးမင်းဖြစ်သည်။ သူသည် ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်နေစဉ် ကာလကပင် တရားရိပ်သာတစ်ခုသို့ ရောက်ရှိသွားပြီး ဤကဲ့သို့ ရိပ်သာမျိုး ထူထောင်ရန် ဆန္ဒပြင်းပြ မျှော်မှန်းခဲ့သူဖြစ်သည်။

တစ်လတာအားထုတ်စဉ်ကာလအတွင်း ကျွန်ုပ် လေ့လာလိုသော အကြောင်းအရာများစွာကို လေ့လာသင်ယူနိုင်ခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏သမာဓိစွမ်းအား အလွန်တိုးတက်လာပြီး အဝေးမှအရာများကိုရော မိမိ၏ကိုယ်တွင်းမှ ကလီစာများကိုပါ သမာဓိအားဖြင့် ကြည့်နိုင်ခြင်း

www.burmeseclassic.com

ဖြစ်ပါသည်။ ကိုယ့်ကိုယ်ကိုယ်လည်း သမာဓိအားဖြင့် ကုသနိုင်ပြီဖြစ်ပါသည်။ ယခုအခါ ကွန့်ပ်သည် စိတ်၏စင်ကြယ်မှုရရှိအောင် ဝိပဿနာတရားကို အားထုတ်နေပြီဖြစ်ပါသည်။ သောတာပန်ဖြစ်သည်အထိ ရောက်ရှိရန် ရည်မှန်းထားပါသည်။

ဤနေရာတွင် ကွန့်ပ်အားထုတ်ရာ၌ ကျေးဇူးတင်ထိုက်သူ အများအပြားရှိပါသည်။ အထူးသဖြင့် ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဇဝနအားကျေးဇူးတင်ပါသည်။ သူ၏ ကျွမ်းကျင်လှသော အင်္ဂလိပ်ဘာသာစကားဖြင့် ရှင်းလင်းပြတ်သားစွာ လမ်းညွှန်မှုများနှင့် ယောဂီများအပေါ် သိစေ၊ တတ်စေလိုသော စေတနာမှာ အထူးပင် လေးစားကျေးဇူးတင်ထိုက်လှပါသည်။

စခန်းတွင် ဝေယျာဝစ္စဆောင်ရွက်ပေးကြသော မိသားစုများမှာလည်း ဘုရားရှင်လက်ထက်က သံဃာတော်များအား နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်အထိ ပြုစုလုပ်ကျွေးခဲ့သော မာတိက မာတာကဲ့သို့ပင် ဖြစ်ပါသည်။ လက်ထောက် ကမ္မဋ္ဌာန်းဆရာ ဦးသန်းဝင်းနှင့် ဦးစိုးမင်း၏ညီမ ဒေါ်မြင့်မြင့်ခိုင်တို့ကလည်း သူတို့၏တရားအတွေ့အကြုံကို အခြေပြု၍ ကွန့်ပ်ကို များစွာအထောက်အကူ ဖြစ်စေခဲ့ကြပါသည်။ အထူးအားဖြင့် ယောဂီများကို မိမိတို့၏ မိသားစုဝင်များသဖွယ် ပြုစုစောင့်ရှောက်ကြသော မြန်မာလူမျိုးများနှင့် သူတို့၏ယဉ်ကျေးမှုမှာ ကွန့်ပ်၏နှလုံးသားဝယ် စူးဝင်လျက်ရှိပါသည်။

ကွန့်ပ်အဖို့ ဤစခန်းတွင် ယခုကဲ့သို့ တရားအားထုတ်ရသောကာလမှာ ကွန့်ပ်၏ဘဝလမ်းကြောင်းကို အပြောင်းအလဲဖြစ်စေသည်မှာ သေချာလှပါသည်။ ကွန့်ပ်၏ လူနာများအပေါ် ဆေးဝါးကုသမှုတွင်လည်း များစွာ ပိုမိုထိရောက်မှု ရှိလာမည်မှာ သေချာလှပါသည်။

မြေဖင်းတောရဆရာတော်၏ ကန္နီအားထုတ်နည်းမှာ မြန်မာပြည်တွင်သာမက ကမ္ဘာတွင်ပါ ပိုမိုထွန်းကားလာလိမ့်မည်ဟု ကွန့်ပ် မျှော်လင့်မိပါသည်။ ဤတွင် သန်လျင်အောင်ဇောတိမြေဖင်းတောရမှာလည်း အဓိကဌာနကြီးတစ်ခု ဖြစ်လာပါလိမ့်မည်။

ဒေးဗစ်ချာ
Passport No. - M2404762
3, Pellew St, Reservoir
3073 Vic, Australia.
Phone 61 3 94422921
Email address - oneroot99@hotmail.com
မောင်ရွှန်းသစ်

(နောက်ဆက်တွဲ)

မစ္စတာဒေးဗစ်ချာသည် ဩစတြေးလျနိုင်ငံသို့ပြန်သွားပြီးနောက် တစ်နှစ်အကြာတွင် သန်လျင်မြေဖင်းတောရသို့ ဒုတိယအကြိမ် ပြန်လည်ရောက်ရှိလာပြီး တရားဝင်ပါသည်။ ဤအကြိမ်တွင် သမထမှ ဝိပဿနာသို့ ဆက်လက်ကူးပြောင်းအားထုတ်ပါသည်။ ဝိပဿနာအားထုတ်စဉ် နှစ်ကြိမ်တိုင် မျက်ရည်များဖြိုင်ဖြိုင်ကျဆင်းပါသည်။ ပီတိဖြစ်လွန်းသောကြောင့်ဖြစ်ကြောင်း ပြောပြပါသည်။

မြေဖင်းတောရ ရက် ၆၀-တရားစခန်းပြီးဆုံးသောအခါ မစ္စတာဒေးဗစ်ချာသည် ဆက်လက်တရားအားထုတ်ရန် အမြဲတမ်း တရားစခန်းဖွင့်လှစ်ထားသော ဖားအောက်တောရတရားစခန်းသို့ ပြောင်းရွှေ့သွားပါသည်။

မောင်ရွှန်းသစ်

www.burmeseclassic.com



# ဗုဒ္ဓဘာသာနှင့် ကိုယ်ကျင့်တရား

## ဒေါက်တာအရှင်ဓမ္မပိယ

ကိုမာကျော (ဝါရင့်ကထိက၊ ဒဿနိကဗေဒ) ပြန်ဆိုသည်။

### ဆရာတော် ဒေါက်တာအရှင်ဓမ္မပိယ

ဆရာတော် ဒေါက်တာအရှင်ဓမ္မပိယသည် ၁၃၁၇-ခု (ခရစ်နှစ် ၁၉၅၅-ခုနှစ်)တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ရွှေနားချောင်းကျေးရွာ၌ ဖွားမြင်ခဲ့သည်။ ခမည်းတော်နှင့် မယ်တော်တို့မှာ ဦးထွန်း၊ ဒေါ်သိန်းရီတို့ဖြစ်ကြသည်။

၁၃၂၆-ခုနှစ်(၁၉၆၄-ခုနှစ်)တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၃၃၆-ခုနှစ် (၁၉၇၅-ခုနှစ်) တွင် ဦးစိုးလှ၊ ဒေါ်ငွေစိန်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ကန့်ဘလူမြို့နယ်၊ ပိုးစာကုန်းရွာ၊ လက်ထုပ်ကုန်းကျောင်း ခဏ္ဍသိမ်တော်၌ အရှင်တေဇဝန္တကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ရေဦးမြို့၊ မင်္ဂလာရာမကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်အာစာရာဘိဝံသနှင့် နာယကဆရာတော်များ၊ ပဲခူးမြို့၊ မင်္ဂလာရာမကျောင်းတိုက်၊ ရန်ကုန်မြို့၊ ဗဟန်း ညောင်တုန်းကျောင်းတိုက် စာချဆရာတော်များထံ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့သည်။

ဆရာတော်အရှင်ဓမ္မပိယသည် အစိုးရသာသနဓဇ ဓမ္မာစရိယဘွဲ့ကို ၁၉၇၉-ခုနှစ်တွင် ရရှိခဲ့သည်။ ၁၃၄၀-ပြည့်နှစ်(၁၉၇၉-ခုနှစ်)တွင် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ၌ မဟာစည်ဆရာတော်ကြီး၏




ဒေါက်တာအရှင်ဓမ္မပိယ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

မေတ္တာရိပ်ကို ခိုလှုံ၍လည်းကောင်း၊ ၁၃၄၃-ခုနှစ် (၁၉၈၁-ခုနှစ်)တွင် ဆရာတော်ကြီး အရှင်ပဏ္ဍိတာဘိဝံသ (ယခု ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ)၏ မေတ္တာရိပ်ကို ခိုလှုံ၍လည်းကောင်း သတိပဋ္ဌာန်တရားတော်များကို ကောင်းစွာကျင့်ကြံအားထုတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်အရှင်ဓမ္မပိယသည် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကမာကျေးရွာ၊ ဒီပါရုံပရိယတ္တိစာသင်တိုက်၌ စာချတာဝန်ကိုလည်း ထမ်းဆောင်တော်မူခဲ့သည်။ ထို့အပြင် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ၌ တရားဟော၊ တရားပြ ကမ္မဋ္ဌာနာစရိယတာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။ ထို့နောက် မလေးရှားနိုင်ငံ၊ ပီနန်မြို့ Malaysia Buddhist Meditation Centre ၌ ၈-နှစ်တိုင် ကျောင်းထိုင် ကမ္မဋ္ဌာနာစရိယဆရာတော်တာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။

ဆရာတော်သည် မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ နီပေါ၊ သီရိလင်္ကာ၊ ဂျပန်၊ ကနေဒါ၊ ဩစတြေးလျ၊ ဂျာမနီ၊ အင်္ဂလန်၊ ဆွစ်ဇာလန် စသော နိုင်ငံများသို့ ဗုဒ္ဓအလိုကျ မဟာစည်နည်းနယဖြင့် ဝိပဿနာတရားတော်များကို ဟောကြားပြသတော်မူခဲ့သည်။

ဆရာတော်အရှင်ဓမ္မပိယသည် အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖိုဆေးမြို့ရှိ တထာဂတ ဝိပဿနာဓမ္မရိပ်သာဗဟိုဌာနတွင် ကမ္မဋ္ဌာနာစရိယဆရာတော်အဖြစ် သီတင်းသုံးနေထိုင်ရင်း နိုင်ငံခြားတွင် မိမိ၏သာသနာပြုလုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် ၁၉၉၂-ခုနှစ်တွင် အင်္ဂလိပ်ဘာသာစကား တိုးတက်မှုရှိအောင် ဆန်ဖိုဆေးမြို့ Community College သို့ တက်ရောက်ပညာသင်ယူခဲ့သည်။ တစ်ဖန် ဆန်ဖိုဆေးတက္ကသိုလ်သို့ တက်ရောက်၍ ဆက်လက်ပညာဆည်းပူးရာ B.A (Comparative) ဘွဲ့ကို ရရှိခဲ့သည်။ ထို့နောက် ဆက်လက်ပညာဆည်းပူးပြန်ရာ ၁၉၉၈-ခုနှစ်တွင် Buddhist Ethics in Daily Life ကျမ်းကို ပြုစုတင်သွင်း၍ အောင်မြင်ခဲ့သည်။ M.A (Philosophy) ဘွဲ့ကိုရရှိခဲ့သည်။ ၂၀၀၃-ခုနှစ်တွင် California Institute S.F မှ "နိဗ္ဗာန်နှင့် ထေရဝါဒအမြင်" ကျမ်းဖြင့် Ph.D (Philosophy) ဘွဲ့ကိုရရှိခဲ့သည်။

ယခုအခါ ဆရာတော် အရှင်ဓမ္မပိယသည် အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊ ဖရီးမောင့်မြို့ မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ၊ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ ငါးကျမ်းပြန်(ထားဝယ်) သာသနာ့ရိပ်သာနှင့် မန္တလေးမြို့ ဓမ္မဒူတကျောင်းတိုက်တို့၏ ကျောင်းထိုင်ပဓာန နာယကဆရာတော်အဖြစ် ပြည်တွင်းပြည်ပယောဂီများအား တရားပြသလျက်ရှိသည်။ ထို့ပြင် မေတ္တာနန္ဒ ကုသိုလ်ဖြစ်ဆေးခန်းနှင့် မေတ္တာနန္ဒစာကြည့်တိုက်တို့၏ တာဝန်ခံဆရာတော်အဖြစ်လည်း ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ပရိယတ္တိမဟာဌာနမှူးအဖြစ်လည်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရက ဆရာတော်အား ၂၀၀၂-ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဇောဘွဲ့ကိုလည်းကောင်း၊ ၂၀၀၄-ခုနှစ်တွင် သာသနာပြုစွမ်းဆောင်ရည်ဆုကိုလည်းကောင်း ဆက်ကပ်ခဲ့သည်။

### ဗုဒ္ဓဘာသာနှင့် ကိုယ်ကျင့်တရားကျမ်း

ဤကျမ်း၏မူရင်းအမည်မှာ Buddhist Ethics in Daily Life ဖြစ်ပါသည်။ ၁၉၉၈-ခုနှစ်တွင် M.A (Philosophy) ဘွဲ့အတွက် ဆရာတော်အရှင်ဓမ္မပိယ အင်္ဂလိပ်ဘာသာဖြင့် တင်သွင်း၍ အောင်မြင်ခဲ့သော ကျမ်း ဖြစ်ပါသည်။

ယင်းကို ကလောင်အမည် ကိုမာကျော(ဝါရင့်ကထိက၊ ဒဿနိကဗေဒ၊ မအူပင်တက္ကသိုလ်)က အထူးကြိုးစား၍ မြန်မာပြန်ဆိုပြီးလျှင် မြတ်မင်္ဂလာစာစောင်သို့ ပေးပို့ပါသည်။ မြတ်မင်္ဂလာအယ်ဒီတာအဖွဲ့က နှစ်သက်သဖြင့် ထိုကျမ်းကို လစဉ် အခန်းဆက်ဖော်ပြသွားပါမည်။

အယ်ဒီတာအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဘာသာနှင့် ကိုယ်ကျင့်တရား

## ဗုဒ္ဓနည်းကျ ကိုယ်ကျင့်တရားပညာနှင့် အခြေခံ ပြဿနာများ

ဗုဒ္ဓဝါဒသည် လူသားအားလုံး၏ ဘဝနေနည်းကို အလေးအနက်ထားသော ဘာသာတရားတစ်ခုဖြစ်သည်။ (ရဟန်းသံဃာတော်များအတွက်သာမက သာမန်လူပုဂ္ဂိုလ်များအတွက်လည်း အကျုံးဝင်သည်။) ယနေ့ကာလများတွင် အနောက်ကမ္ဘာရှိ နေရာတိုင်းလိုလိုတွင် ဗုဒ္ဓနည်းကျ ကိုယ်ကျင့်တရားပညာကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးလျက်ရှိကြ၏။ အထူးသဖြင့် ဥရောပ၊ အမေရိကနှင့် ဩစတြေးလျတို့တွင် ဖြစ်၏။ အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်း။

ဗုဒ္ဓနည်းကျ ကိုယ်ကျင့်တရားပညာသည် အနောက်ကမ္ဘာရှိ လူသားအများစုအတွက် ခိုင်မာသော နည်းလမ်းကောင်းအသစ်တစ်ရပ် ဖြစ်နိုင်ဖွယ်ရှိသည်ဟု ယူဆလာကြ၍ဖြစ်၏။ သို့ရာတွင် ဗုဒ္ဓဝါဒီ သာမန်လူများ၏ ဘဝနေထိုင်ပုံနှင့် ထေရဝါဒ ဗုဒ္ဓဝါဒီရဟန်းသံဃာများ၊ ဖွားသီလရှင်များ၏ ကျင့်ကြံပြုမူပုံတို့ကို လူအများက ဝေဖန်သုံးသပ်ကြရာမှ ဗုဒ္ဓဝါဒအပေါ် မကြာခဏဆိုသလို အဓိပ္ပါယ်ကောက်ယူမှု အမှားများ တွေ့နေရပေသည်။

ထိုသူများတွင် မဟာယာနဗုဒ္ဓဝါဒဂိုဏ်းခွဲအသစ်ကို လက်ခံထားသူများ ပါဝင်နေပြီး ထိုဂိုဏ်းဝင်များသည် ဘုရားလောင်းဝါဒ (မဟာ-ကြီးသော၊ ယာန-ယာဉ်)ကို သက်ဝင်ယုံကြည်ကြ၏၊ မည်သူမဆို ဘုရားဆုပန်ပြီး ဘုရားများစွာဖြစ်ရေး ဦးစားပေးသောဝါဒ ဖြစ်သည်။ ဤယုံကြည်သက်ဝင်သူများတွင် အနောက်တိုင်းပညာရှင် သုတေသီများနှင့် အဓိပ္ပါယ်ဖွင့်ဆိုသူများလည်း ပါဝင်နေကြ၏။

အစောပိုင်းဗုဒ္ဓဝါဒအတွေးအခေါ် (ထေရဝါဒခေါ် မထေရ်ကြီးများမှ မထေရ်ငယ်အဆင့်ဆင့်သို့ ဟောဖော်ဆုံးမတော်မူသော ကျင့်စဉ်)ကိုပင် ထိုသူများက ဗုဒ္ဓဝါဒသည် လူ့ဘောင်၏ လုပ်ငန်းဆောင်တာများကို ကူညီထောက်ပံ့မှုမပြုဘဲ လျစ်လျူရှုသောဝါဒ ဖြစ်သည်ဟု အနက်ဖွင့်ဆိုခဲ့လေသည်။ ထေရဝါဒကိုလည်း သေးသိမ်အောင် နှိမ့်ချကာ ဟိနယာန (ဟိန - သေးငယ်သော၊ ယာန-ယာဉ်)ဟူ၍ သုံးနှုန်းခေါ်ဝေါ်ခဲ့ကြ၏။ ဤအချက်သည်ပင် ဗုဒ္ဓဝါဒသမိုင်းကို အဓိပ္ပါယ်ဖွင့်မှားခြင်း၏ အကြောင်းရင်းဖြစ်လေသည်။

ဗုဒ္ဓဝါဒသမိုင်းတွင် ထေရဝါဒီများသည် မိမိတို့၏ ထေရဝါဒနှင့် ဟိနယာန ခြားနားသည်ကို ပိုင်းခြားသိမြင်ကြပါသည်။ သမိုင်းကြောင်းအရဆိုလျှင် နောက်ပိုင်း မဟာယာနဟု အမည်တွင်လာမည့် မဟာသံဃိကဂိုဏ်းသည် ဒုတိယသင်္ဂါယနာကာလတွင် ထေရဝါဒနှင့် ခေတ်ပြိုင်ပေါ်လာသော ဂိုဏ်းဖြစ်သည်။

ဒုတိယသင်္ဂါယနာတင်ပွဲကို ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူ (မဟာပရိနိဗ္ဗာန်စံနှစ် ၅၄၃ BCE ခန့်)အပြီး နှစ်တစ်ရာအကြာတွင် အိန္ဒိယ၌ ဝိနည်းဆိုင်ရာဝါဒကွဲများကို သုံးသပ်ဖယ်ရှားရန် ကျင်းပခဲ့ခြင်းဖြစ်သည်။ အမှန်စင်စစ်အားဖြင့် ဗုဒ္ဓသာ



www.burmeseclassic.com

www.burmeseclassic.com

**ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး**
**နှစ်ပေါင်းငါးရာကြာသော်**
**အိန္ဒိယအလယ်ပိုင်းဒေသတွင်**
**ထေရဝါဒသာသနာတော်**
**ပျောက်ကွယ်ခဲ့ရလေတော့၏။**
**သို့သော်**
**ထေရဝါဒသာသနာတော်သည်**
**အိန္ဒိယပြည်တောင်ပိုင်း သီရိလင်္ကာ၊**
**မြန်မာ၊ ထိုင်း စသည် တို့သို့**
**ပျံ့နှံ့သွားခဲ့လေပြီ။**

သနာ အစပိုင်းကာလတွင် ထေရဝါဒအမည်တွင်သည့် အစောပိုင်း ဗုဒ္ဓဝါဒအဖွဲ့အစည်း တစ်ခုတည်းသာလျှင် ရှိခဲ့ပါသည်။

အသောကမင်းတရားကြီးလက်ထက် တတိယသင်္ဂါယနာတင်ကာလ ရောက်သောအခါတွင်မူ (ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်ပြီး နှစ်ပေါင်းနှစ်ရာသုံးဆယ့်ငါးနှစ်အကြာတွင် တတိယသင်္ဂါယနာတင်ပွဲ ကျင်းပခဲ့၏။) မဟာသံဃိကဂိုဏ်းသည် တစ်စတစ်စ ကြီးထွားခဲ့ပြီး နောက်ဆုံးတွင် ဂိုဏ်းကွဲများစွာ ပေါ်ပေါက်လာခဲ့လေတော့၏။

ယင်းတို့တွင် ဝေါကုလိကဂိုဏ်းနှင့် အင်္ဂုတ္တရာဘရိကဂိုဏ်းတို့လည်း ပါဝင်လေသည်။ ထို့နောက်တွင်မှ မဟာသံဃိကဂိုဏ်းကို ဗုဒ္ဓဝါဒဂိုဏ်းသစ်အဖြစ် ပြန်လည်ဖွဲ့စည်းကာ မဟာယာနဂိုဏ်းဟု အမည်တွင်စေခဲ့လေသည်။ မဟာယာနဂိုဏ်းကို ကောင်းစွာ တည်ထောင်ခဲ့ပြီးနောက် ပိဋကတ်သုံးပုံကို မဟာယာနပိဋကတ်နှင့် ဟိနယာန ပိဋကတ်ဟူ၍ အုပ်စုနှစ်စု ခွဲခြားထားခဲ့လေသည်။

မဟာယာနနှင့် ဟိနယာနဂိုဏ်းနှစ်ခု၏ အမြင်များ ခြားနားချက်မှာ မဟာယာန အယူအဆအရ အကြွင်းမဲ့ကယ်တင်နိုင်ရေး (ဘုရားဖြစ်ရေး)ဖြစ်ပြီး ဟိနယာနမှာမူ တစ်ဦးချင်းလွတ်မြောက်ရေး (ရဟန္တာဖြစ်ရေး)ဟူ၍ ဖြစ်၏။ ထိုအကြောင်းကြောင့်ပင် မဟာယာနဂိုဏ်းဝင်တို့က ဘုရားဆုပန်လမ်းစဉ်မလိုက်သော အခြားဂိုဏ်းကွဲအားလုံးကို ဟိနယာနဂိုဏ်းဝင်များအဖြစ်သာ ညွှန်းဆိုဖော်ပြခဲ့ကြလေသည်။

ယင်းတို့အထဲတွင် ဝိဇ္ဇာယာန (သို့မဟုတ်) တန္တြယာန (ထိုစဉ်က ကောင်းစွာဖွဲ့စည်းထားခြင်း မရှိသေးသော နောက်ပိုင်း တိဗက်ဗုဒ္ဓဝါဒ အမည်တွင်မည့်)ဂိုဏ်းများလည်း ပါဝင်ခဲ့သည်။

ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်းငါးရာကြာသော် အိန္ဒိယအလယ်ပိုင်းဒေသတွင် ထေရဝါဒသာသနာတော် ပျောက်ကွယ်ခဲ့ရလေတော့၏။ သို့သော် ထေရဝါဒသာသနာတော်သည် အိန္ဒိယပြည်တောင်ပိုင်း သီရိလင်္ကာ၊ မြန်မာ၊ ထိုင်း စသည်တို့သို့ ပျံ့နှံ့သွားခဲ့လေပြီ။

အမှန်စင်စစ်တွင်မူ အစောပိုင်းဗုဒ္ဓသာသနာသမိုင်းတွင် ဟိနယာနဂိုဏ်းဟူ၍ ရှိခဲ့သည်မဟုတ်ပေ။ မဟာယာနဂိုဏ်းမှ အခြားဂိုဏ်းများကို နှိမ့်ချသုံးနှုန်းသဖြင့်သာ ပေါ်ပေါက်လာခြင်းဖြစ်၏။ ထို့ကြောင့် တနည်းသဖြင့်ဆိုရလျှင် ထေရဝါဒနှင့် သက်ဆိုင်ခြင်းမရှိဘဲ ထေရဝါဒသည် ဟိနယာနနှင့် လုံးဝခြားနားသော ဝါဒသာဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ယနေ့ကာလများတွင်မူ လူအများစု (အထူးသဖြင့် အနောက်တိုင်းသုတေသီအချို့) အနေဖြင့် ဟိနယာနနှင့် ထေရဝါဒကို မှားယွင်း ထပ်တူပြု သုံးစွဲနေကြသည်ကို တွေ့နေရပါသေးသည်။

လူများစွာသည် ထေရဝါဒကို ဟိနယာနဟု မှားယွင်းအဓိပ္ပါယ်ဖွင့် သုံးစွဲနေကြဆဲဖြစ်၏။ အချို့ကမူ အမှန်ကိုသိပါလျက် တမင်သက်သက် သုံးစွဲနေကြခြင်းသာ ဖြစ်သည်။ ထိုသူများတွင် မဟာယာနဂိုဏ်းဝင်များ အများစုဖြစ်သည်။ အကြောင်းမှာ သူတို့၏ ဘုရားလောင်းဝါဒက ထေရဝါဒ၏ အရဟန္တ (ရဟန္တာလောင်း)ဝါဒထက် ပို၍ မြင့်မြတ်သည်ဟု ယူဆကာ သွေးနားထင်ရောက်နေကြ၍ ဖြစ်၏။ ထို့ပြင် သူတို့အနေဖြင့် ထေရဝါဒီတို့၏ အရဟန္တလမ်းစဉ်သည် နိမ့်ကျကျဉ်းမြောင်းသော လမ်းစဉ်ဖြစ်သည်ဟုလည်း မှတ်ယူထားကြလေ၏။ အမှန်စင်စစ် ထေရဝါဒီတို့သည် သူတို့၏ လောကုတ္တရာပန်းတိုင် ဘာဖြစ်သည်ကို တိတိကျကျ သိမြင်နားလည်ထားကြသူများသာ ဖြစ်၏။

ထေရဝါဒီတို့အနေဖြင့် ဘုရားဆုပန်ရေးနှင့် အရဟန္တသာဝကဆုပန်ရေးတို့မှာ မိမိတို့၏အစွမ်းအစနှင့် ဆန္ဒအတိုင်းသာဖြစ်သည်ကိုလည်း သိကြလေသည်။ သို့ရာတွင် ချဲ့လိုသော မဟာယာနဂိုဏ်းဝင်များနှင့် အချို့သော အနောက်တိုင်းသားများက အရဟန္တသာဝက (ယခုဘဝတွင်ပင် နိဗ္ဗာန်မျက်မှောက်ပြုရေး) အယူအဆကို သဘောမတွေ့ကြပေ။

သူတို့အမြင်အရ ထေရဝါဒလမ်းစဉ်သည် မည်သည့်လောကီလူ့ဘောင် ကောင်းကျိုးချမ်းသာကိုမျှ အရေးမထားဘဲ တစ်ကိုယ်တည်းလွတ်မြောက်ရေးအတွက် အရဟန္တသာဝကအကျင့်ကို ရှာဖွေအားထုတ်နေကြသူများဖြစ်သည်ဟု ဆို၏။ ထို့ပြင် ထေရဝါဒအကျင့်တွင် ပါဝင်သော ခြိုးခြံစွာ ကျင့်သုံးခြင်းအယူအဆကိုလည်း မှားယွင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုလျက် ခေတ်သစ်အနောက်တိုင်းနှင့် ကိုက်ညီဆီလျော်သော အယူအဆမဟုတ်ဟုယုံကြည်ကာ ယခုဘဝတွင်ပင် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အားထုတ်နေသူသည် လူ့အဖွဲ့အစည်းကို လျစ်လျူရှုထားလိမ့်မည်။ ခြိုးခြံစွာကျင့်သော ထိုသူများသည် တစ်ကိုယ်တော်ဝါဒရှိသော၊ အတ္တဆန်သော၊ ကိုယ်ကျိုးရှာသော သူများသာဖြစ်သည်ဟုလည်း ယုံကြည်ထားကြပြန်၏။ ထို့ကြောင့်ပင် သူတို့က ဗုဒ္ဓဝါဒဟူသည်မှာ လောကီချမ်းသာနှင့် ဘဝဖြစ်တည်ရှင်သန်ရေး နည်းလမ်းများကို လုံးဝ လျစ်လျူရှုထားသည့် လမ်းစဉ်သာဖြစ်ကြောင်း အတိအလင်း ထုတ်ဖော်တင်ပြခဲ့ကြလေတော့သည်။

(ရှေ့လဆက်ရန်)

ဒေါက်တာအရှင်ဓမ္မပိယ

**စိတ်ကောင်းရှိ**
**သီလမြဲ၊ ဝိပဿနာစွဲ**
**သံသရာဝဋ်မှ ကျွတ်မည်မလွဲ**



www.burmeseclassic.com

www.burmeseclassic.com




# စိတ် – စေတနာ – မေတ္တာ

## အလင်းဆောင်သူ

နီပေါနိုင်ငံသား မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဆန်ဒွတ်ရွတ် (Sanduk Ruit) သည် စံပြ မေတ္တာရှင်၊ ကရုဏာရှင်၊ စေတနာရှင်ဖြစ်သည်။ သူသည် နှစ်ပေါင်း ၂၀-အတွင်း ထောင်ပေါင်း များစွာသော နီပေါလူမျိုး မျက်စိဝေဒနာရှင် ကျေး တောနေ ဆင်းရဲသားများကို အလင်းရအောင် အခမဲ့ ကုသပေးခဲ့သူဖြစ်သည်။ သူသည် ယနေ့ တိုင် မျက်စိဝေဒနာရှင် ဆင်းရဲသားများကို ကယ် တင်ဆဲဖြစ်သည်။

ဒေါက်တာဆန်ဒွတ်သည် နီပေါနိုင်ငံ၏မြို့ တော် ခတ္တမန္ဒူတွင် မျက်စိအထူးကုဆေးရုံကြီး ကို တည်ထောင်ဖွင့်လှစ်၍ အကောင်းဆုံးသော



နီပေါဆရာဝန် ဒေါက်တာဆန်ဒွတ်ရွတ်နှင့် အမေရိကန်ဆရာဝန် ဒေါက်တာဂျော့ဖ်ဟာဗင်



www.burmeseclassic.com

www.burmeseclassic.com



ရာဆူဝါရွာခွဲစိတ်ခန်းတွင် မျက်စိဝေဒနာရှင်များ ခွဲစိတ်ခံရန် အသင့်ပြင်ဆင်နေစဉ်။

ကိရိယာတန်ဆာများကို အသုံးပြုလျက် မျက်စိဝေဒနာရှင်များ အလင်းရအောင် ကုသနေသူ ဖြစ်သည်။ အထူးအောင်မြင်၍ ကြီးပွားထင်ရှားသူ ဖြစ်သည်။

ထိုသို့ရှိရာမှ တစ်နေ့တွင် မိမိကြီးပွားတိုးတက်ရုံမျှဖြင့် မပြီးသေး။ ကျေးလက်နေ ဆင်းရဲဒုက္ခရောက်နေရှာသော ဆင်းရဲသားများ၏ မျက်စိဝေဒနာများကို အခမဲ့ကုသ၍ ပေးရမည်ဟု ဆုံးဖြတ်ကာ ဆောင်ရွက်ခဲ့သူဖြစ်သည်။

နီပေါနိုင်ငံမှာ လူဦးရေ ၂၆-သန်းကျော်ရှိသည်။ နဝါ၊ အိန္ဒိယ၊ ဂူရောင်း၊ မဝါ၊ တမန်း၊ ရိုင်း၊ လင်းဘူး၊ ရှာပ၊ သာရူးလူမျိုးများ စသည်တို့ နေထိုင်ကြသည်။ ဟိန္ဒူ ၈၆-ရာနှုန်း၊ ဗုဒ္ဓဘာသာ ၈-ရာနှုန်း၊ မွတ်စလင် ၄-ရာနှုန်းရှိသည်။ အများစုမှာ ဆင်းရဲရှာကြသည်။

ထို့ကြောင့် သူသည် ဘာသာမရွေး၊ လူမျိုးမရွေး ကျေးလက်ဒေသရှိ မျက်စိဝေဒနာရှင်များရှိရာသို့ သူ၏အဖွဲ့ဝင် ၂၀-ကျော်နှင့်အတူ သွားရောက်၍ မျက်စိဝေဒနာရှင်များကို အခမဲ့ ခွဲစိတ်ကုသပေးသည်။ သူ၏ ပရဟိတလုပ်ငန်းကို နှစ်သက်မြတ်နိုးသဖြင့် အမေရိကန်ဆရာဝန် ဒေါက်တာဂျော့ဖရီတာဗင်ကလည်း ငွေကြေးကို အမိကမထားဘဲ ကူညီဆောင်ရွက်ပေးသည်။

ကြွယ်ဝချမ်းသာသော နိုင်ငံများတွင် အသက်အရွယ် ကြီးရင့်မှသာ မျက်စိတိမ်စွဲရောဂါကို ရရှိတတ်ကြသည်။ သို့ရာတွင် ဆင်းရဲနွမ်းပါး၍ အာ

www.burmeseclassic.com



မျက်စိခွဲစိတ်ကုသနေပုံများကို ကြည့်ရှုနေကြသော ကျေးရွာသူ၊ ကျေးရွာသားများ



အလင်းရသွားသူ ပတ္တာလီနေပါလီ

ဟာရချို့တဲ့သော နိုင်ငံများရှိ ဆင်းရဲသားပြည်သူတို့မှာ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် မျက်စိတိမ်စွဲရောဂါရတတ်၍ မျက်မမြင်ဘဝသို့ ရောက်ရှိသွားကြရာသည်။ ဤသည်ကို မကြည့်ရက်နိုင်သဖြင့် ဒေါက်တာ ဆန်ဒွတ်သည် ကျေးလက်ဒေသများသို့ မကြာခဏသွားရောက်၍ မျက်မမြင်များ အလင်းရရှိရန်လည်းကောင်း၊ မျက်စိဝေဒနာရှင်များ တိမ်စွဲရောဂါမှ လွတ်မြောက်ရန်လည်းကောင်း အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။ သူသည် နှစ်ပေါင်း ၂၀-အတွင်း ဆင်းရဲသားမျက်စိဝေဒနာရှင် ထောင်ပေါင်းများစွာကို အလင်းရအောင် ဆောင်ရွက်ပေးသူ စံပြပုဂ္ဂိုလ်ထူးပင် ဖြစ်သည်။

မကြာမီက သူသည် ကျေးလက်သို့ဆင်း၍ မျက်စိရောဂါကို ခွဲစိတ်ကုသပေးသည်။ ထိုအထဲတွင် မျက်မမြင်ဘဝသို့ ရောက်နေရှာသူ အသက် ၉-နှစ်နှင့် ၁၃-နှစ်အရွယ်ရှိ ညီအစ်ကိုနှစ်ဦးလည်း



www.burmeseclassic.com

www.burmeseclassic.com



မျက်စိအလင်းရ၍ ဝမ်းသာလုံးဆို့ကာ ကခုန်နေသော ဝေဒနာရှင်တစ်ဦး

ပါသည်။ ဒေါက်တာဆန်ဒွတ်၏ကျေးဇူးကြောင့် သူတို့ညီအစ်ကိုသည် မျက်စိနှစ်ကွင်း အလင်းရသွားခဲ့သည်။

ထို့ပြင် ပတ္တာလီဆိုသူ နီပေါနိုင်ငံနေ အိန္ဒိယအမျိုးသမီး ဇာတ်နိမ့်တစ်ဦးလည်း ပါဝင်သည်။ သူမသည် ၅၆-နှစ်အရွယ် ရှိသည်။ ဝေးလံလှသော ကျေးလက်ဒေသရှိ ရွာတစ်ရွာတွင် နေထိုင်သည်။ အပ်ချုပ်စက်တစ်လုံးကို ငွေစုဆောင်း၍ ဝယ်ကာ စက်ချုပ်လျက် ဝမ်းကျောင်းရှာနေသူဖြစ်သည်။ သူမ၏ခင်ပွန်းမှာ သစ်ခုတ်သမားတစ်ဦးဖြစ်သည်။ သူတို့တွင် အဖိုးတန်ပစ္စည်းဆို၍ ထိုအပ်ချုပ်စက်တစ်လုံးနှင့် နွားတစ်ကောင်သာ ပိုင်ဆိုင်သည်။ သားသမီး ၅-ယောက်ရှိသည်။ မကြာမီက သူ၏သားကြီး (၁၇-နှစ်အရွယ်)သည် မြို့သို့တက်၍ အလုပ်ရှာရာ ဘတ်စ်ကားတိုက်ခံရ၍ ခြေကျိုးကာ ဒုက္ခိတဘဝသို့ ရောက်သွားရှာသည်။ သားရောဂါပျောက်ကင်းရေးအတွက် သူတို့၏ အဖိုးတန်နွားကို ရောင်းလိုက်ရရှာသည်။ ထိုသို့ရှိစဉ် သူမသည် လွန်ခဲ့သော တစ်နှစ်ကျော်မှစ၍ မျက်စိတိမ်စွဲရောဂါ ရရှိသည်။ မျက်မမြင်ဘဝသို့ ရောက်သွားရှာသည်။ စက်မချုပ်နိုင်တော့။ ခင်ပွန်းသည်၏ ထင်းခုတ်ဝင်ငွေဖြင့်ပင် မိသားစုမှီခိုစားသောက်နေရသည်။ သို့ရာတွင် စားဝတ်နေရေး မလောက်ငသည့်အတွက် အပ်ချုပ်စက်ကိုလည်း ရောင်းလိုက်ရသည်။ သူမသည် တစ်နေ့လျှင် ထမင်းတစ်နပ်သာ စားရရှာသည်။

တစ်နေ့တွင် သူမတို့ရွာအနီးသို့ ဒေါက်တာဆန်ဒွတ်ရောက်ရှိလာပြီး မျက်စိဝေဒနာရှင်များကို လာရောက်ကုသသည်။ ဒေါက်တာဆန်ဒွတ်တို့ စခန်းချရာနေရာနှင့် သူ့ရွာမှာ ၁-မိုင်ကျော်ဝေးရာ မျက်မမြင် ပတ္တာလီအဖို့ သွားရောက်ရန်

www.burmeseclassic.com

ခက်ခဲလှသည်။ ဤတွင် သူ၏ခင်ပွန်းက ကျော ပိုး၍ ခေါ်ဆောင်လာရသည်။ ပတ္တာလီကို ဒေါက်တာဆန်ဒွတ်နှင့်အဖွဲ့က ကုသပေးရာ မျက်စိနှစ်ကွင်း အလင်းရသွားသည်။ သူတို့ ဝမ်းသာမဆုံး ရှိကြသည်။ သူ၏အဖော် အမေရိကန် ဆရာဝန် ဒေါက်တာတာဗင်နှင့် အတူလိုက်ပါလာသူ စာရေးဆရာဒေးဗစ်ဆိုသူက ပတ္တာလီ၏ လက်တွင်းသို့ အပ်ချုပ်စက်အသစ်တစ်လုံး ပြန်ဝယ်နိုင်ရန် ငွေကြေးများ ပေးလှူလိုက်ရာ သူတို့မှာ ဖော်ပြနိုင်စွမ်းမရှိလောက်အောင် ဝမ်းသာသွားရှာသည်။

သူနည်းတူ ကျေးလက်နေ ဆင်းရဲဒုက္ခရောက်၍ မျက်စိအလင်းမရရှာသူများ၊ မျက်စိဝေဒနာရှင်များ၊ မျက်မမြင်ဘဝသို့ ရောက်ခါနီးသူများကို မေတ္တာရှင် ဒေါက်တာဆန်ဒွတ် ဦးဆောင်သော အဖွဲ့သည် ငွေကြေးတစ်ပြားတစ်ချပ်မျှ မယူဘဲ အခမဲ့ကုသပေးခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။

မျက်စိဝေဒနာရှင်များသည် သူ့ကို ကျေးဇူးတင်မဆုံး၊ ချစ်ခင်မဆုံး ရှိခဲ့ကြသည်။ အချို့ မျက်မမြင်များ အလင်းရသွားသောအခါ ဝမ်းသာလွန်းသဖြင့် ထ၍ပင် ကကြသည်။ ဝမ်းသာလွန်းသဖြင့် ရှိုက်ကြီးတငင် ငိုကြွေးကြသည်။

သူ့လုပ်ငန်းကို လေ့လာသူ အမေရိကန် စာရေးဆရာ ဒေးဗစ် လိုက်ပါကြည့်ရှုသော ၂-ရက်အတွင်း ဝေဒနာရှင် ၅၁-ဦးအား ခွဲစိတ်ပေးသည်ကို တွေ့ရသည်။ အားလုံးပင် ခွဲစိတ်မှု အောင်မြင်ကြသည်။ ထို့ပြင် နောက်ထပ်ခွဲစိတ်ရန် လူနာပေါင်း ၁၀၀-ကျော် စောင့်ဆိုင်းနေကြသည်ကိုလည်း တွေ့ရသည်။

ဒေါက်တာဆန်ဒွတ်က စာရေးဆရာဒေးဗစ်အား "ကျွန်တော် မျက်စိစတင်ခွဲမယ်လုပ်တော့ သူတို့ ကြောက်နေကြတယ်။ အခွဲမခံဝံ့ကြဘူး။ မျက်လုံးကို ဖောက်ခွဲမယ်လို့ ထင်နေကြတယ်။ ဒါပေမဲ့ အရဲစွန့်အခွဲခံတဲ့ ဝေဒနာရှင်တစ်ယောက်ကို ခွဲပြလိုက်တော့မှ သူတို့ ယုံကြည်ပြီး အခွဲခံကြတော့တယ်။ သူတို့ ကြောက်ရွံ့မှုမရှိအောင်လည်း ခွဲစိတ်ပုံတွေကို အပြင်ကကြည့်နိုင်အောင် တီဗီနဲ့ ပြထားပေးတယ်။ အခုတော့ အားလုံး ကျွန်တော်တို့ရဲ့ခွဲစိတ်မှုကို အပြည့်အဝ ယုံကြည်နေကြပြီ" ဟူ၍ ဖွင့်ဟပြောဆိုခဲ့သည်။

အမေရိကန်စာရေးဆရာ ဒေးဗစ်သည် ဒေါက်တာဆန်ဒွတ်နှင့် သူဦးဆောင်သော မေတ္တာရှင်များအကြောင်းကို စာအုပ်ရေးသား၍ ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင်ပါရှိသော အကြောင်းအချက်တချို့ကို Readers Digest မဂ္ဂဇင်းမှတစ်ဆင့် ထုတ်နုတ်ဖော်ပြထားရာ ဖတ်ရှုရသူတိုင်း ကြည်နူးဝမ်းသာမဆုံး ရှိခဲ့ကြသည်။

ထိုစာအုပ်ပါ ဆောင်းပါးတစ်နေရာတွင် စာရေးဆရာ ဒေးဗစ်က "ကျွန်တော့်အဖို့ ခွဲစိတ်ခန်းတစ်နေရာတွင် မားမားရပ်လျက်ရှိသော ဒေါက်တာ ဆန်ဒွတ်ကိုကြည့်လျက် 'သည်ကမ္ဘာတွင် လူတစ်ယောက်တည်းဖြင့်လည်း ထောင်ပေါင်းများစွာသော လူသားတို့ကောင်းကျိုးကို ဆောင်ရွက်ပေးနိုင်ပါပေသည်တကား' ဟု ကျူးရင့်မိသည်" ဟူ၍ ဖော်ပြထားသည်။

မင်းယုဝေ

အကိုး ။ ။ Readers Digest (Sep, 2013)



www.burmeseclassic.com

www.burmeseclassic.com



# မဝေးသော အနီးဆုံးနေရာ

နွေသဥ္ဇာ (ကန္တရဝတီ)

ကျွန်မအသက် တစ်ဆယ့်ငါးနှစ်အရွယ်ခန့်က ဖြစ်ပါသည်။ ကျွန်မတို့နေထိုင်ရာ ကလောမြို့လေးသို့ ရန်ကုန်မြို့၊ သဃ်န်း၊ကျွန်း ဗောဓိပက္ခိယ ဓမ္မရိပ်သာ (သဲအင်းဂူ)မှ ဆရာလေးတစ်ပါး ကြွလာသည်။ မြို့လယ်ဓမ္မာရုံကြီးတွင် ညစဉ် ခုနစ်ရက်တိုင်တိုင် အသုဘကမ္မဋ္ဌာန်းတရားများ ဟောကြား၍ တရားမှတ်စေပါသည်။ ထိုအချိန်မှစ၍ သေခြင်းတရားသည် ကျွန်မတို့နှင့် မဝေးသော အနီးဆုံးနေရာတွင် ရှိနေသည်ကို သတိပြုမိခဲ့သည်။

သတိပြုမိသည့်အချိန်မှစ၍ မိမိနှင့်ကိုက်ညီမည့် တရားများကို လေ့လာခဲ့သည်။ ဥပုသ်သီလဆောက်တည်ခဲ့သည်။ လုပ်ငန်းခွင်ဝင်ပြီးသည့်နောက်တွင် မိုးကုတ်ဝိပဿနာတရားများကို နာကြားခဲ့သည်။ ပဋိစ္စသမုပ္ပါဒ်သင်တန်းများတက်၍ နားလည်အောင် ကြိုးစားခဲ့သည်။ တရားစခန်းများ ရက်ရှည်ဝင်၍ ဝိပဿနာတရားကို နားလည်ရန် ကြိုးစားခဲ့သည်။ မော်လမြိုင်မြို့ ဖားအောက်တောရတရားစခန်းတွင် တစ်ကြိမ်၊ အောင်ပန်းမြို့ မိုးကုတ်တရားစခန်းတွင် တစ်ကြိမ် သီလရှင်ဝတ်၍ ဆရာတော်များ၏ တရားများကို လေ့လာဆည်းပူးခဲ့သည်။

ကျွန်မအသက် သုံးဆယ်ခန့်တွင် သတ္တဝါတို့သည် ဒုက္ခသံသရာတွင် အဖန်ဖန်လည်လျက် သံသရာဝဲဂယက်က မထွက်နိုင်ခြင်းမှာ 'တဏှာ' ဟူသော တပ်မက်မှုကြောင့်ဟု နားလည်ခဲ့ပါသည်။ ကျွန်မသည် လုပ်ငန်းခွင်တွင်လည်းကောင်း၊ မိသားစုအတွင်းတွင်လည်းကောင်း၊ ဆက်ဆံနေရသော ပတ်ဝန်းကျင်အသိုင်းအဝိုင်းထဲတွင်လည်းကောင်း လောဘ၊ ဒေါသ၊ မောဟ ကိလေသာ နည်းနိုင်သမျှနည်းအောင် ကြိုးစားနေထိုင်ခဲ့သည်။ မြတ်စွာဘုရားအလိုတော်အတိုင်း အမှန်ကန်ဆုံးဖြစ်အောင် ကြိုးစားအားထုတ်ခဲ့သည်။

ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် နေထိုင်စဉ် ရန်ကုန်သို့ အစည်းအဝေးတက်ရန် ခရီးထွက်ခဲ့သည်။ ကျွန်မနှင့်အတူ လူမှုဝန်ထမ်းဦးစီးအရာရှိ ညီမငယ်တစ်ဦးလည်း ပါသည်။ ည ၁၀-နာရီခွဲခန့်တွင် ခရီးသည်များ ကျန်းမာရေးအတွက် ကားရပ်ပေးပါသည်။ ညကလည်းမှောင်၊ အလင်းရောင်ကလည်း မရှိသဖြင့် ကျွန်မတို့နှစ်ယောက်မှာ လက်တွဲ၍ ကားဘေးတွင် ရပ်နေကြသည်။ လမ်းပေါ်တွင် ဆိုင်ကယ်များ၊ ကားများဖြတ်နေသဖြင့် သတိနှင့် ရှောင်နေရသည်။ ရှင်းပြီးယူဆ

www.burmeseclassic.com

၍ ဖြတ်ကူးလိုက်သည်တွင် ပျဉ်းမနားဘက်သို့ မောင်းလာသော ဆိုင်ကယ်တစ်စီးမှာ ကျွန်မ၏ ဘယ်ဘက်ခြမ်းကို ဝင်တိုက်လိုက်သည်။ ကျွန်မသည် တစ်ပတ်မကလည်ထွက်သွားပြီး ကတ္တရာလမ်းပေါ်သို့ပစ်ကျသွားသည်။ ခေါင်းနှင့် ကတ္တရာလမ်း ဆောင့်လိုက်သည်ကို သိလိုက်သည်နှင့် "ငါသေတော့မယ်၊ ခုအချိန်မှာ တရားသာမှတ်နေတော့မယ်" ဟု ချက်ချင်းသတိရ၍ တရားကိုသာ မှတ်နေလိုက်ပါသည်။

"သေသွားပြီထင်တယ်၊ ဆိုင်ကယ်သမားတွေ ဖမ်းထား။" ညီမငယ်၏ "အစ်မ၊ အစ်မ" ဟု ကျွန်မကို လှုပ်နိုးခေါ်သံများ ကျွန်မ လုံးဝမကြားတော့ပါ။ တရားမှတ်အားကောင်း၍ ဆက်မှတ်နေမှဉ် သတိဝင်လာသည်။ ထိုအခါ "ငါမသေသေးပါလား" ဟုသိပြီး ထရပ်လိုက်သည်။ ဝိုင်းအုံနေသော ခရီးသည် ၄၀-ကျော်မှာလည်း တစ်ယောက်တစ်ပေါက် မေးမြန်းနေကြသည်။ ကျွန်မ ဘာမှမဖြစ်ပါ။ တံတောင်ဆစ် အနည်းငယ်ပွန်းသွားရုံသာ ရှိသည်။ ဆံထုံးကြောင့်လည်း ခေါင်းကို မထိခိုက်ခဲ့ပါ။

ကျွန်မကို ဆိုင်ကယ်တိုက်သွားသော လူငယ်လေး ၃-ဦးမှာ နှစ်ဦးက ဒဏ်ရာပြင်းထန်စွာ ရသည်။ သူတို့က တောင်းပန်သည်။ ဘာလုပ်ပေးရမလဲ မေးသည်။ ဆိုင်ကယ်မီးမပါသဖြင့် ယခုကဲ့သို့ဖြစ်ရကြောင်း ပြောသည်။ ထိုလူငယ်များမှာ ပျဉ်းမနားနှစ်ကျိပ်ရှစ်ဆူဘုရားပွဲတွင် သီချင်းဆိုမည့် လူငယ်ကလေးများဖြစ်သည်။ ကျွန်မ စိတ်မကောင်းပါ။ "ငါ့အတွက် ဘာမှမလို၊ နောင်တွင် ဆိုင်ကယ်ကို သတိထားစီးကြရန်" ပြောပြီး ရန်ကုန်သို့ ခရီးဆက်ခဲ့ကြသည်။ ကျွန်မ မသေသေးပါ။

၂၀၀၂-ခု၊ ဧပြီလ ၂၂-ရက်နေ့တွင်လည်း အစည်းအဝေးတက်ရန် လေယာဉ်ဖြင့် စီးနင်းလိုက်ပါခဲ့သည်။ လေယာဉ်မယ်က ခါးပတ်ပတ်ရန် ခရီးသည်များကို သတိပေးသည်။ ခါးပတ်ပတ်ရန် ကြည့်လိုက်ရာ ခါးပတ်ကွင်းတစ်ခုမှာ ကျိုးနေသဖြင့် ပတ်မရပါ။ စီးနေကျဖြစ်၍လည်း မပတ်လည်း ရသည်ဟူသောအတွေးဖြင့် ဘုရားဂုဏ်တော်များကို ရွတ်ပွားရင်း အမှတ်ဖြင့်သာ လိုက်ပါခဲ့သည်။

လွိုင်ကော်၊ ရန်ကုန်ခရီးစဉ်သည် ပျံသန်းချိန် ငါးဆယ့်ငါးမိနစ်သာ ကြာသည်။ မိနစ်သုံးဆယ်ခန့် ပျံသန်းပြီးနောက် တောင်ငူမြို့ကိုဖြတ်စဉ် လေယာဉ်သည် လေမိ၍ (လေဟာနယ်သဲရောက်ခြင်း) ပျံသန်းနေစဉ် ပြုတ်ကျပါသည်။ ခါးပတ်ပတ်မထားသောကျွန်မသည် အပေါ်မြောက်တက်သွားကာ လေယာဉ်အပေါ်ပိုင်းကို ခေါင်းနှင့်ဆောင့်ပြီး ပြန်ကျသည်။ ဤတွင် နဖူးကိုလည်း လက်ကိုင်တန်းနှင့် ရိုက်မိ၍ ကျွန်မ သတိတစ်ချက်လစ်သွားသည်။ သတိပြန်ရသောအခါ ကလေးငယ်များငိုသံ၊ လူကြီးများ၏ အော်သံတို့ကို ကြားနေရသည်။ ပစ္စည်းများ ပြုတ်ကျသံကိုလည်း ကြားနေရသည်။ ကျွန်မသည်လည်း သေရမည်ဟုပင်တွေး၍ တရားကိုသာ မှတ်နေလိုက်ပါတော့သည်။

ထိုအချိန်တွင် လေယာဉ်သည် ပြန်တက်လိုက်၊ ပြန်ကျလိုက် ဖြစ်နေသည်။ ကျွန်မသည်လည်း ကြောက်စိတ်အထပ်ထပ်ကြားတွင် အမှတ်မပျက်

www.burmeseclassic.com

နေခဲ့ပါသည်။ လေယာဉ်ကြီး စက်သံအခြေအနေမှန် ပြန်ရောက်တော့မှ ပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ ကိုယ်ပေါ်တင်ထားသော လက်ကိုင်အိတ်များ တစ်ဖက်တစ်ခြားစီ ဖြစ်နေသည်။ လေယာဉ်ကြမ်းပြင်ပေါ်တွင်လည်း ပစ္စည်းများ မွစာကြဲနေသည်။ ဤတွင်လည်း ကျွန်မသည် သေကံမရောက်သေး၍ သက်မပျောက်သေးကြောင်း သိရပါသည်။

ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ၄၃-အထူးကားပေါ်မှ မြင်ခဲ့ရသော မြင်ကွင်းသည်လည်း ယခုတိုင် မျက်စိထဲတွင် စွဲထင်နေသည်။ မြောက်ဥက္ကလာပ၊ သုနန္ဒာလမ်းဆုံတွင် ကားများ ပိတ်နေသဖြင့် ကျွန်မစီးလာသော ၄၃-အထူးကားမှာ ဖြည်းဖြည်းချင်းသွားနေသည်။ ဤတွင် ကျွန်မ၏ ညာဘက်ခြမ်းကားမှန်မှမြင်တွေ့ရသော မြင်ကွင်းမှာ အသက် ၃၀-ခန့် မိန်းကလေးတစ်ယောက် ပက်လက်အနေအထားဖြင့် သေဆုံးနေသည်ကို တွေ့ရသည်။ နံနက်စောစော ကားများသို့ ပန်းရောင်းချသည့် မိန်းကလေးတစ်ဦး ဖြစ်သည်။ ညာဘက်လက်က ရောင်းပြီးငွေများကို ဆုပ်ကိုင်ထားပြီး ဘယ်ဘက်လက်က ရွှေပန်း၊ ငွေပန်း၊ စံပယ်ပန်းကုံးများ ဆုပ်ကိုင်လျက် အသက်ပျောက်နေသည်။ သူသည် ယနေ့သေမည်ဟုတော့ တွေးခဲ့မည်မထင်ပါ။ သေခြင်းတရားသည် သူနှင့် ကပ်လျက်ရှိနေသည်ကိုလည်း သတိပြုမိမည် မဟုတ်ပါ။

၂၀၁၀-ပြည့်နှစ်တွင် သယ်န်းကျွန်း ပုညာရာမ ရိပ်သာဆရာတော် ပျံလွန်သည့်သတင်းကို ဖတ်မိလိုက်သည့်အချိန်တွင်လည်း ရင်ထဲ၌ ဖော်မပြနိုင်လောက်အောင် ဆုံးရှုံးမှုတစ်ရပ်ကို ခံစားရပါသည်။ "သေခြင်းတရားကို ငါကော ဘယ်လိုပုံစံနဲ့ ကြုံတွေ့ရမလဲ။ ငါ့မှာ သတိတရားမပျက် အမှတ်နဲ့ သေနိုင်ပါ့မလား"ဟူသော ပူပင်စိတ်လည်း ဖြစ်ခဲ့သည်။ သို့သော် သံသရာလည်နေသရွေ့ ကျွန်မတို့ ဘာများ တတ်နိုင်ပါမည်နည်း။

ကျွန်မ၏အဖေသည် အသက် ၉၅-နှစ်ရှိပြီ ဖြစ်သည်။ အမေသည် အဖေထက် ၉-နှစ်ခန့် ငယ်သည်။ အမေသည် အသက် ၈၀-တွင် ကွယ်လွန်ခဲ့သည်။ အမေမဆုံးခင် သုံးလေးနှစ်ခန့်အချိန်တွင် အမေ့သားနှစ်ယောက်နှင့် မြေးတစ်ယောက် ကွယ်လွန်ခဲ့သည်။ သေခြင်းတရားသည် အရွယ်နှင့်လည်း မသက်ဆိုင်ပါ။ အရွယ်မရွေး ရင်ဆိုင်ရမည့် အရေးတစ်ခုအဖြစ် သတိရစေချင်ပါသည်။

ကျွန်မကို မွေးဖွားပေးခဲ့သော ကျေးဇူးရှင် မိဘနှစ်ပါးကြောင့် မြတ်စွာဘုရား၏ တရားတော်များကို နာကြားခွင့်ရခဲ့ပါသည်။ ဒုက္ခနှင့် ဒုက္ခသစ္စာကို သိရသဖြင့်လည်း သေခြင်းတရားကို အသိနှင့်သတိ အမြဲမပြတ် စောင့်ကြည့်နေပါသည်။

ကျွန်မသည် အဘိဓမ္မာတရားများကို သင်ကြားချင်ပါသော်လည်း အခြေအနေမပေးသဖြင့် မသင်ကြားနိုင်ခဲ့ပါ။ သို့သော် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ ရေးသားသော စာများနှင့် ဆရာတော်ဟောကြားသော တရားများကို အထပ်ထပ်ဖတ်ရှုနာကြားနေရသဖြင့် ဆရာတော်ဘုရားကို ကျေးဇူးအနန္တတင်လျက်၊ ဦးခိုက်လျက် ရှိပါသည်။

ကျွန်မသည် ကျွန်မနှင့်မဝေးသော အနီးဆုံးနေရာတွင် ရှိနေသည့် သေမင်းကို ဘယ်နေ့၊ ဘယ်နေရာ၊ ဘယ်အချိန်မှာ တွေ့ရမည်တော့ မသိပါ။ သေခြင်းကောင်းပါစေဟုသာ ဆုတောင်းနေမိပါသည်။

နွေသဉ္ဇာ (ကန္တရဝတီ)



www.burmeseclassic.com

www.burmeseclassic.com



# ကမ်းမှခွာပြီဆိုကတည်းက

သက်လှိုင်မျိုး (စက်မှုတက္ကသိုလ်)

ဤအဖြစ်သည် တကယ့်ဖြစ်ရပ်မှန် ဖြစ်ပါသည်။ ၂၀၁၀-ပြည့်နှစ်၊ နိုဝင်ဘာလအတွင်းက ကိုဝင်းသူတို့သင်္ဘောမှာ သွားလာနေရင်းက တောင်တရုတ်ပင်လယ်အတွင်း နစ်မြုပ်သွားခဲ့သည်။ ကိုဝင်းသူတို့သင်္ဘောက သံမြေကြီးတင်သည့် သင်္ဘောပင်ဖြစ်သည်။ သင်္ဘောပေါ်တွင် သင်္ဘောသား ၂၃-ယောက်ပါရှိသည်။ မြန်မာ ၁၂-ယောက်၊ ကိုရီးယား ၉-ယောက်၊ အင်ဒိုနီးရှား ၂-ယောက်ဖြစ်သည်။

သင်္ဘောမှာ မလေးရှားနိုင်ငံ၊ ပီနန်မြို့ကနေ တရုတ်နိုင်ငံသို့ ကုန်ချဖို့အသွား တောင်တရုတ်ပင်လယ်ထဲတွင် လှိုင်းလေများမရှိဘဲနှင့် ပင်လယ်ထဲ နစ်မြုပ်သွားရခြင်းပင်ဖြစ်သည်။

သင်္ဘောနစ်သည့်နေ့က ကိုဝင်းသူသည် နံနက် ၄-နာရီတွင် အလုပ်ဝင်သည်။ ၈-နာရီ ဂျူတီအပြီး အိုဗာတိုင်အဖြစ် နံနက် ၁၀-နာရီခွဲအထိ အလုပ်လုပ်သည်။ အလုပ်ပြီး၍ အခန်းထဲတွင်အိပ်နေစဉ် နံနက် ၁၁-နာရီခန့်တွင် သင်္ဘောက ညာဘက်စောင်းသွားသည်ကို သတိပြုမိလိုက်သည်။ ထွက်ကြည့်လိုက်တော့ သင်္ဘောက ညာဘက်တွင် ၁၂-ဒီဂရီလောက် စောင်းနေသည်။

ကပ္ပတိန်၏အော်ဒါအရ သင်္ဘောသားများက သင်္ဘောအလယ်တွင်ရှိသော ဘယ်ဘက်အခြမ်းက သံကန်ထဲသို့ ရေဖြည့်လိုက်သောအခါ သင်္ဘော ပြန်တည့်သွားသည်။ ကိုဝင်းသူလည်း ဘာမှမဖြစ်နိုင်တော့ဘူးအထင်ဖြင့် သူ့အခန်းထဲသို့ ပြန်ဝင်၍ အနားယူနေသည်။ မွန်းလွဲ ၂-နာရီလောက်တွင် သင်္ဘောထဲ ရေများ စတင်ဝင်လာသည်။ ထိုအချိန်မှာပင် သတိပေးခေါင်းလောင်းသံများ ဆူညံစွာ အော်မြည်လာသည်။

သို့နှင့် ကိုဝင်းသူလည်း အသက်ကယ်အင်္ကျီကို အမြန်ဝတ်ဆင်ပြီး သင်္ဘောအပြင်ဘက်ကို ထွက်ကြည့်သည်။ သင်္ဘောကြီးသည် ပဲ့ပိုင်းမြုပ်နေပြီး ဦးပိုင်းကလည်း ထောင်နေသည်ကို တွေ့ရသည်။ ကိုဝင်းသူသည် အတော်ပင် ထိတ်လန့်တုန်လှုပ်သွားသည်။ ထိုအချိန်တွင် တတိယအင်ဂျင်နီယာ ကိုကျော်ဝင်းမှာ ပင်လယ်ရေထဲသို့ အရင်ခုန်ချသွားသည်။ သူခုန်ချအပြီး ဆီလောင်း ကိုဝင်းသူလည်း ခုန်ချသွားပါသည်။ ရှေ့ဆင့်နောက်ဆင့် ခုန်ချကြသည်မှာ ၇-ယောက်ဖြစ်သည်။ ဤတွင် မြန်မာ ၆-ယောက်၊ အင်ဒိုနီးရှား ၁-ယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့နှင့် ပေ ၂၀-လောက်အကွာတွင် အသက်ကယ်လှေတစ်စီး ရှိနေပါသည်။ သို့သော်လည်း သင်္ဘောကြီးနှင့် အလွန်နီးကပ်နေသဖြင့် သင်္ဘောမြုပ်လျှင် ဝဲဂယက်ရေအားနှင့် ပါသွားမည် စိုးရိမ်၍ ကိုဝင်းသူသည် အသက်ကယ်လှေဆီသို့ မသွားဘဲ သင်္ဘောနှင့် ဝေးနိုင်သမျှဝေးအောင် ကြိုးစားပြီး ကူးခပ်နေသည်။ ထိုစဉ် ပင်လယ်ထဲမှာ လှိုင်းလုံးကြီးများ လာနေသဖြင့် လှိုင်းလုံးအမြင့်က ၁၅-ပေခန့်ရှိသည်။

ကိုဝင်းသူတို့နှင့် မလှမ်းမကမ်းတွင် တက်မကိုင် ကိုလှမြင့်တစ်ယောက်သာ အသက်ကယ်လှေတစ်စီးပေါ်တွင် ရှိနေပါသည်။

လှိုင်းပုတ်ရင်း၊ ပုတ်ရင်းနှင့် ကိုဝင်းသူတို့သည် သူတို့သင်္ဘောကြီးနှင့် တဖြည်းဖြည်းဝေး၍ သွားပါပြီ။ သူတို့သည် အဖွဲ့လိုက်ပင် မျောပါသွားကြသည်။ တခြားသူတွေကတော့ ဘယ်လိုဖြစ်သွားသည်ဆိုတာ မသိတော့ပါ။ သူတို့သင်္ဘောကြီးလည်း ပင်လယ်ရေထဲ မြုပ်သွားခဲ့ပါပြီ။

ကိုဝင်းသူတို့ လူတစ်စု ပင်လယ်ရေထဲ မျောနေသည်မှာ ၄-နာရီလောက်ကြာမည် ထင်သည်။ ညနေ ၆-နာရီကျော်လောက်တွင် ကိုဝင်းသူတို့သည် ကယ်ဆယ်မည့် သင်္ဘော ၂-စီးကို အဝေးက လှမ်းမြင်နေရသဖြင့် သူတို့ အားတက်လာကြပါသည်။

ထိုအချိန်မှာပင် ရဟတ်ယာဉ်တစ်စီးကလည်း ကောင်းကင်ပေါ်ကနေ ကိုဝင်းသူတို့ကို လာရောက်ရှာဖွေနေပါသည်။ ကိုဝင်းသူတို့က အချက်ပြမည်ဆိုပြီး အသက်ကယ်အင်္ကျီက လျှပ်စစ်မီးကို ဖွင့်ဖို့လုပ်တော့ ပင်လယ်ရေ ဝင်နေသဖြင့် မီး လုံးဝမပွင့်တော့ပါ။ သို့သော်လည်း သူတို့တစ်စု စိတ်ဓာတ်မကျဘဲ အားတင်းပြီး လာကယ်မည့်အချိန်ကို စောင့်နေပါသည်။ ထိုအခါ နောက်ထပ် သူတို့နားရောက်လာသည့် ကိုရီးယားသင်္ဘောသား ၂-ယောက် အပါအဝင် အားလုံး လူ ၉-ယောက်ကို တရုတ်သင်္ဘောတစ်စီးက ကယ်ဆယ်သွားသည်။

ကိုဝင်းသူတို့သည် ကယ်ဆယ်သည့် ဝ-မှတ် သင်္ဘောပေါ်သို့ ရောက်သောအခါ အားလုံး အဝတ်အစားတွေ လဲလှယ်ဝတ်ဆင်ပေးသည်။ နွေးထွေးသွားအောင်လည်း ချင်းပြုတ်ရည် တိုက်ကျွေးသည်။ ခေါက်ဆွဲပြုတ်များကိုလည်း ချက်ချင်း ချကျွေးသည်။ မိသားစုနှင့်ဆက်သွယ်ဖို့လည်း စီစဉ်ပေးသည်။ တရုတ်သင်္ဘောက ကပ္ပတိန်သည် သူတို့ကို အတော်ပင် ဂရုစိုက်သည်။ ထိုတရုတ်သင်္ဘောပေါ်တွင် ကိုဝင်းသူတို့ ၅-ရက်လောက် နေလိုက်ရသည်။

တရုတ်နိုင်ငံ၊ ရှန့်ဟိုင်းမြို့နားက ဆိပ်ကမ်းသို့ ရောက်သည်နှင့် တရုတ်သံရုံးက တာဝန်ရှိသူများ လာရောက်တွေ့ဆုံကြသည်။ ကိုဝင်းသူတို့ သင်္ဘောကုမ္ပဏီ အေးဂျင့်ကလည်း ဟိုတယ်မှာ နေထိုင်ဖို့ စီစဉ်ပေးသည်။ ဗီဇာရဖို့ ကိုဝင်းသူတို့ တစ်ရက်လောက် ထပ်မံစောင့်ဆိုင်းလိုက်ရသည်။ ဤသို့ဖြင့် တရုတ်နိုင်ငံတွင် ၂-ရက်ကြာသွားသည်။ ဒီဇင်ဘာလ ၄-ရက်နေ့တွင် ရှန်ဟိုင်းမြို့ကနေ ဘန်ကောက်၊ ဘန်ကောက်မှတစ်ဆင့် ရန်ကုန်လေဆိပ်သို့ ရောက်ရှိသည်။

ရန်ကုန် မင်္ဂလာဒုံလေဆိပ်တွင် သက်ဆိုင်ရာ တာဝန်ရှိလူကြီးများနှင့် ကုမ္ပဏီကိုယ်စားလှယ်များ၊ သင်္ဘောသားတို့၏ မိသားစုဝင်များ



www.burmeseclassic.com

www.burmeseclassic.com

လာရောက်ကြိုဆိုကြသည်။ သင်္ဘောနစ်မြုပ်ရာမှ ပြန်လည်လွတ်မြောက်လာသော ကိုဝင်းသူက

"အခုလို အသက်မသေဘဲ ကိုယ့်တိုင်းပြည်ကို ပြန်ရောက်လာတဲ့အတွက် ဝမ်းသာပါတယ်။ ဒါပေမဲ့ ပျောက်ဆုံးနေသေးတဲ့ ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကို အတော်စိတ်မကောင်းဖြစ်မိတယ်။ သူတို့ကိုလည်း ပြန်ရှာတွေ့လိမ့်မယ်လို့ ထင်ပါတယ်။ ပြန်ရောက်လာလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်" ဟု ပြောပြပါသည်။

တက်မကိုင် ကိုလှမြင့်ကလည်း "ဘုရား၊ တရား၊ သံဃာနဲ့ ဆရာ၊ မိဘဂုဏ်ကျေးဇူးကြောင့် အသက်ဘေးက လွတ်မြောက်ခဲ့တာပါ။ ပျောက်ဆုံးနေတဲ့သူတွေအတွက်လည်း အမြန်ဆုံး ပြန်လာနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်" ဟု ဆိုပါသည်။ ပထမအသုတ်ဖြင့် ရန်ကုန်သို့ ပြန်ရောက်လာသည်မှာ ကိုဝင်းသူ၊ ကိုလှမြင့်နှင့် ကိုကျော်ဝင်းတို့ ဖြစ်သည်။

သင်္ဘောနစ်မြုပ်ရာတွင် ပျောက်ဆုံးနေသော မြန်မာသင်္ဘောသားများအနက် ကျန်နေသော ၈-ယောက်မှာ နောက် ၃-ရက်အကြာတွင် ရန်ကုန်သို့ ချောချောမောမော ပြန်လည်ရောက်ရှိလာခဲ့သည်။ ကုသိုလ်ကံအကြောင်းမလှသော မြန်မာသင်္ဘောသားတစ်ယောက်မှာ ကယ်ဆယ်၍ရသော်လည်း အသက်ပါမလာတော့ပေ။ ထို့ကြောင့် အားလုံး ဝမ်းနည်းခဲ့ရသည်။

**သက်လှိုင်မျိုး (စက်မှုတက္ကသိုလ်)**


## မင်္ဂလာမောင်မယ်ရုပ်စုံစာစောင်

(ထူးချွန်သူတိုင်း မင်္ဂလာမောင်မယ် ဖတ်ကြသည်။)

✤ လစဉ်မှန်မှန် ချီတက်လျက်ရှိသည်မှာ နှစ်ပေါင်း ၂၆-နှစ်ရှိလာပါပြီ။

✤ ကျောင်းသူ၊ ကျောင်းသားများနှင့် လူကြီး၊ လူငယ်မရွေး စိတ်ကောင်းရှိအောင်၊ စာရိတ္တကောင်းအောင်၊ အများအကျိုးဆောင်လိုစိတ်ရှိအောင်၊ စိတ်ဓာတ်ကြံ့ခိုင်အောင်၊ ဗဟုသုတကြွယ်ဝအောင်၊ ကျောင်းသင်ခန်းစာတွင် အထောက်အကူပြုအောင် ပန်းချီ၊ ဓာတ်ပုံ၊ ရုပ်ပုံမျိုးစုံဖြင့် အမျိုးမျိုး တီထွင်ကြံဆထုတ်ဝေလျက်ရှိပါသည်။

✤ တစ်ကြိမ်ဖတ်ဖူးသူတိုင်း နှစ်သက်သဘောကျ၍ စဉ်ဆက်မပြတ် ဖတ်ရှုချင်အောင်နှင့် ထာဝစဉ် သိမ်းဆည်းထားချင်အောင် စီစဉ်ထားပါသည်။

✤ လူတိုင်းဖတ်နိုင်အောင်လည်း ဈေးနှုန်းချိုသာစွာဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။



အယ်ဒီတာအဖွဲ့ – ၈/၄၊ ပထမထပ်(က)၊
ဓမ္မာရုံ(၁)လမ်း၊ ၁၁–ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၄၂၁၁၂၄၉၃၆

ဖြန့်ချိရေး – မင်္ဂလာရောင်ခြည်စာပေ
အမှတ်–၂၆၆၊ မြေညီထပ်(ဝဲ)၊
လမ်း–၄၀(အထက်)၊ ၉–ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း – ၀၁ ၃၇၄၄၁၂




www.burmeseclassic.com

www.burmeseclassic.com



သင့်ကျန်းမာရေး

# အန္တရာယ်ကင်းအောင် ချက်ပြုတ်နည်း

ပါမောက္ခဒေါ်ခင်ဖြူ (မြင်းခြံ)

အန္တရာယ်ကင်းစွာ အစာအာဟာရများကို အရသာရှိရှိ စားသုံးနိုင်ရန် ဟင်းချက်သည့်အခါ ဟင်းခတ်ဘယ်ချိန်ထည့်လျှင် ကောင်းမည်နည်း။ မည်သည့်ဟင်းခတ်ထည့်လျှင် ကောင်းမည်နည်း။

**ဆီ**

ကြော်လှော်သည့်အခါ ဆီကျက်အောင်စောင့်လျှင် ဆီ၏အပူချိန် ၂၀၀°C ကျော်သွားနိုင်သည့်အတွက် Propenal (ပရိုပနောလ်)ခေါ် အန္တရာယ်ပြုဓာတ်ငွေ့ ထွက်လာနိုင်သည်။ ဤအငွေ့သည် ကင်ဆာရောဂါ ဖြစ်စေလွယ်သော Peroxide (ပါအောက်ဆိုဒ်)ပစ္စည်း အပြောက်အမြား ပြောင်းလဲဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ဟင်းရွက်ကြော်လျှင် ၈၀% ခန့်ကျက်သောဆီနှင့် ကြော်ချက်လျှင် သင့်လျော်သည်။

အဆီဓာတ်သည် အချို့သော အင်တီဘိုင်အိုတစ်ဆေး (ပိုးသတ်ဆေး)၏ အာနိသင်ကို လျော့နည်းစေနိုင်ပါသည်။ အဆီဓာတ်သည် သံဓာတ်ဖြည့်အားဆေး(ဖဲရပ်ဆာဖိတ်)ကို ဓာတ်ပြယ်စေနိုင်သည်၊ ထို့ကြောင့် ထိုဆေးသောက်နေသူများသည် ဆီကို ဆင်ခြင်စားသုံးသင့်သည်။

**ပဲငံပြာရည်**

အပူချိန်မြင့်မြင့်နှင့် ကြာကြာချက်လျှင်လည်း ပဲငံပြာရည်၏ အာဟာရဓာတ်ပျက်စီးပြီး လတ်ဆတ်ချိုမွှေးသော အရသာလည်း ပျက်ပြားသွားနိုင်ပါသည်။ ထို့ကြောင့် အိုးချခါနီးမှ ပဲငံပြာရည် ထည့်သင့်သည်။

အထူးသတိပြုရန်မှာ နှလုံးသွေးကြောရောဂါ ကုဆေးဝါး၊ အစာအိမ် အူလမ်းကြောင်းရောဂါ ကုဆေးဝါး၊ တီဘီရောဂါကုဆေးဝါးများ စားသုံးနေသူသည် ပဲငံပြာရည် လုံးဝ မစားသုံးသင့်ပေ။

**ဆား**

ဟင်းသီးဟင်းရွက် ကြော်ချက်ရာတွင် အာဟာရဓာတ် မဆုံးရှုံးစေရန် ဟင်းအိုးချခါနီးမှ ဆား

---

**WHOမှ စံပြုထားသော စားသင့်သည့် ဆားပမာဏမှာ လူတစ်ဦး တစ်ရက်လျှင် ၅-ဂရမ်(သို့) ၆-ဂရမ် (၀.၄-ကျပ်သားခန့်)သာ ဖြစ်သည်။ သွေးတိုး၊ ဆီးချို၊ ကျောက်ကပ်ရောဂါ ရှိသူများသည် အတတ်နိုင်ဆုံး ဆားကို ရှောင်ရမည်။**

---



www.burmeseclassic.com

www.burmeseclassic.com

ခေတ်လေ့ရှိသည်။ သို့သော် မြေပဲဆီနှင့် ကြော်ချက်သည့်အခါတွင်မူ ဆီတွင် ပါလေ့ရှိတတ်သော မှိုမျိုးကိုသတ်ရန် ဆီပူထဲဦးစွာ ဆားထည့်ပြီးမှ ဟင်းသီးဟင်းရွက်ထည့်ကြော်ခြင်းဖြင့် ကင်ဆာဖြစ်ခြင်းမှ ကာကွယ်နိုင်ပါသည်။ ဝက်ဆီ၊ ငါးဆီနှင့် ဟင်းချက်လျှင် ဆားတစ်ဝက်ကို ဦးစွာ ထည့်နိုင်သည်။ အသားဟင်းချက်သည့်အခါ အသားနူးညံ့စေရန်အတွက် အသား ၈၀%ခန့် ကျက်သောအခါတွင် ဆားထည့်လျှင် စား၍ကောင်းပါသည်။

အထူးသတိပြုသင့်သည်မှာ WHO မှ စံပြုထားသော စားသင့်သည့် ဆားပမာဏမှာ လူတစ်ဦး တစ်ရက်လျှင် ၅-ဂရမ်(သို့) ၆-ဂရမ် (၀. ၄-ကျပ်သားခန့်)သာ ဖြစ်သည်။ သွေးတိုး၊ ဆီးချို ကျောက်ကပ်ရောဂါ ရှိသူများသည် အတတ်နိုင်ဆုံး ဆားကို ရှောင်ရမည်။

### ဗင်နီကာ

ရှလကာရည်ဟုလည်း ခေါ်သည်။ ဟင်းရွက်ကြော်သည့်အခါ ဒယ်အိုးချခါနီးတွင် ဗင်နီကာရည်အနည်းငယ် သို့မဟုတ် ဗင်နီကာနှင့် ကော်မှုန့်အနည်းငယ် ရေဖျော်ပြီး လောင်းထည့်မွှေပေးလျှင် ဟင်းရွက်တွင်းရှိ ဗီတာမင်စီကို ထိန်းထားနိုင်သည်။ ထို့ပြင် ကယ်စီယမ်၊ ဖော့စဖောရပ်၊ သံ စသည့် သတ္တုဓာတ်များ ပျော်ဝင်စေပြီး ဟင်းလျာ၏ အာဟာရဓာတ်တန်ဖိုး မြှင့်တင်ပေးကာ ခန္ဓာကိုယ်မှ အာဟာရဓာတ် ရယူမှုကိုလည်း အားပေးသည်။

သို့သော် ဆာဖာနီလာမိုက်ဆေးများသည် ဗင်နီကာနှင့်ပေါင်းစပ်၍ ပုံဆောင်ခဲဖြစ်လွယ်သဖြင့် ကျောက်ကပ်ကို ထိခိုက်နိုင်ပါသည်။ ထိုဆေးများသောက်နေလျှင် သတိပြုသင့်သည်။

### အရက်

ငါးဟင်း၊ ဆိတ်သားဟင်းချက်သည့်အခါ ညှီနံ့ပျောက်အောင် အရက်အနည်းငယ် ထည့်နိုင်ပါသည်။ အရက်ထည့်သည့်အချိန်သည် ဟင်းအိုးအပူဆုံးအချိန်ဖြစ်သည်။ အသားမျှင်ကြော်သည့်အခါ မကျက်တကျက်အချိန်တွင် ထည့်နိုင်သည်။ ငါးကြော်ပြီးချိန်တွင် အရက်ထည့်နိုင်သည်။ ပုစွန်ကျက်သည့်အခါ အရက်ထည့်နိုင်သည်။ ဟင်းရည်အိုးဆိုလျှင် မီးအေးနှင့် နှပ်သည့်အခါတွင် အရက်ထည့်နိုင်သည်။

### အချိုမှုန့်

အပူချိန် ၁၂၀°C ကျော်လျှင် အချိုမှုန့်သည် ဓာတ်ပြောင်းလဲကာ အရသာမချိုတော့သည့်အပြင် အဆိပ်လည်း ဖြစ်စေပါသည်။ ထို့ကြောင့် အချိုမှုန့်ကို ဟင်းကျက်ပြီး အိုးအချမှာ ထည့်သင့်ပါသည်။ အထူးသတိပေးလိုသည်မှာ အချိုမှုန့်အစားများလျှင် လူ့ခန္ဓာကိုယ်တွင်းရှိ အာရုံကြောများ ထိခိုက်သည့်အတွက် ခေါင်းမူး၊ ခေါင်းကိုက်၊ ခေါင်းအုံ၊ အကြောတက်၊ ကြွက်တက် ဖြစ်တတ်သည်။ ထို့ပြင် အသက်ကြီးသူနှင့် ကလေးငယ်များ၊ နှီတိုက်မိခင်များနှင့် သွေးတိုးရောဂါ၊ ကျောက်ကပ်ရောဂါရှိသူများ မစားသင့်ပေ။

ပါမောက္ခ ဒေါ်ခင်ဖြူ (မြင်းခြံ)

အကိုး ။ ။ ၂၅-၂-၂၀၁၃ ရက်နေ့ထုတ်

Golden Phoenix စာစောင်မှ။



www.burmeseclassic.com

www.burmeseclassic.com

# ကံကံ၏အကျိုး

## ငရဲမကြောက်၍ လိမ်ဝံ့သူ

ပညာရေးဌာနမှ အငြိမ်းစားယူပြီးနောက် ကျွန်မသည် ဓမ္မစာပေ၊ ရသစာပေများကို အချိန်အားသည်နှင့် ဖတ်ရှုခွင့်ရနေပါသည်။ ဝိပဿနာဘာဝနာကိုလည်း အားထုတ်ခွင့်ရခဲ့ပါသည်။

ကျွန်မသည် မင်္ဂလာဒုံမြို့နယ်ရှိ ------ ပဲခူးသီလရှင်စာသင်တိုက်တွင် တရားအားထုတ်ရန် ရောက်ရှိနေပါသည်။ ထိုသီလရှင်တိုက်ရှိ သီလရှင်ငယ်လေးများမှာ ဘုန်းတော်ကြီးသင်အထက်တန်းကျောင်းတွင် အတန်းပညာကိုလည်း သင်ယူနေကြပါသည်။ သီလရှင်လေးများမှာ မူလတန်းအဆင့်မှ အလယ်တန်းအဆင့်အထိ အတန်းစုံပါသည်။ ကျွန်မသည် သီလရှင်လေးများကို ညနေတွင် အင်္ဂလိပ်စာနှင့်သင်္ချာ သင်ပေးပါသည်။ အေးချမ်းစွာ ဘာဝနာပွားရင်း ပညာဒါနကို ဝေငှပေးခဲ့ပါသည်။

တစ်နေ့ သီလရှင်ကျောင်းတွင် အုတ်တံတိုင်းကာနေသောကြောင့် ခြံတံခါးကို ဖွင့်ထားသည်။ ထိုစဉ် သပ်ရပ်စွာ ဝတ်ဆင်ထားသော လူလတ်ပိုင်း လူရွယ်တစ်ဦး ကျောင်းထဲသို့ ဝင်လာသည်။ သူသည် ပဲခူးကဖြစ်ကြောင်း၊ ပဲခူးတွင် ဘုန်းကြီးကျောင်းတစ်ကျောင်း ဆောက်လုပ်ရန် ခြံရှင်းရာ သစ်ပင်ကြီးငယ်များကို ခုတ်ရကြောင်း၊ ပဲခူးသီလရှင်စာသင်တိုက်ဟု ဆိုင်းဘုတ်တွေ့၍ ဝင်လာခြင်းဖြစ်ကြောင်း၊ ဤကျောင်းတွင် ထင်းအသုံးလိုပါက ထင်းများ လှူဒါန်းလိုကြောင်း ပြောပြပါသည်။

ထိုအချိန်က တိုက်ဆိုင်စွာပင် ကျွန်မဖတ်နေသော စာအုပ်မှာ မေတ္တာရှင်(ရွှေပြည်သာ)၏ "ယုံမှတ်လို့ပုံအပ်မိသူများအကြောင်း" စာအုပ် ☞





www.burmeseclassic.com

www.burmeseclassic.com

# တန်ပြန်အကျိုး

နက်တလင်းမြို့နယ်အနောက်ဘက် နှစ်မိုင်ခွဲခန့်အကွာတွင် သရက်ကုန်းရွာလေး တည်ရှိ၏။ အိမ်ခြေသုံးဆယ်ခန့်သာ ရှိပြီး အများစုမှာ စိုက်ပျိုးရေးဖြင့် အသက်မွေးကြသည်။

လယ်ယာမြေရှိသူတို့က မိုးရာသီတွင် စပါးစိုက်ပျိုးကြ၍ ခြံမြေရှိသူတို့ကမူ ငရုတ်၊ သခွား၊ ရုံးပတီ၊ ခရမ်း စသည့်သီးနှံများ စိုက်ပျိုးကြသည်။

သရက်ကုန်းရွာသား ကို×××× သည် ခြံမြေသီးနှံများ စိုက်ပျိုးရာ၌ အကျိုးပေးသဖြင့် နှစ်စဉ် ဝင်ငွေကောင်းစွာရ၏။ အထူးသဖြင့် မိုးရာသီတွင် ကို××× အားကိုးအားထား စိုက်ပျိုးသည်မှာ မိုးမျှော်ငရုတ်ပင်များဖြစ်သည်။ မိုးမျှော်ငရုတ်ပင်ဟု ခေါ်ခြင်းမှာ အသီးသီးသည့်အခါ အသီးများ မိုးပေါ် ထောင်၍ သီးသောကြောင့်ပင် ဖြစ်သည်။

မိုးမျှော်ငရုတ်ပဲ ဖြစ်ဖြစ်၊ မည်သည့်ငရုတ်ပဲဖြစ်ဖြစ် မိုးရာသီ၌ ရေဝပ်ခြင်းကို မနှစ်သက်ပေ။ ရေကြာကြာဝပ်လျှင် အပင်များ ညှိုးဝါ၍ သေသွားပါတော့သည်။ ထို့ကြောင့် ငရုတ်စိုက်ပျိုးသူတိုင်း မိုး

---

☞ ဖြစ်ပါသည်။ လူလိမ်လူညာတို့၏ အန္တရာယ်အမျိုးမျိုးကို ကာကွယ်ပေးမည့် တကယ့်ဖြစ်ရပ်မှန်များကို ဖော်ပြထားသော စာအုပ်ဖြစ်သည်။ ကျွန်မသည် ထိုသူကို အကဲခတ်လိုက်သည်။ မယုံကြည်နိုင်အောင်လည်း ဖြစ်မိသည်။ အဘယ့်ကြောင့်ဆိုသော် သူ၏မျက်လုံးများက ဂနာမငြိမ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် အုပ်ချုပ်သူဆရာကြီးများမရှိကြောင်း၊ လျှပ်စစ်မီးနှင့် ချက်ပြုတ်သောကြောင့် ထင်းလည်းမလိုကြောင်း ပြန်ပြောလိုက်သည်။ ထိုသူက ဆရာကြီးတို့ပြန်လာမှ တစ်ခေါက်လာဦးမည်ဟု ပြောသွားပါသည်။

ဆရာကြီးနှစ်ပါး ပြန်ကြွလာသောအခါ အကြောင်းစုံကို ပြောပြပြီး မယုံသင်္ကာဖြစ်မိကြောင်းလည်း လျှောက်လိုက်ပါသည်။ မွန်းလွဲနှစ်နာရီခန့်တွင် ထိုသူနောက်တစ်ခေါက်ပြန်ရောက်လာသည်။ ဆရာကြီးတစ်ပါးနှင့် ပြောဆိုနေပါသည်။ ခဏအကြာတွင် ဆရာကြီးက ကျောင်းပေါ်သို့ တက်လာကာ ငွေ ၄၀၀၀-ကျပ် တောင်းပါသည်။ ထိုအခါ "တပည့်တော် မနက်ကတည်းက ထင်းမလိုဘူးပြောပြီးပါပြီဘုရား။ ငွေက ဘာလုပ်ဖို့ပါလဲဘုရား" ဟု ကျွန်မက သီလရှင်ဆရာကြီးကို မေးလျှောက်ရာ -

"ထင်းက ကားတစ်စီးစာ ပို့ပေးမှာ။ ကားဆီဖိုးတောင်းလို့ ပေးလိုက်မယ်။ ထင်းက အလှူအတန်းမှာ သုံးရတာပေါ့" ဟု သီလရှင်ဆရာကြီးက ပြောပါသည်။

"မဟုတ်ဘူးနဲ့တူပါတယ်ဘုရား၊ ဆီဖိုးယူသွားပြီး ထင်းလာမပို့ရင်ကော ဘုရား။"

"ငရဲမကြောက်လို့ သီလရှင်တွေကို လာလိမ်လည်း သူ့အကုသိုလ်ပေါ့ဒကာမကြီး" ဟုပြောပြီး ထိုသူ့ကို ငွေပေးလိုက်ပါသည်။

တကယ်ပဲ ငရဲမကြောက် အကုသိုလ်နောက်လိုက်၍ လိမ်သွားပါသည်။ ထင်းတိုတစ်စမျှ လာမပို့ဘဲ ထိုလူလည်း ပျောက်သွားပါတော့သည်။

ဋ္ဌေးဋ္ဌေး (မြို့နယ်ပညာရေးမှူး-ငြိမ်း)



www.burmeseclassic.com

www.burmeseclassic.com

ရာသီ၌ မိမိတို့၏ငရုတ်ခင်း ရေမဝပ်အောင် ဂရုစိုက်ကြရသည်။

မိုးရာသီကာလတစ်နေ့တွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ကို××××၏ ငရုတ်ခင်း၌ ရေများဖွေးနေသည်။ ထိုအခါ ကို××× က မိမိငရုတ်ပင်များ သေမည်စိုးရိမ်ပြီး အနီးရှိ ဒေါ်×××၏ နှမ်းခင်းထဲသို့ မပြောမဆိုဘဲ ရေများ ဖောက်ချလိုက်လေသည်။ ငရုတ်ပင်သည် ရေဝပ်ခြင်းကို မနှစ်သက်သလို နှမ်းပင်သည်လည်း ရေဝပ်ခြင်းကို မနှစ်သက်ပေ။ ဒေါ်××× က သူ့နှမ်းခင်းကို လာကြည့်ရာ ကို××× ရေများဖောက်ချထားသည်ကို တွေ့၏။ ဒေါ်××× စိတ်ဆိုးသည်မှာလည်း ကို×××သည် မိမိနှမ်းခင်းထဲသို့ ရေဖောက်ချရုံသာ လုပ်ပြီး နှမ်းခင်းထဲမှရေများကို အောက်ရိုးမြောင်း အနိမ့်ထဲသို့ ရေစီးသွားအောင် မြောင်းဆက်လက်ဖောက်မပေးသည့် လုပ်ရပ်ကြောင့်ပင်ဖြစ်၏။ ရေကြာကြာဝပ်နေသော နှမ်းခင်းသည်လည်း မကြာမီ ညှိုးမှိုင်၍ သေပေတော့မည်။ ဒေါ်××× သည် စိတ်ပေါက်ပေါက်နှင့် ကို××× ဖောက်ချထားသော ကန်သင်းကြားမှ ကတွတ်ပေါက်များကို မြေဖို့ပိတ်ပစ်လိုက်သည်။



နောက်တစ်နေ့၌ ကို××× သည် ငရုတ်ခင်းကို လာကြည့်စဉ် ပိတ်ထားသော ကတွတ်ပေါက်များကိုတွေ့၍ ဒေါသဖြင့် မသင့်လျော်သောလုပ်ရပ်ကို လုပ်လေတော့သည်။ မြို့ပေါ်က မြက်ရိုင်းသတ်ဆေးများကို ဝယ်လာပြီး ဒေါ်×××၏ နှမ်းခင်းကို ညပိုင်း၌ တိတ်တဆိတ်သွား၍ ဖျန်းလိုက်လေသည်။ ထိုမျှနှင့်အားမရဘဲ နှမ်းပင်များကို တံစဉ်နှင့် ကွက်ကျားလျှောက်ချိတ်၍ ဖြတ်ပစ်လိုက်သည်။ နှမ်းခင်းပိုင်ရှင် ဒေါ်××× မှာ မိမိစိုက်ခင်းကို ဖျက်ဆီးခံရသော်လည်း ပြုလုပ်သူကို မျက်မြင်မတွေ့ရသဖြင့် မည်သို့မျှ မလုပ်နိုင်ခဲ့ချေ။ ထို့ကြောင့် မိမိအား မကောင်းကြံသူအပေါ် ချမ်းသာပါစေ၊ ကျန်းမာပါစေဟုသာ မေတ္တာပို့နေခဲ့သည်။

နှမ်းရိတ်ချိန်ကိုကျော်လွန်၍ မိုးနှောင်းပိုင်းအရောက်တွင် မကြုံစဖူး မုန်တိုင်းမိုးကြီးများ လေးငါးရက်ဆက်၍ ရွာပါသည်။ ချောင်းမြောင်းအင်းအိုင်များတွင် ရေများ အဆမတန် လျှံနေသည့်အပြင် ယခင်နှစ်အခါများက ချောင်းရေ၊ မြောင်းရေ တစ်ခါမျှ မရောက်ဘူးသော ကုန်းပိုင်းကျသည့် ယာခင်းများသို့ပင် ရေများ ဒလဟောဝင်ရောက်လာပါသည်။ ကို××× ၏ ငရုတ်ခင်းများသည် နေအိမ်အနီး ကုန်းမြင့်များအပေါ်အထိ စိုက်ပျိုးထားသော်လည်း ရေနစ်သည့်အထဲ တစ်ခင်းမကျန် ပါသွားလေသည်။ နှစ်စဉ် ငရုတ်သီးဖိုးနှင့် ငွေရှင်မြဲဖြစ်သော ကို××× အဖို့ ဝင်ငွေလုံးဝမရဘဲ ဆုံးရှုံးနစ်နာခဲ့လေသည်။

ကို××× ၏အဖြစ်ကို သေချာစဉ်းစား ဝေဖန်ကြသူများက သူပြုသည့်မကောင်းကျိုးကို သူကိုယ်တိုင် တန်ပြန်ခံစားရခြင်းဖြစ်သည်ဟု ယုံကြည်ယူဆနေကြပါတော့သည်။

ညွန့်ဝင်း (နတ်တလင်း)



www.burmeseclassic.com

www.burmeseclassic.com

# ပဌာန်းဒေသနာနှင့် မျက်မမြင်အဘွားအို

လွန်ခဲ့သောနှစ်၊ တပေါင်းလပြည့်နေ့ညတွင် မြိုင်သာယာရွာ၌ နှစ်စဉ်မပျက် ကျင်းပမြဲဖြစ်သော ရွာဦးဘုရားစေတီကြီးတွင် မီးထွန်းပူဇော်ပွဲနှင့် ဆွမ်းတော်ကြီးတင်ပွဲတော်ကြီး ကျင်းပခဲ့ပါသည်။

ဘုရားပွဲတော်ကြီးတွင် အငြိမ့်ပွဲ၊ မျက်လှည့်ပွဲများဖြင့် ညဘက်တွင် စည်ကားသိုက်မြိုက်လှပါ၏၊ ဘေးပတ်ဝန်းကျင် ကျေးရွာများမှ နွားလှည်းများဖြင့် ပွဲလာကြည့်ကြသည်မှာလည်း စည်စည်ကားကားပင်ဖြစ်သည်။

မြိုင်သာယာရွာထဲတွင် အသက်ကြီးရွယ်အိုများလောက်သာ အိမ်စောင့်ကျန်နေခဲ့သည်။ ကလေးများ၊ လူငယ်လူရွယ်များ၊ ကာလသား၊ ကာလသမီးပျိုများမှာ ပွဲခင်းထဲသို့ ရောက်ရှိနေကြ၏။ မြိုင်သာယာရွာ၏ အနောက်ဘက်ပိုင်းတွင် နေထိုင်သော အဘိုးအိုတစ်ဦး ရေနွေးအိုးတည်သောမီးဖိုမှ မီးကြွင်းမီးကျန်ကနေပြီး မီးဖိုဆောင်ကို မီးစွဲလောင်ပါတော့၏။

မီးဖိုချောင် သက်ငယ်မိုး၊ သက်ငယ်အကာမှစပြီး လောင်ကျွမ်းလိုက်ရာ တစ်အိမ်လုံးသို့ ကူးစက်ပြီး မီးတောက်မီးလျှံများ တက်နေပါတော့၏၊ အဘိုးအိုလည်း ဘာမျှမတတ်နိုင်သဖြင့် အိမ်ပေါ်မှ ဆင်းပြေးရ၏။

ထို့နောက် အဘိုးအိုသည် ပွဲခင်းဆီသို့ အမြန်အပြေးအလွှားသွားပြီး မီးလောင်သတင်းကိုပို့၏။

ထိုအချိန်ကား နံနက် ၃-နာရီခန့်အချိန်လောက်ဖြစ်၏။ ရွာမီးလောင်နေသည်ဆိုသည့်သတင်းရရှိလျှင် ရရှိချင်း လူငယ်တချို့ ရွာထဲသို့ ပြန်ပြေးလာကြ၏။ ထိုအချိန်တွင် အဘိုးအိုအိမ်နှင့် ကပ်လျက်ရှိသော ပတ်ဝန်းကျင်အိမ်နှစ်အိမ်ကိုပါ မီးစွဲလောင်နေပြီ။

မြိုင်သာယာရွာမှ လူငယ်၊ လူရွယ်များသည် ရေပုံးများဖြင့် ရေခပ်၍ ပက်သူကပက်ကြ၏၊ အိမ်ခေါင်မိုးပေါ်တက်ပြီး ဂုန်နီအိတ်များရေဆွတ်၍ ရိုက်သူကရိုက်၏၊ မီးအားက လေသင့်နေသဖြင့် ပိုမိုအားကောင်းလာ၏။ အိမ်ငါးအိမ်မျှကို ကူးစက်ပြီး လောင်ကျွမ်းပြန်ပါ၏။ မီးလောင်ကျွမ်းနေသော အိမ်ငါးအိမ်ကြားတွင် အိမ်တစ်အိမ်ရှိ၏။ ထိုအိမ်တွင် မျက်စိမမြင်သော အဘွားအိုတစ်ဦး နေထိုင်လျက်ရှိသည်။

အဘွားအို၏မြေးမလေးမှာလည်း ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိနေ၏၊ ဘုန်းတော်ကြီးများကို နံနက်အရုဏ်ဆွမ်းကပ်ရန် သွားရောက်ကူညီလုပ်ကိုင်နေခြင်းဖြစ်၏။

"မီးဟေ့ မီး မီး. . . မီးတွေလောင်နေပြီဟေ့" ဆိုသော လူအုပ်ကြီး၏အသံကို အဘွားအိုကြားနေရ၏။ အဘွားအိုသည် မျက်စိမမြင်ရသဖြင့် မီးဘယ်နေရာမှာ လောင်နေသည်ကို မသိပါ။ အိမ်ပေါ်မှ ဆင်းပြေးရန်လည်း တစ်ယောက်တည်း အခက်ကြုံနေရ၏။



www.burmeseclassic.com

www.burmeseclassic.com

အဘွားအိုသည် နောက်ဆုံးတော့ ဘုရားစင်ရှေ့မှာထိုင်ပြီး ဘုရားဝတ်ပြု၏။ နတ်ဒေဝါများကို မေတ္တာပို့သ၏။ ထို့နောက် အဘွားက သူရရှိထားသော ပဌာန်း ၂၄-ပစ္စည်းကို ရွတ်ဖတ်ပါ၏။ ပဌာန်းပါဠိတော် ပစ္စယုဒ္ဒေသ ၂၄-ပစ္စည်းကို တွင်တွင်သာ အကြိမ်ကြိမ်အခါခါ ရွတ်ဖတ်ပူဇော်နေ၏။

နံနက် ၄-နာရီခွဲခန့်တွင် မီးညွန့်ကျိုးသွား၏။ မီးလောင်မှုလည်း လုံးဝရပ်သွား၏။ အိမ်ခြေ ၁၁-လုံးမျှ လောင်ကျွမ်းသွား၏။ ထူးဆန်းသည်ကား မီးလောင်နေသော အိမ်နှစ်လုံးကြားတွင် အဘွားအို၏အိမ်သည် လုံးဝ မီးမလောင်ဘဲ ကျန်နေခဲ့သည်ကို မြင်တွေ့ကြရ၏။

ရွာထဲမှာ မီးလောင်နေသည်ဟု သတင်းရသဖြင့် အဘွားအို၏မြေးမလေးနှင့် ဘုန်းတော်ကြီးကျောင်းမှ ရဟန်းတော်များသည် အပြေးအလွှား အဘွားအိုထံ လာကြ၏။ ထိုအချိန်တွင် မီးက ငြိမ်းနေပြီဖြစ်၏။



* ကောင်းမှုလုပ်သူ ကောင်းကျိုးရ၏။
* မကောင်းမှုလုပ်သူ မကောင်းကျိုးရ၏။
* အကြင်မျိုးစေ့ကို စိုက်ပျိုး၏။
* ထိုအသီးကို သုံးဆောင်ရ၏။

(ဗုဒ္ဓ)

ရဟန်းတော်များက အဘွားအို၏အိမ်ပေါ်တက်ပြီး "ဒကာမကြီး၊ မီးတွေလောင်နေတာ မသိဘူးလား" ဟု မေးကြ၏။ အဘွားအိုက "တပည့်တော် မီးလောင်နေပြီဆိုတဲ့ လူတွေရဲ့ အော်သံကို ကြားနေရပါတယ်ဘုရား။"

"အဘွား မကြောက်ဘူးလား။"

ရဟန်းတစ်ပါးက ဝင်မေး၏။

"ကြောက်တော့ ကြောက်တာပေါ့ဘုရား၊ ဒါပေမဲ့ တပည့်တော်က မျက်မမြင်ဆိုတော့ ဘာတတ်နိုင်မှာလဲ။ ဒါနဲ့ပဲ တပည့်တော်မ နတ်တွေကို မေတ္တာပို့သပြီး ပဌာန်းပူဇော်နေပါတယ်ဘုရား။"

အဘွားအိုစကားဆုံးတော့ ရဟန်းတစ်ပါးက "အင်း ဒါကြောင့်လည်း အဘွားအိမ်ကို မီးမကူးတာပေါ့။ ပဌာန်းတန်ခိုးက တယ်အစွမ်းထက်ပါလား" ဟု မိန့်ကြားတော်မူ၏။

(ဤမီးလောင်မှုသည် မနှစ်က မြိုင်သာယာရွာတွင် ဖြစ်ခဲ့သော အဖြစ်အပျက်ဖြစ်ပါ၏။)

အရှင်သုဓမ္မသာရ



www.burmeseclassic.com

www.burmeseclassic.com



# မြတ်မင်္ဂလာ သိမှတ်စရာ

မင်းစောထက်

**ရိုးသားသူ အနေ့းယာဉ်လုပ်သား**
**ဦးစန်းဝင်း**

ပြည်မြို့ R.T.C မှ ဝန်ထမ်းတစ်ဦးသည် မြန်မာ့စီးပွားရေးဘဏ်မှ ငွေထုတ်ယူပြီး တစ်နေရာတွင် ငွေထုပ်ကို မေ့ကျန်ခဲ့သည်။ ငွေမှာ စုစုပေါင်း ငွေကျပ်သိန်း ၉ဝ-ဖြစ်သည်။ ထိုငွေထုပ်ကို အနေ့းယာဉ်လုပ်သား ဦးစန်းဝင်းက ကောက်ရခဲ့သည်။ ထိုငွေထုပ်ကို ဦးစန်းဝင်းက ယူမထား၊ ရိုးသားစွာဖြင့် ငွေထုပ်ကောက်ရသည့်နေ့မှာပင် ငွေထုပ်တွင် ပါရှိသော လိပ်စာအတိုင်း ပိုင်ရှင်ကို ရှာဖွေခဲ့သည်။ မတွေ့သဖြင့် ဘဏ်မန်နေဂျာထံ အဆိုပါ ငွေထုပ်ကို ပြန်လည်အပ်နှံခဲ့သည်။

မေ့ကျန်ခဲ့သူ R.T.C မှ ဝန်ထမ်းသည် ဘဏ်တွင် ဝန်ထမ်းများ၏လစာငွေများကို လာရောက်ထုတ်ယူရာမှ မေ့ကျန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဝန်ထမ်းသည် ရိုးသားသူ ဦးစန်းဝင်းအား ကျေးဇူးတင်လှသဖြင့် သူ၏တစ်လစာငွေကို ကျေးဇူးဆပ်ကန်တော့ရာ ဦးစန်းဝင်းက လက်မခံခဲ့ပေ။ ကိုယ်ချင်းစာနာစိတ်ဖြင့် ပေးအပ်ကြောင်း ဖွင့်ဟပြောဆိုခဲ့သည်။ အနေ့းယာဉ်လုပ်သား ဦးစန်းဝင်း၏ မွန်မြတ်သော အကျင့်စာရိတ္တကို ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် ပြည်မြို့ဒေသခံ ၇ဝ-ကျော်တို့က စုပေါင်း၍ ၇ဝ၅ဝဝဝိ/- (ငွေကျပ် ခုနစ်သိန်းငါးထောင်) ဂုဏ်ပြုပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ရိုးသားသူ ဦးစန်းဝင်း

အကိုး ။ ။ (၁) 7 Day News ဂျာနယ် (၁၈-၆-၁၄)
(၂) 7 Day Daily နေ့စဉ်ထုတ်သတင်းစာ (၁၁-၆-၁၄)

* * *




www.burmeseclassic.com

www.burmeseclassic.com


## အပေါင်းမှသည် အသစ်သို့

ဒုတိယကမ္ဘာစစ်ကြီးသည် ၁၉၃၉-ခုနှစ်မှ ၁၉၄၅-ခုနှစ်အထိ ဖြစ်ပွားခဲ့သည်။ ၁၉၄၅-ခုနှစ် နှစ်ဦးပိုင်းတွင် ဂျာမနီနိုင်ငံရှိ သမိုင်းဝင် ဒရက်ဇ်ဒန်မြို့ကို မဟာမိတ်လေတပ်က စိစိညက်ညက်ကြေအောင် ဗုံးချဖျက်ဆီးခဲ့သည်။ လူပေါင်းများစွာ သေကျေခဲ့သည်။ အဆောက်အအုံပေါင်းများစွာ ပျက်စီးခဲ့သည်။

ထိုသို့ ပျက်စီးခဲ့သည့် အဆောက်အအုံများတွင် "Frauenkirche"အမည်ရှိ နာမည်ကျော် ဘုရားရှိခိုးကျောင်းကြီးလည်း ပါဝင်သည်။ ၁၉၄၅-ခုနှစ်တွင် ဗုံးကြဲချခဲ့စဉ်က ဘုရားရှိခိုးကျောင်းကြီးမှာ ပုံပါအတိုင်း တစ်စစီ ပျက်စီးသွားခဲ့သည်။



(၂) ပြန်လည်ပြုပြင်ပြီးနောက် မူလလက်ရာအရွယ်အစားအတိုင်း တွေ့မြင်ရသော Frauenkirche ဘုရားရှိခိုးကျောင်း



(၁) ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးခဲ့သော နာမည်ကျော် Frauenkirche ဘုရားရှိခိုးကျောင်း

သို့ရာတွင် ဂျာမန်များသည် ယင်းဘုရားရှိခိုးကျောင်းကြီးကို ၁၉၅၁-ခုနှစ်မှစ၍ မူလလက်ရာ၊ မူလအရွယ်အစားအတိုင်း လက်ရာမြောက်စွာ ပြန်လည်တည်ဆောက်ခဲ့ရာ ၂၀၀၅-ခုနှစ်တွင် ပြီးစီးသွားသည်။ ပုံပါအတိုင်း အံ့ချီးဖွယ် တွေ့မြင်နိုင်သည်။

အကိုး ။ ။ Discover the Awesome World (2012)



www.burmeseclassic.com

www.burmeseclassic.com

## ဆေးလိပ်သောက်ခွင့်မရှိသည့် နေရာများ ထုတ်ပြန်ကြေညာ

ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများကို လူထု သိရှိခြင်းမရှိသည့်အတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေတွင် ပါဝင်သည့် ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများအား ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။

ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများမှာ ဆေးရုံအဆောက်အအုံနှင့် ပတ်ဝန်းကျင်၊ ဆေးကုသဂေဟာနှင့် ဆေးခန်းများ၊ ကလေးကစားကွင်းများအပါအဝင် အားကစားရုံနှင့် အမိုးအကာရှိသည့် အားကစားကွင်းများ၊ စာသင်ကျောင်းများနှင့် ပတ်ဝန်းကျင်နေရာများ၊ တက္ကသိုလ် ဒီဂရီကောလိပ် စသည်တို့၏ စာသင်ခန်းနှင့် ရုံးခန်းနေရာများ ပါဝင်သည်။



ထို့အပြင် လူအများစုဝေးရာ အမိုးအကာရှိသည့် ရုပ်ရှင်ရုံများ၊ ဇာတ်ရုံများ၊ ဈေးဝယ်စင်တာများ၊ ဈေးရုံများ၊ စာဖတ်ခန်းများ၊ ပြတိုက်၊ မော်ကွန်းတိုက်များ၊ အများပြည်သူသုံး စာကြည့်တိုက်များ၊ ဓာတ်လှေကားနှင့် ရွေ့လျားစက်လှေကားများ၊ မော်တော်ယာဉ်နှင့် လေယာဉ်များ၊ လေအေးစက် တပ်ဆင်ထားသော အများပြည်သူသုံး အခန်းများ၊ ခန်းမများ၊ ကိုယ်ပိုင်ဘာသာရပ်သင်တန်းကျောင်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသည့် အများပြည်သူနှင့်ဆိုင်သော နေရာများအားလုံး ပါဝင်သည်။

ထို့နေရာများတွင် ဆေးလိပ်သောက်ပါက ပြစ်ဒဏ်ချ အရေးယူရန် ပြည်ထဲရေးကဲ့သို့သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်ရေးစီမံချက်မန်နေဂျာ ဒေါက်တာနန်းနိုင်ရှိန်က ပြောကြားခဲ့သည်။

ဆေးလိပ်မသောက်ရ နေရာများကို ယခင်ကပင် သတ်မှတ်ထားသော်လည်း ဥပဒေအရ ထိရောက်စွာ အရေးယူမှု အားနည်းခြင်းနှင့် လူထုပါဝင်မှုမရှိခြင်းတို့ကြောင့် အောင်မြင်မှုမရရှိသေးခြင်းဖြစ်ကြောင်း ဆေးလိပ်ဆန့်ကျင်ရေးလုပ်ငန်းဆောင်ရွက်နေသူများက ထောက်ပြဝေဖန်ထားသည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ



www.burmeseclassic.com

www.burmeseclassic.com

ကို ၂၀၀၆-ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေ ပေါ်ပေါက်လာစေရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းမှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း 7 Day News ဂျာနယ်၌ ဖော်ပြထားသည်။

အကိုး ။ ။ 7 Day News ဂျာနယ် (၂၃-၁၀-၁၃)

* * *

## နာမည်ကျော် ရုပ်ရှင်မင်းသမီး အိန်ဂျလီနာဂျိုလီ၏ ရင်ဖွင့်ချက်

ကုလသမဂ္ဂ အထူးသံတမန်တစ်ဦးအဖြစ် ခန့်ထားခြင်းခံရသူ အမေရိကန်ရုပ်ရှင်မင်းသမီး အိန်ဂျလီနာဂျိုလီက ၂၉-၈-၂၀၁၄-ရက်နေ့တွင် ဆီးရီးယားစစ်ပွဲကြောင့် ဒုက္ခရောက်နေသော ပြည်သူများနှင့် ပတ်သက်သည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ဂျိုလီ၏ကြေညာချက်တွင် ၃-နှစ်ကျော် ကြာမြင့်လာပြီဖြစ်သော ပြည်တွင်းစစ်ကြောင့် ဆီးရီးယားနိုင်ငံ၏ အခြေအနေသည် ပိုမိုဆိုးရွားလာကြောင်း၊ ဆီးရီးယားဒုက္ခသည်များ ဥရောပသို့ သွားရောက်ခိုလှုံရန် ကြိုးစားစဉ် မြေထဲပင်လယ်ထဲတွင် သေဆုံးနေသည်များကို သူမအနေဖြင့် မသိကျိုးကျွန်ပြု၍ မနေနိုင်ပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

ထို့ကြောင့် နိုင်ငံတစ်ခုလုံး မတည်မငြိမ်ဖြစ်စေကာ လူသန်းနှင့်ချီ၍ ကံဆိုးမိုးမှောင်ကျစေသော ဆီးရီးယားပြည်တွင်းစစ် အဆုံးသတ်ရေးကို အမြန်ကြိုးပမ်းကြပါရန် ဂျိုလီက ပန်ကြားတိုက်တွန်းခဲ့သည်။

ဂျိုလီသည် ၂၀၁၄-ခုနှစ်၊ ဖေဖော်ဝါရီလတွင် လက်ဘနွန်ရှိ ဆီးရီးယားဒုက္ခသည်စခန်းများသို့



နာမည်ကျော် အမေရိကန်ရုပ်ရှင်မင်းသမီး
အိန်ဂျလီနာဂျိုလီ

ကုလသမဂ္ဂသံတမန်အနေဖြင့် သွားရောက်ခဲ့သည်။ ဒုက္ခသည်များနှင့်လည်း တွေ့ဆုံခဲ့သည်။ ထိုသို့ သွားရောက်ခဲ့ပြီးနောက် ပဋိပက္ခများ အဆုံးသတ်ရေးတွင် ကမ္ဘာ့ခေါင်းဆောင်များ၏ ဦးဆောင်မှု နည်းပါးနေသည်ကို ဂျိုလီက ဝေဖန်ခဲ့သည်။ မျှော်လင့်ချက်မဲ့နေသော ဆီးရီးယားနိုင်ငံသားများကို အကူအညီပေးရန်၊ ကြိုးစားအားထုတ်ကြရန် ဂျိုလီက အကြံပြုတိုက်တွန်းခဲ့သည်။

ကုလသမဂ္ဂ၏ နောက်ဆုံးထုတ်ပြန်ချက်အရ ဆီးရီးယားပြည်တွင်းစစ်ကြောင့် နိုင်ငံမှထွက်ပြေးခဲ့သည့် ဒုက္ခသည်ပေါင်း ၃-သန်းကျော်ရှိလာပြီဟု သိရသည်။

အကိုး ။ ။ Daily Eleven နေ့စဉ်ထုတ်သတင်းစာ
(၃၁-၈-၂၀၁၄)


* * *



www.burmeseclassic.com

www.burmeseclassic.com

## ရထားတွဲအောက် ခြေညပ်သွားသူကို ကယ်ထုတ်ပေးခဲ့သော ခရီးသည်များ



ရထားတွဲအောက် ခြေညပ်သွားသူကို
ခရီးသည်များက ဝိုင်းဝန်းကယ်တင်နေစဉ်။

သြစတြေးလျနိုင်ငံအနောက်ပိုင်း၊ ပါ့သ်မြို့ရှိ စတင်လင်ဘူတာရုံတွင် အမျိုးသားခရီးသွားတစ်ဦးသည် ရထားပေါ်၌ရှိစဉ် မတော်တဆခြေချော်ကာ ရထားတွဲနှင့် စင်္ကြံအကြားသို့ ချော်ကျသွားခဲ့သည်။ ထိုသို့ ချော်ကျမှုကြောင့် ခရီးသွား၏ခြေထောက်မှာ ရထားတွဲဆိုင်းနှင့် စင်္ကြံအကြား ညပ်နေခဲ့သည်။

အဆိုပါခရီးသွား၏ဖြစ်အင်ကို ဘူတာရုံဝန်ထမ်းများက ကယ်ထုတ်ပေးရန် ကြိုးစားခဲ့သည်။ မအောင်မြင်ပေ။ ထိုစဉ် ဘေးပတ်ဝန်းကျင်မှ ခရီးသည်များက မနေနိုင်တော့ဘဲ ဒုက္ခရောက်နေသော ခရီးသည်ကို ဝိုင်းဝန်းကူညီပေးရန် ဆုံးဖြတ်ခဲ့ကြသည်။

ရာနှင့်ချီသော ခရီးသည်များ၏ စုပေါင်းစွမ်းအားဖြင့် ရထားတွဲဆိုင်းနှင့် စင်္ကြံအကြားတွင် ညပ်နေသော ခရီးသွားအမျိုးသား၏ခြေထောက်ကို ဖယ်ရှားပေးနိုင်ခဲ့သည်။ ထို့နောက် တာဝန်ရှိသူများက ခရီးသွားအမျိုးသားကို ဆေးကုသမှုများ ပြုလုပ်ခဲ့သည်။ အချိန်တိုအတွင်း ခရီးသွား၏ ခြေထောက်နာကျင်မှုမှာလည်း သက်သာသွားခဲ့သည်။

ဒုက္ခရောက်နေသော ခရီးသွား၏အခက်အခဲကို ကူညီပေးခဲ့ကြသော ခရီးသည်အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မီးရထားထိန်းချုပ်ရေးဌာန၏ ပြောရေးဆိုခွင့်ရှိသူ လယ်ရီကာရိုးက ဖွင့်ဟပြောကြားခဲ့သည်။

အကိုး ။ ။ ပြည်မြန်မာဂျာနယ် (၁၄-၈-၁၄)

* * *

## အိန္ဒိယသရုပ်ဆောင် စေတနာရှင် ဆယ်မန်ခန်း၏ ထူးခြားသောအလှူ

နာမည်ကျော် အိန္ဒိယဘောလီဝုဒ်သရုပ်ဆောင် ဆယ်မန်ခန်းသည် ငွေကြေးမတတ်နိုင်သည့် နှလုံးရောဂါသည် ၁၀၀-အတွက် ဆေးကုသစရိတ်များကို သူကိုယ်တိုင်တည်ထောင်ထားသော Being Human ပရဟိတအဖွဲ့မှတစ်ဆင့် ထောက်ပံ့လှူဒါန်းခဲ့သည်။ ထို့အပြင် သူသည် အလုပ်အကိုင်ရှာဖွေနေသော သူ၏ပရိသတ်များအတွက်လည်း beinghuman-workshop.com ဝက်ဘ်ဆိုက်မှတစ်ဆင့် အလုပ်အကိုင်များ ကူညီရှာဖွေပေးခဲ့သည်။

ဆယ်မန်ခန်းသည် သူ၏ အနုပညာသက်တမ်းတစ်လျှောက် ပရဟိတလုပ်ငန်းများစွာ လုပ်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ခဲ့သည်။ သူ၏ကိုယ်ပိုင်ငွေဖြင့် Being Human အမည်ရှိ ပရဟိတအဖွဲ့ကို ထူထောင်ခဲ့သည်။ အိန္ဒိယနိုင်ငံအတွင်းရှိ ဆင်းရဲချို့တဲ့သောကလေးများ၏ ပညာရေးနှင့် ကျန်းမာရေးတို့ကို အဓိကထား ကူညီထောက်ပံ့ပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ဆယ်မန်ခန်းသည် အိန္ဒိယဘောလိဝုဒ်ရုပ်ရှင်လောက၌ အောင်မြင်ကျော်ကြားသော၊ ဝင်ငွေအမြင့်ဆုံးရသော သရုပ်ဆောင်တစ်ဦးဖြစ်သည်။ သူအောင်မြင်ကျော်ကြားခဲ့သော ဇာတ်ကားများမှာ Saajan, Biwi No.1, Judwaa တို့ ဖြစ်သည်။



နာမည်ကျော် အိန္ဒိယသရုပ်ဆောင် ဆယ်မန်ခန်း

သရုပ်ဆောင်ထူးချွန်ဆုပေါင်း ၅၂-ဆု ရရှိထားသူ ဖြစ်သည်။

အကိုး ။ ။ Daily Eleven နေ့စဉ်ထုတ်သတင်းစာ
(၃၁-၇-၂၀၁၄)

* * *

## အာဟာရဓာတ်အများဆုံး အစားအစာများ



ပန်းဂေါ်ဖီစိမ်း

၉-၇-၂၀၁၄-ရက်နေ့ထုတ် The Korea Herald မဂ္ဂဇင်းတွင် အာဟာရဓာတ်အများဆုံး အစားအစာများစာရင်းကို ရေးသားဖော်ပြထားသည်။ ထိုအစားအစာများမှာ -

(၁) ကြက်သွန်ဖြူ
(၂) ဘရိုကိုလီ (ပန်းဂေါ်ဖီစိမ်း)
(၃) ရေညှိ
(၄) ကိုက်လန်ရွက်
(၅) ဆော်လ်မွန်ငါး
(၆) အကြေးခွံပါငါး၊ ကမာကောင်များ
(၇) အာလူး
(၈) အသည်း (အမဲ၊ ဝက်၊ ကြက်)
(၉) ဘာလူးဘယ်ရီသီးများ
(၁၀) ကြက်ဥအနှစ်၊ ဘဲဥအနှစ်
(၁၁) ကိုကာများသော ချောကလက်တို့ဖြစ်သည်။

အကိုး ။ ။ Health Digest ကျန်းမာရေးဂျာနယ်

မင်းစောထက်



www.burmeseclassic.com

www.burmeseclassic.com



# မြတ်မင်္ဂလာ စာအုပ်စင်

## အရည၀ါသီ အာဇာနည် တောရလက်စွဲကျမ်း

### (ပေါက်မြို့နယ်၊ မြောက်ဘက်ရွာ၊ ဒီပါအေးတောရဘုန်းကြီး ဦးခေမိန္ဒ)

တောရဆောက်တည်၍၊ တစ်ပါးတည်း ဧကစာရီကျင့်၍၊ သီလစုတင် ဖြူစင်အောင်ကျင့်၍ ဝိပဿနာကမ္မဋ္ဌာန်းတရားကို မဂ်ပေါက်၊ ဖိုလ်ပေါက် အရဟတ္တဖိုလ်ရောက်အောင် ယောကျ်ားမြတ်အာဇာနည်ဘာမထီတဲ့စိတ်ထားနဲ့ အားခဲလိုသူ တောနေသူရဲကောင်းကြီးများအတွက် တောရလက်စွဲကျမ်းတစ်ကျမ်းဟူ၍ စာအုပ်၏ကျောဖုံးတွင် ဖော်ပြထားသည်။ 'ကျမ်းဦးသဝဏ်' တွင်လည်း ကျမ်းပြုသူက

"နောင်အခါ တောထွက်ပြီး ဧကစာရီအကျင့်နဲ့ မဂ်ပေါက် ဖိုလ်ဝင် တရားအားထုတ်ကြမည့် သာသနာတော်တွင်းသား ညီနောင်တော်များ တို့များလို အခက်အခဲမတွေ့ရလေအောင်၊ အတွန်းအပုတ်၊ အထုအနှက် မခံကြရလေအောင်၊ ခံရသော်လည်း ရှောင်တိမ်းတတ်အောင်ဆိုတဲ့ စေတနာကောင်းနဲ့ 'အရည၀ါသီ အာဇာနည် တောရလက်စွဲကျမ်း' ကို ရေးလိုက်တာပါ" ဟူ၍ ရေးသားထားသည်။

ကျမ်းပြုဆရာတော်က သာသနာတော်တွင်းသား ညီတော်၊ နောင်တော်များကို စာပေပရိယတ္တိကိစ္စပြီးစီးပါက တောထွက်ပြီး ဧကစာရီအကျင့်မြတ်ဖြင့် မဂ်ပေါက်ဖိုလ်ဝင် အားထုတ်ကြစေလိုသော ဆန္ဒရှိသည်။ သို့ဖြင့် သူ၏ကျမ်းတွင် တောရဆောက်တည်ပြီး တရားအားထုတ်ရခြင်း၏ အကျိုးကျေးဇူးများကို ထင်သာ၊ မြင်သာအောင် တစ်ချက်ခြင်း ရှင်းလင်းရေးသားဖော်ပြထားသည်။ ထိုမှုမက တောမဝင်မီ ကြိုတင်ပြင်ဆင်သင့်သည့် ကိစ္စအဝဝနှင့် မရှိမဖြစ်၊ မပါမဖြစ် အပ်စပ်သော ပစ္စည်းကိုပါ ယူဆောင်ရန် ပြည့်ပြည့်စုံစုံ တင်ပြမှာကြားထားသည်။

ဤကျမ်းသည်ကား တောရဆောက်တည်မည့် ရဟန်းတော်များအတွက် တောတွင်းအထိ ယူဆောင်သွားရမည့် မရှိမဖြစ် လက်စွဲကျမ်းတစ်ကျမ်းပင်ဖြစ်သည်။ စာအုပ်၏အဆုံးတွင် ပတ္တပိုဏ်ဓုတင်ဆောင်လျှင် တွဲဖက်မစားသင့်သော အစားအစာများကိုပါ သတိပြုရန် ထည့်သွင်းဖော်ပြထားသည်။ (စာမြည်း-စာ/၁၃၈)

"အကယ်၍ မိမိဉာဏ်မမီတဲ့ အဖြစ်အပျက်တွေကို တွေးတောဆင်ခြင်နေရင်း ဝိပဿနာဉာဏ်အမြင်လည်း မစင်ကြယ်၊ သမာဓိလည်း ပျက်စီးတဲ့အတွက် ဖွတ်မရ ဓားမဆုံး ဖြစ်တတ်ပါတယ်။ ဒါကြောင့် ဘယ်လိုရုပ်ပါရုံ ရုပ်အဆင်းကို ပဲမြင်မြင် မြင်တယ်လို့သာ သတိကပ်ပြီး ရှုမှတ်နေရပါမယ်။ သတိရဲ့နောက်မှာ ပညာလေး ကပ်ပါလာတယ်။"

ထုတ်ဝေသူ - ဇင်ရတနာစာပေ
ဦးချစ်ညွန့်၊ အမှတ်-၂၀၅/က၊ မြို့သစ်၊ အင်းစိန်။

ဖြန့်ချိရေး - ဓမ္မဝတ်မှုန် ပိဋကတ်စာပေဖြန့်ချိရေး
အမှတ်-၃၉/၄၀၊ ရွှေတိဂုံတောင်ဘက်မုခ်၊ ဈေးတော်ရုံ၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁၀၄၁၁၂

ဦးမင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com




## မိတ္ထီလာမြို့ မော်တော်ယာဉ်အလှူ

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်၊ ဦးအောင်ကျော်သူ+ဒေါ်မိုးကြည်သူ၊ မစ္စတာဘား စားသောက်ဆိုင်နှင့် ရွှေပွင့်လွှာရောင်းဝယ်ရေးမိသားစုတို့သည် ၁၃၇၆-ခု၊ ဝါဆိုလပြည့်ကျော် ၉-ရက်နေ့တွင် ပထမကျော် ဓမ္မာစရိယတိုက်သစ်၊ ပဓာနနာယကဆရာတော်ဘုရားကြီး ဘဒ္ဒန္တသီလာစာရ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုဝန်ဆောင်) ဆရာတော်ဘုရားကြီး အမှူးပြုသော စာချစာသင်သံဃာတော် အပါး ၁၀၀-ကျော်တို့ကို နေ့ဆွမ်းကပ်ပြီး ကျောင်းတိုက်တွင် ဖွင့်လှစ်ထားသော မေတ္တာရေကြည်အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းတွင် အသုံးပြုရန် လူနာတင်ယာဉ် ၁-စီး လှူဒါန်းကြောင်း သိရှိရပါသည်။

ပေးပို့သူ-ထီလာဘသင်း

## သုံးဆယ်မြို့ ကျန်းမာရေးအလှူ

သာယာဝတီမြို့နယ်ရှိ ကျေးရွာများသို့ ဥပဋ္ဌာကဗိဝိတဒါန ကျန်းမာရေးစောင့်ရှောက်မှုဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာစိုးလင်းအောင်နှင့် အမှုဆောင်အဖွဲ့သည် ၂၀၁၄-ခုနှစ်၊ ဇန်နဝါရီလ ၂၃-ရက်နေ့မှစတင်ကာ သာယာဝတီမြို့နယ်တွင်းရှိ တာဘီး၊ ကြို့ကုန်း၊ ကွမ်းခြံစု၊ ဒေါဝီ၊ စီနှစ်ခွ



မေတ္တာရေကြည် အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းတွင် အသုံးပြုရန်
လူနာတင်ယာဉ်တစ်စီး လှူဒါန်းနေသော ဦးအောင်ကျော်သူ မိသားစု



www.burmeseclassic.com

www.burmeseclassic.com

နှင့် ကျောက်အိုင်ကျေးရွာများသို့ သွားရောက်ပြီး ရဟန်းရှင်လူအပါအဝင် ကျေးရွာသူ၊ ကျေးရွာသားစုစုပေါင်း ၄၉၃-ဦးတို့အား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပါသည်။ ဆေးဖိုး ခန့်မှန်းကုန်ကျငွေစုစုပေါင်းမှာ လေးသိန်းငါးသောင်းကျပ်ခန့် ရှိပါသည်။ ဆေးဖိုးအလှူငွေများကို မြို့ပေါ်ရှိ ကျောင်းထိုင်ဘုန်းတော်ကြီး ၆-ပါးနှင့် စေတနာရှင်များက လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။

ကျန်ရှိနေသေးသော ကျေးရွာများသို့ အလှည့်ကျသွားရောက်ကာ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ပေးပို့သူ-ဖွဲ့သန်းသျှင်း(သုံးဆယ်)

## မန္တလေး၊ စိန်ပန်းရပ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းတောင်ငံပြာရည်ရပ်ကွက်ရှိ ဇေယျဝတီဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ၂၁-ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၇၆-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

ပဓာနနာယက ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဥက္ကံသအမှူးရှိသော သံဃာတော် ၃၈-ပါးတို့အား ဆရာ၊ ဆရာမများနှင့် ကျောင်းသူ/သား ၄၀၀-ကျော်တို့က ဝါဆိုသင်္ကန်းကပ်လှူခဲ့ကြပါသည်။

ကျောင်းသူ/သားများနှင့် ဧည့်ပရိသတ်တို့အား ဦးဟန်ညွန့်+ဒေါ်သိင်္ဂီဦးတို့က ကြာဆန်ဟင်းခါးဖြင့် ကျွေးမွေးဧည့်ခံပါသည်။

ပေးပို့သူ-ခွာညိုသင်း(အညာမြေ)

## ကချင်ပြည်နယ်၊ မိုးညှင်းမြို့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအလှူ

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ အရှေ့စုရပ်ကွက်၊ အရှေ့ကျောင်း ပရိယတ္တိစာသင်တိုက်အတွင်း ဖွင့်လှစ်လျက်ရှိသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် စေတနာရှင် အလှူရှင်များက အလှူငွေ ၇-သိန်းကျပ် ပေးအပ်ပွဲကို ၂၀၁၄-ခုနှစ်၊ ဇူလိုင်လ ១၅-ရက်နေ့တွင် ကျင်းပပါသည်။

အခမ်းအနားသို့ အရှေ့ကျောင်းပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် စူဠဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇယန္တနှင့် ပညာရေးအကျိုးတော်ဆောင် ဂေါပကအဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များ၊ ၂၀၁၄/၂၀၁၅-ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြမည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၉၇-ဦးတို့ တက်ရောက်ကြပါသည်။

ပေးပို့သူ-သစ္စာ (မိုးညှင်း)

## ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်သို့အလှူ

မနန်းခြူးမြတ်နိုး၏ ရက် ၁၀၀-ပြည့် အမည်ပေး၊ ကင်ပွန်းတပ် အလှူတော်မင်္ဂလာပွဲကို ၁၁-၁-၂၀၁၄၊ စနေနေ့က ပြည်မြို့၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပပြုလုပ်ရာ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တကုဏ္ဍလဇောတိ ဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရား နာကြားကြသည်။ ကိုရဲကျော်သူ+မနန်းငြိမ်းငြိမ်းထွေးတို့က ဇောတိကာရုံ ပရိယတ္တိသာသနာနုဂ္ဂဟအသင်း ငွေပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းနှင့် ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် စာချ+စာသင်သံဃာတော်များ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ငွေကျပ်ငါးသိန်း လှူဒါန်းခဲ့ကြသည်။ ထို့နောက် စာချစာသင် သံဃာတော် ၄၀၀-ကျော်နှင့် ဧည့်ပရိသတ်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြောင်း သတင်းရရှိသည်။

ပေးပို့သူ-ဦးရွှေဝင်း

**နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ဆက်သွယ်ရန် ဖုန်းနံပါတ်များ**

- ဆေးခန်းဖုန်း – ၅၈၃၅၁၄
- အလှူခံဌာနဖုန်း – ၅၈၁၃၆၃
- နာရေးအတွက် ဆက်သွယ်ရန်ဖုန်းနံပါတ်များ
  ၇၀၄၇၈၄၊ ၇၀၉၂၇၇
  ၇၂၈၀၈၉၊ ၅၈၀၁၃၃
- ဓရဝေးဖုန်း – ၀၉–၈၆၄၀၂၁၉



www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာဗျူဟာအသင်းချုပ် သတင်းလွှာ

## အခါတော်နေ့ပူဇော်ပွဲအလှူ

(၁) ၂၀၁၃-ခုနှစ်၊ ငိုကာကျော်သင်တန်းသား/သူများ စုပေါင်းအလှူ၊ ၂၆၀၀၀ိ/-။

## သွေးလှူဒါန်းပွဲအလှူ

(ယခင်လမှအဆက်)

(၅) ဦးမြကြည်+ဒေါ်တင်အုန်း သားသမီးမြေးတစ်စု ကောင်းမှု၊ ဒဂုဏ်သီရိလမ်း၊ ၁၀၀၀၀ိ/-။ (၆) ဦးသူရိန်ညွန့်+ဒေါ်ထက်ထားသွင်၊ သမီး-မကြေးမုံသွင်၊ မငွေတာရီ မိသားစု၊ ရန်ကင်း၊ ၁၀၀၀၀ိ/-။ (၇) မောင်မြတ်ကို မိသားစု၊ ၅၀၀၀ိ/-။ (၈) ဦးသိန်းမောင်+ဒေါ်ပါးပါး မိသားစု၊ စန္ဒိပရဆေး၊ ကုန်ဈေးတန်းလမ်း၊ ၄၀၀၀၀၀ိ/-။ (၉) ဦးချစ်မြ+ဒေါ်ကြည်ညွန့်အား အမှူးထား၍ ဦးထွန်းသိန်းနိုင်+ဒေါ်ဝင်းဝင်းခိုင် မိသားစု၊ ကျောက်မြောင်း၊ ၂၀၀၀၀ိ/-။ (၁၀) ဒေါ်မြင့်မြင့်ကြည်အားရည်စူး၍ ဒေါ်စန်းစန်းဌေး မိသားစု၊ ၃၀၀၀ိ/-။ (၁၁) ဦးကျော်စိန် မိသားစု၊ ၁၀၀၀၀ိ/-။ (၁၂) အမျိုးသားသွေးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ၁၀၀၀၀၀ိ/-။

## ဝိပဿနာတရားစခန်းအလှူ

(၁) မကြည်မာသွင် မွေးနေ့အလှူ၊ ၂၀၀၀ိ/-။ (၂) ဦးတင်ဖုန်း+ဒေါ်အုန်းနွဲ့ မိသားစု၊ အလုံ၊ ၁၀၀၀၀ိ/-။ (၃) ဦးမြကြည်+ဒေါ်တင်အုန်း သားသမီးမြေးတစ်စု၊ ကောင်းမှု၊ ဒဂုဏ်သီရိလမ်း၊ ၁၀၀၀၀ိ/-။

## ဘက်စုံအလှူ

(၁) ကိုကျော်နိုင်+မစိန်စိန်လှ၊ သား-မောင်ရဲကိုကို မိသားစု၊ ၃၀၀၀ိ/-။ (၂) ဦးလှထွန်း+ဒေါ်အုန်းရီ မိသားစု၊ ၃၀၀၀ိ/-။ (၃) ဦးမြသိန်း+ဒေါ်အုန်းကြည် မိသားစု၊ စမ်းချောင်း၊ ၃၀၀၀ိ/-။

## ရေ/မီးအလှူ

(၁) ဦးမြကြည်+ဒေါ်တင်အုန်း သားသမီးမြေးတစ်စု ကောင်းမှု၊ ၁၀၀၀၀ိ/-။ (၂) ဒေါ်မြစိုး၊ ကမ္ဘာ့ဇရိပ်သာလမ်း၊ ၁၀၀၀၀ိ/-။

## ၃၈-ဖြာ မင်္ဂလာအလှူ

(၁) ကိုခင်မောင်ကျော် မိသားစု၊ (Total E & P Myanmar)၊ ၅၀၀၀ိ/-။

## ဘေးပဒေသာပင်အလှူ

(၁) City Mart Supermarket ၏ ၁၂-ကြိမ်မြောက် မိခင်များနေ့ အထိမ်းအမှတ် ဈေးရောင်းပွဲရောင်းရငွေမှ အလှူ၊ ၈၀၀၀၀ိ/-။

## ဩဝါဒပါတိမောက်ကျောက်စာအလှူ

(၁) ဦးမောင်မောင်အုန်း+ဒေါ်သိဂီသိမ်း၊ သား-မောင်ရဲလင်းဟိန်း၊ မောင်ဖြိုးလင်းခန့် မိသားစု၊ သုဝဏ္ဏ၊ ၁၀၀၀၀ိ/-။

## သွေးလှူဒါန်းပွဲအလှူ

(၁) မောင်မြတ်ကို မိသားစု၊ စမ်းချောင်း၊ ၅၀၀၀ိ/-။ (၂) ဒေါ်ခင်ကြည် (၈၇-နှစ်)ပြည့်မွေးနေ့အလှူ၊ မနော်ဟာရီလမ်း၊ ၃၀၀၀ိ/-။

## ဝိပဿနာတရားစခန်းအလှူ

(၁) ဒေါ်မြစိုး မိသားစု၊ ၃၀၀၀ိ/-။

## ရွှေရတု ၃-ထပ်ဆောင်အလှူ

(၁) ဦးတင်ဖုန်း+ဒေါ်အုန်းနွဲ့ မိသားစု၊ ၁၀၀၀ိ/-။ (၂) မိခင်ကြီး ဒေါ်တင်ဝင်း (၇၆-နှစ်)ပြည့် မွေးနေ့အလှူ၊ ၃၀၀၀ိ/-။



www.burmeseclassic.com

www.burmeseclassic.com

**ငွေပဒေသာပင်အလှူ**

(၁) ဦးပေါက်ပေါက်ဦး+ဒေါ်ချိုချိုဦး မိသားစု၊ အလုံ၊ ၁၀၀၀၀ိ/-။ (၂) ကွယ်လွန်သူ အဘွားဒေါ်အေးရင်အားရည်စူး၍ မြေးဖြစ်သူ ဒေါ်ခင်စောလှိုင် မိသားစု၊ ၁၀၀၀၀ိ/-။ (၃) ဦးစိန်မောင်+ဒေါ်ချိုချိုထွန်း မိသားစု၊ ၉-မိုင်၊ ၅၀၀၀ိ/-။ (၄) ဦးကျော်တင့်+ဒေါ်မိုးမိုး မိသားစု၊ ဗဟန်း၊ ၅၀၀၀ိ/-။ (၅) ဦးအောင်ညွန့် မိသားစု၊ မအူပင်၊ ၂၀၀၀ိ/-။ (၆) ကွယ်လွန်သူ ဒေါ်ခင်စီစီ ကောင်းမှု၊ ၁၀၀၀၀ိ/-။ (၇) ဦးဇော်ဝင်း+ဒေါ်မေသက်ရီ မိသားစု၊ တ/ဥ၊ ၃၀၀၀ိ/-။ (၈) အဘိုး ဦးအောင်ခင်၊ ပန်းတနော်၊ ၁၀၀၀၀ိ/-။ (၉) မမြင့်မြင့်ငယ်၊ မရီရီမာအေး၊ ကသာ၊ ၁၀၀၀၀ိ/-။

**သံဃာ (၈၄၀၀၀) အရဟတ်ဆွမ်းအလှူ**

(၁) ကွယ်လွန်သူ ဒေါ်ခင်စီစီ ကောင်းမှု၊ ၁၀၀၀၀ိ/-။ (၂) ဦးငွေဝင်း+ဒေါ်ယဉ်အိ မိသားစု၊ သုဝဏ္ဏ၊ ၃၀၀၀ိ/-။ (၃) ကိုဇော်ငွေဝင်း+မစန်းစန်းနွယ် မိသားစု၊ သုဝဏ္ဏ၊ ၃၀၀၀ိ/-။ (၄) မင်္ဂလာဗျူဟာအသင်းအမှုဆောင်များ၊ ၂၄၁၀၀ိ/-။ (၅) ဦးတင်ဖုန်း+ဒေါ်အုန်းနွဲ့ မိသားစု၊ ၁၀၀၀၀ိ/-။

**ရွှေတိဂုံအရဟတ်ဆွမ်းတော်ပွဲအလှူ**

(၁) ဦးတင်ဖုန်း+ဒေါ်အုန်းနွဲ့ မိသားစု၊ ၁၀၀၀၀ိ/-။ (၂) ကွယ်လွန်သူ ဒေါ်ခင်စီစီ ကောင်းမှု၊ ၁၀၀၀၀ိ/-။ (၃) ဦးသိန်းမောင်+ဒေါ်ပါးပါး မိသားစု၊ စန္ဒီပရဆေး၊ ကုန်ဈေးတန်းလမ်း၊ ၅၀၀၀၀ိ/-။

**မေတ္တာပွားအလှူ**

(၁) (၈၂၂) (၈၂၃) (၈၂၄) (၈၂၅)ကြိမ်မြောက်များ မေတ္တာကျင့်စဉ်အလှူ၊ ၇၆၀၀၀ိ/-။ (၂) ကွယ်လွန်သူ ဒေါ်ခင်ခင်မြအားရည်စူး၍ ကျန်ရစ်သူမိသားစု၊ ၅၀၀၀ိ/-။ (၃) ဖခင်ကြီး ဦးတင်ညွန့်အားရည်စူး၍ ဦးမောင်မြင့်+ဒေါ်သီတာညွန့်၊ သမီး-မမြစန်းသီတာ၊ သဲမြသီတာ မိသားစု၊ တာမွေ၊ ၂၀၀၀၀ိ/-။

**ဘက်စုံအလှူ**

(၁) ကိုကျော်နိုင်+မစိန်စိန်လှ၊ သား-မောင်ရဲကိုကို မိသားစု၊ ၃၀၀၀ိ/-။ (၂) ဦးလှထွန်း+ဒေါ်အုန်းရီ မိသားစု၊ ၃၀၀၀ိ/-။ (၃) ဦးမြသိန်း+ဒေါ်အုန်းကြည် မိသားစု၊ ၃၀၀၀ိ/-။

**ရေ/မီးအလှူ**

(၁) ဦးကျော်မြိုင်+ဒေါ်သန်းစိန် မိသားစု၊ ၅၀၀၀ိ/-။ (၂) ရေ/မီးအလှူခံပုံးမှ အများသူငါကောင်းမှု၊ ၅၉၆၅ိ/-။

**ဓမ္မစာပေသင်တန်း ရန်ပုံငွေအလှူ**

(၁) ဒေါ်မြရွှေ၊ တောင်ကြီး၊ ၁၀၀၀၀ိ/-။ (၂) TSY သင်တန်းမှ Abi & Na Than၊ အင်းလျားလမ်း၊ ၂၀၀၀ိ/-။ (၃) ဒေါ်မြဖိုး မိသားစု၊ ကမ္ဘောဇရိပ်သာလမ်း၊ ၅၀၀၀ိ/-။ (၄) ဦးကျော်စိန်+ဒေါ်ခင်သီတာကျော် မိသားစု၊ လှိုင်၊ ၃၀၀၀၀ိ/-။ (၅) ကွယ်လွန်သူ ဒေါ်ခင်စီစီ ကောင်းမှု၊ ၁၀၀၀၀ိ/-။ (၆) ၂၀၁၃-ခုနှစ်၊ အဘိဓမ္မာသင်တန်းသား/သူများ စုပေါင်းအလှူ ၁၅၈၀၀၀ိ/-။ (၇) ဦးစိုးမိုးသူ+ဒေါ်ဝင်းဝင်းတင့်၊ သမီး-လဝန်းစိုးမိုးသူ၊ ဝသုန်စိုးမိုးသူ၊ သား-အောင်သုတစိုးမိုးသူ မိသားစု၊ ဗဟန်း၊ ၁၀၀၀၀၀ိ/-။ (၈) မောင်ဇေယျာဝင့်နိုင်@Chan Chan၊ ၅၀၀၀ိ/-။ (၉) ဦးချမ်း+ဒေါ်မြမြလှိုင်၊ သမီး-မေမာလာကျော်(ခ)ပန်ပန်၊ သား-လင်းမင်းခန့်(ခ)Bond၊ သမီး-မေသန္တာကျော်(ခ)ချန်ပီယံဝမ် မိသားစု၊ လှိုင်၊ ၁၀၀၀၀၀ိ/-။ (၁၀) ဦးမောင်မောင်ထွေး+ဒေါ်မာလာ၊ သား-အောင်ထူးထက် မိသားစု၊ ဓမ္မစေတီလမ်း၊ ၇၀၀၀၀ိ/-။ (၁၁) ဦးဇော်မိုးခိုင်+ဒေါက်တာစောနေနွယ်၊ သမီး-မီးမီးမိုး၊ သား-ဇော်လှထက် မိသားစု၊ A.A Medical Products Co., Ltd.၊ ၅၀၀၀၀ိ/-။ (၁၂) ဦးရဲလင်းထွဋ်+ဒေါ်စန္ဒာ၊ သား-အောင်ကျော်မြင့်၊ လင်းထက်အောင်၊ ဗဟန်း၊ ၃၀၀၀၀ိ/-။ (၁၃) ဓမ္မစာပေသင်တန်းအလှူခံပုံးမှ အများသူငါကောင်းမှု၊ ၄၄၂၅ိ/-။ (၁၄) ဒေါ်လှိုင်ဝေဝေထွန်း၊ အရှေ့ဒဂုံ၊ ၅၀၀၀ိ/-။ (၁၅) ၂၀၁၃-ဒီကာကျော်သင်တန်းသား/သူများ စုပေါင်းအလှူ ၂၁၀၀ိ/-။

(ရှေ့လဆက်ရန်)

အလှူငွေနှင့်စာများကို အောက်ပါလိပ်စာဖြင့်သာ ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဦးအောင်မွန် CJ-၀၂၈၄၁၄
ရုံးအဖွဲ့မှူး၊ မင်္ဂလာဗျူဟာအသင်းချုပ်
အာဇာနည်လမ်း၊ ဗဟန်း၊ ရန်ကုန်။
ဖုန်း-၅၅၀၉၅၈



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာဗျူဟာအသင်းချုပ်

# မင်္ဂလာဗျူဟာပရဟိတအဖွဲ့သတင်း

မင်္ဂလာဗျူဟာပရဟိတအဖွဲ့၏ ၈-၆-၁၄ နေ့မှ ၁၃-၇-၁၄ နေ့အထိ လှူဒါန်းမှုများ စုစုပေါင်း ၁၅၀၀၀၀ိ/-။

၁။ ဓမ္မရက္ခိတကျွန်တော်ရဲ့ ဘ·က·ကျောင်း
အ·လ·က(တွဲ) အ·ထ·က၊ ကျုံတိုင်ကျော်
ကျေးရွာ၊ ဝါးခယ်မမြို့နယ် ၇၅၀၀ိ/-

၂။ မြောက်ဥက္ကလာ ဓေဘာဂီကူးစက်ဆေးရုံ ၇၅၀၀ိ/-

## ပင်မအလှူ

(ယခင်လမှအဆက်)

(၂၈) ဦးသန်းဝင်း+ဒေါ်မေလွင်ရည် မိသားစု၊ တောင်ကုတ်၊ ၃၀၀ိ/-။ (၂၉) ဦးကျော်ကျော်+ဒေါ်ကြည်ကြည်မာ မိသားစု၊ ကမာရွတ်၊ ၃၀၀ိ/-။ (၃၀) ဦးဝင်းရွှေ+ဒေါ်မြမြဝင်း မိသားစု၊ အလုံ၊ ၃၀၀ိ/-။ (၃၁) ဦးမျိုးနိုင်+ဒေါ်အုန်းမြင့် မိသားစု၊ ကြည့်မြင်တိုင်၊ ၃၀၀ိ/-။ (၃၂) ဦးကျော်မြ မိသားစု၊ တာမွေ၊ ၃၀၀ိ/-။

BURMESE CLASSIC

## ပင်မအလှူ

(၁) မအိအိချော မိသားစု၊ သာကေတ၊ ၆၀၀ိ/-။ (၂) (ဦးတင်မြင့်+ဒေါ်မြအေး)တို့အားရည်စူး၍ သမီး-ခင်သူဇာ၊ သာကေတ၊ ၆၀၀ိ/-။ (၃) ဦးချစ်ကြိုင်+ဒေါ်တင်တင်အေး မိသားစု၊ ဗဟန်းမြို့နယ်၊ ၁၀၀၀ိ/-။ (၄) ဦးသောင်းလှိုင်+ဒေါ်စောကြည် မိသားစု၊ ကျောက်ကုန်း၊ ၃၀၀ိ/-။ (၅) ဒေါ်အုန်းကြည် မိသားစု၊ ရန်ကင်း၊ ၅၀၀ိ/-။ (၆) ဦးဇော်မိုး+ဒေါ်အေးအေးမျိုး မိသားစု၊ ယုဇနဥယျာဉ်မြို့တော်၊ ၅၀၀ိ/-။ (၇) ဦးမောင်မောင်ကျော်+ဒေါ်အေးအေးမော်၊ သမီး-ငြိမ်းမြတ်သူ၊ အလုံ၊ ၁၀၀၀ိ/-။ (၈) ဦးဇော်ဝင်း+ဒေါ်ငွေငွေရီ မိသားစု၊ သာကေတ၊ ၅၀၀ိ/-။ (၉) ဒေါ်ဝေဝေခိုင်၊ သာကေတ၊ ၃၀၀ိ/-။ (၁၀) ဦးချစ်ကြိုင်+ဒေါ်တင်တင်အေး မိသားစု၊ ဗဟန်းမြို့နယ်၊ ၁၀၀၀ိ/-။ (၁၁) ဒေါက်တာဒေါ်သန်းတိုးနှင့် စီးပွားရေးတက္ကသိုလ်များဘွဲ့ရကျောင်းသား/သူဟောင်းများ ကောင်းမှု၊ ၁၀၀၀ိ/-။ (၁၂) ဒေါက်တာဒေါ်သန်းတိုး မွေးနေ့အလှူ၊ အင်းစိန်၊ ၁၀၀၀ိ/-။ (၁၃) မိခင် ဒေါ်ကျင်ဘိနှင့် ဖခင်တို့အားရည်စူး၍ ဒေါ်ပေါ့ပေါ့နှင့် မောင်နှမတစ်စု၊ ၅၀၀၀ိ/-။ (၁၄) ဒေါက်တာဦးမျိုးမင်း+ဒေါက်တာခင်မျိုးဟန် မိသားစု၊ ဗဟန်း၊ ၁၀၀၀ိ/-။ (၁၅) ဦးစောထွန်း+ဒေါ်ခင်လှဲ့ဝင်း မိသားစု၊ ၁၀၀၀ိ/-။ (၁၆) ဦးလှအုန်း+ဒေါ်သီတာထွေး မိသားစု၊ သာကေတ၊ ၃၁၀ိ/-။ (၁၇) ဒေါ်ခင်ခင်လှ၊ မ/ဒဂုံ၊ ၃၀၀ိ/-။ (၁၈) ဦးရဲမြင့် မိသားစု၊ ချမ်းသာစာပေပုံနှိပ်တိုက်၊ ၃၀၀ိ/-။ (၁၉) ဦးလှမင်းထိုက် မိသားစု၊ ရွှေဂုံတိုင်၊ ၃၀၀ိ/-။ (၂၀) ဦးငွေဝင်း+ဒေါ်ယဉ်အိ မိသားစု၊ သုဝဏ္ဏ၊ ၁၀၀၀ိ/-။ (၂၁) ဦးစောနိုင်+ဒေါ်မူမူလှ မိသားစု၊ တ/ဉ၊ ၅၀၀ိ/-။ (၂၂) ဦးသောင်းလှိုင်+ဒေါ်စောကြည် မိသားစု၊ မြေနီကုန်း၊ ၃၀၀ိ/-။ (၂၃) ဦးဇော်ဝင်း+ဒေါ်ငွေငွေရီ မိသားစု၊ ၅၀၀ိ/-။ (၂၄) ဒေါ်ဝေဝေခိုင်၊ သာကေတ၊ ၃၀၀ိ/-။ (၂၅) ဦးမောင်မောင်ကျော်+ဒေါ်အေးအေးမော်၊ သမီး-ငြိမ်းမြတ်သူ၊ အလုံ၊ ၁၀၀၀ိ/-။ (၂၆) ဦးသန်းလွင်+ဒေါ်ဇင်မီဝင်း၊ လှိုင်သာယာ၊ ၁၀၀၀ိ/-။ (၂၈) ဦးစိန်သောင်း+ဒေါ်ရီရီဝင်း မိသားစု၊ ကမာရွတ်၊ ၅၀၀ိ/-။ (၂၉) ဦးမောင်စိုး+ဒေါ်မိုးစံ မိသားစု၊ ကမာရွတ်၊ ၅၀၀ိ/-။ (၃၀) ဦးစံမြ+ဒေါ်တင်ငွေ မိသားစု၊ ပင်လောင်း၊ ၅၀၀ိ/-။ (၃၁) ဦးလှအောင်+ဒေါ်တင်သန်း မိသားစု၊ ကျောက်ပန်းတောင်း၊ ၅၀၀ိ/-။ (၃၂) ဦးကျော်ကျော်+ဒေါ်ကြည်ကြည်မာ၊ သား-သက်ပိုင်မှူး မိသားစု၊ ၅၀၀ိ/-။ (၃၃) ဦးညာဏ်မြင့်+ဒေါ်သန်းသန်းဝင်း မိသားစု၊ ကြည့်မြင်တိုင်၊ ၅၀၀ိ/-။ (၃၄) ဦးဝင်းတင်+ဒေါ်ကြည်ကြည်ဝင်း မိသားစု၊ ကြည့်မြင်တိုင်၊ ၃၀၀ိ/-။ (၃၅) ဦးကျော်ငွေ+ဒေါ်တင်တင်ဧ မိသားစု၊ ကြည့်မြင်တိုင်၊ ၃၀၀ိ/-။ (ရှေ့လဆက်ရန်)



www.burmeseclassic.com

www.burmeseclassic.com

ကမ္မဋ္ဌာနာစရိယသံဃာတော်များဦးဆောင်သော
လယ်တီဆရာတော်ဘုရားကြီး၏တပည့်
**အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်(သန်လျင်)**
အုတ်ဖိုစုရပ်ကွက်၊ ဝိဇ္ဇာလမ်း၊ သန်လျင်မြို့။ ☎ ဖုန်း ၀၅၆-၂၁၄၃၂

**နဝကမ္မအလှူ**
**(ယခင်လမှအဆက်)**

(၃၇) ဦးတင်အောင်+ဒေါ်သန်းအေး(ယောဂီ-၄၃)၊ ၅၀၀၀ိ/-။ (၃၈) ဦးမြင့်သိန်း(ယောဂီ-၃)၊ ၃၀၀၀ိ/-။ (၃၉) ဦးသောင်းညွန့်(ယောဂီ-၇)+ဒေါ်သန်းလွင်(ယောဂီ-၅၇) မိသားစု၊ ၄၅၀၀၀ိ/-။ (၄၀) အနန္တောအနန္တငါးပါးကိုဦးထိပ်ထားလျက် သမီး-လဝန်းသာ မွေးနေ့အလှူ ၉၀၀၀၀ိ/-။ (၄၁) ဒေါ်စန်းမြင့်(ယောဂီ-၄၄)၊ ၅၀၀၀ိ/-။ (၄၂) ဒေါ်ခင်သန်း(ယောဂီ-၆၁)၊ ၅၀၀၀ိ/-။ (၄၃) ဒေါ်ဝင်းကြည်(ယောဂီ-၅၄)၊ ဒေါ်စွက်လျှံ(ယောဂီ-၅၃)၊ ဒေါ်စန်းကြည်(ယောဂီ-၅၂)၊ ဒေါ်ခင်ခင်ကြူ(ယောဂီ-၅၁)၊ ၃၈၀၀၀ိ/-။ (၄၄) ဒေါ်အေးအေးမွန်(ယောဂီ-၆၃)၊ ၁၀၀၀၀ိ/-။ (၄၅) ကိုရန်မျိုးအောင်+မသီတာလင်းတို့အား အမှူးထား၍ သမီး-မခင်ဖြူစင်သန့်၊ ၉-နှစ်ပြည့်မွေးနေ့အလှူ ၁၅၀၀၀ိ/-။ (၄၆) ဒေါ်အေးအေးချို (ယောဂီ-၄၉)၊ ၄၀၀၀ိ/-။ (၄၇) ဦးစိန်မြင့်(ယောဂီ-၂)+ဒေါ်အုံးရှင်၊ သပြေကုန်း၊ ၄၀၀၀၀ိ/-။ (၄၈) ဒေါ်ငွေငွေဦး(ယောဂီ-၆၄)၊ ၂၀၀၀ိ/-။ (၄၉) ဒေါ်ကြည်ခင်(ယောဂီ-၆၅)၊ ဒေါ်စန်းကြည်(ယောဂီ-၅၂)၊ ဒေါ်ဝင်းကြည်(ယောဂီ-၅၄)၊ ဒေါ်စွက်လျှံ(ယောဂီ-၅၃)၊ ဒေါ်ခင်ကြူကြူ (ယောဂီ-၅၁)၊ ၃၅၀၀၀ိ/-။ (၅၀) ဒေါ်မေကြိုင်(ယောဂီ-၆၀)၊ ဒေါ်ဟန်ဆင်(ယောဂီ-၅၉)၊ ဒေါ်အေးအေးချို(ယောဂီ-၄၉)၊ ဒေါ်အိသက်စံ(ယောဂီ-၅၆)၊ ဒေါ်သန်းမြင့်(ယောဂီ-၄၇)၊ ၂၂၀၀၀ိ/-။ (၅၁) ဒေါ်စိန်စိန်(ယောဂီ-၄၉)၊ ၅၀၀၀ိ/-။ (၅၂) မိခင်ကြီးဒေါ်ပြုံးရီအား အမှူးထား၍ တင်မိုးထက်၊ ၈၀၀၀ိ/-။ (၅၃) ဦးခင်ရွှေ(ဒု-ဥက္ကဋ္ဌ)+ဒေါ်လှစိုးကြည်၊ ၂၅၀၀၀ိ/-။ (၅၄) ဦးတင်ကြည်(ယောဂီ-၂)၊ ၂၅၀၀ိ/-။ (၅၅) သပြေကုန်းယောဂီများ၊ ၁၂၀၀၀ိ/-။ (၅၆) အမျိုးသားယောဂီများစုပေါင်းအလှူ ၁၉၀၀၀ိ/-။ (၅၇) ဒေါ်ရှင်ကြူ ၂၀၀၀ိ/-။ (၅၈) ဒေါ်တင်လှ၊ တာမွေ၊ ၁၂၅၀၀ိ/-။ (၅၉) ဒေါ်ကျင်လှ၊ တာမွေ၊ ၅၀၀၀ိ/-။ (၆၀) မိဘနှစ်ပါးကိုရည်စူး၍ ဦးမိုးကြည်ဖြူ(ယောဂီ-၂၄) မိသားစု၊ ၁၀၀၀၀ိ/-။ (၆၁) ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးကျန်တီ+ဒေါ်သန်းရွှေတို့အားရည်စူး၍ ဦးကေကေ+ဒေါ်ခင်ချိုမြင့်၊ ၄၅၀၀၀ိ/-။ (၆၂) ဦးဟန်ရွှေ(ယောဂီ-၂၇)၊ ၁၀၀၀၀ိ/-။ (၆၃) ဒေါ်သန်းသန်းဝင်း(တမ္ဗဒွန်းနည်းပြ)၊ ၁၀၀၀၀ိ/-။ (၆၄) ဒေါ်ပန် (ယောဂီ-၅၆)၊ ဒေါ်ခင်မာတင်(ယောဂီ-၅၇)၊ ၃၀၀၀ိ/-။ (၆၅) ဦးငြိမ်း(ရုံးတာဝန်ခံ)၊ လယ်တီအဖွဲ့ချုပ်၊ ၅၀၀၀၀ိ/-။ (၆၆) ဦးမျိုးဝင်း+ဒေါ်မြင့်မြင့်ငွေ၊ ရွှေတိုက်ဝန်မင်းကြီးရေယာဉ်၊ ၃၀၀၀၀ိ/-။ (၆၇) ဦးမျိုးမြင့်မောင်+မ[illegible]စန္ဒာဦး၊ သား-မောင်ပြည့်ဖြိုးဟိန်း၊ သမီး-မ[illegible]၊

**မင်္ဂလာဒုံမြို့၊ ထန်းပင်ကုန်းကျေးရွာ**
**ဝိပဿနာ ၇-ရက်တရားစခန်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့၊ ထန်းပင်ကုန်းကျေးရွာ၊ လေးကျွန်းစကြာအောင်စေတီဘုရားဝင်းအတွင်း၌ ပထမအကြိမ် သံဃာတော်များဦးဆောင်သော လယ်တီမူ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ၇-ရက်တရားစခန်းကို ၁၂-၅-၂၀၁၄-နေ့မှ ၂၀-၅-၂၀၁၄-နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

ယင်းတရားစခန်းပွဲတွင် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဥက္ကံသ(ဓနုဖြူ)နှင့် ဆရာတော် ဘဒ္ဒန္တ သုန္ဒရ (ဓမ္မာစရိယ) (တိုက်ကြီး)၊ ဆရာလေး ဒေါ်ကုသလဝတီတို့က တရားပြကြပါသည်။

တရားစခန်းဝင်ယောဂီ စုစုပေါင်း ၉၆-ဦးဝင်ရောက်တရားအားထုတ်ခဲ့ပါသည်။ တရားစခန်းအတွက် ဆွမ်း၊ ကွမ်း ဝေယျာဝစ္စတို့ကို မင်္ဂလာဒုံလေတပ်ဝင်းနေ အရာခံဗိုလ် ဦးကျော်ကျော်ဝင်းနှင့် ဆရာမ ဒေါ်စန်းစန်းလွင်တို့ဦးဆောင်သော ၇-ရက်သားသမီးကုသိုလ်ရှင်အပေါင်းတို့က ကုသိုလ်ယူဆောင်ရွက်ခဲ့ကြပါသည်။

ပေးပို့သူ-သန်းဝင်းရှိန်




www.burmeseclassic.com

www.burmeseclassic.com

၁၅၀၀၀ိ/-။ (၆၈) ဦးစိုးဝင်း+ဒေါ်ပြုံးပြုံးမော်တို့အားအမှူးထား၍ သမီး-မဟေမာစိုးဝင်း မွေးနေ့အလှူ ၄၅၀၀၀ိ/-။ (၆၉) ဒေါက်တာဥမ္မာထွန်း မိသားစု၊ ၂၀၀၀၀ိ/-။ (၇၀) ဦးမောင်ခမောင်အုန်း+ဒေါ်သိင်္ဂီသိမ်း မိသားစု၊ ၂၀၀၀၀ိ/-။ (၇၁) ဦးသန်းထွန်း(ယောဂီ-၈)၊ ၅၀၀၀ိ/-။ (၇၂) ဦးကျော်ဝင်း(ယောဂီ-၉)၊ ၅၀၀၀ိ/-။ (၇၃) ဦးဇောတိက(လယ်တောရ)၊ ၅၀၀၀ိ/-။ (၇၄) ဦးမျိုးဆွေ၊ ၅၀၀၀ိ/-။ (၇၅) ဦးစိန်ဖိုး(ယောဂီ-၁၁)၊ ၃၀၀၀ိ/-။ (၇၆) သပြေကုန်းယောဂီများအဖွဲ့၊ ၄၅၀၀၀ိ/-။ (၇၇) ဒေါ်ကြွေ(ယောဂီ-၄၇)၊ ၃၀၀၀ိ/-။ (၇၈) ဒေါ်စန်း(ယောဂီ-၄၈)၊ ၃၀၀၀ိ/-။ (၇၉) ဦးတင်ဝင်း မိဘများအား အမှူးထား၍ ဦးသိန်းလွင်(ယောဂီ-၂၃)+ဒေါ်အေးအေးသန်း ကောင်းမှု၊ ၂၀၀၀၀ိ/-။

## ၇-ရက်တရားစခန်းအလှူ

(၁) ဦးချိုကြီး+ဒေါ်အေးအေးမြင့်(ယောဂီ-၅၂)၊ ၅၀၀၀ိ/-။ (၂) ဒေါ်တင်ကြွေ(ယောဂီ-၅၁)၊ ၄၀၀၀ိ/-။ (၃) ဦးကျော်မျိုး+ဒေါ်သန်းသန်းအေး(ယောဂီ-၅၅)၊ ၅၀၀၀ိ/-။ (၄) ဦးချစ်အေး+ဒေါ်လှလှ(ယောဂီ-၅၄)၊ ၅၀၀၀ိ/-။ (၅) ဦးခင်မော်+ဒေါ်ကြည်ကြည်ဝင်း(ယောဂီ-၅၃)၊ ၅၀၀၀ိ/-။ (၆) ဦးတင်ဖေ(ကမ္ဘာ့ဌာန်းနည်းပြ)၊



သန်လျင်မြို့ရှိ လယ်တီမူ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် တရားစခန်းတွင် တရားအားထုတ်နေသော ယောဂီများ

(ယောဂီ-၁၃)+ဒေါ်ကြည်ငွေ၊ ဦးတင်လှိုင်+ဒေါ်မြင့်ကြည်၊ ၄၅၀၀၀ိ/-။ (၈၀) ဦးလွန်းရင်(ယောဂီ-၁၄)၊ ၁၀၀၀ိ/-။ (၈၁) ဒေါ်ကြည်စိန်(ယောဂီ-၅၄)၊ ၃၀၀၀ိ/-။ (၈၂) ဦးမောင်သိန်း+ဒေါ်မာမာစိန် မိသားစု၊ ရွှေပေါက်ကံ၊ ၄၅၀၀၀ိ/-။ (၈၃) ဒေါ်ခင်ချစ်စိန်(ယောဂီ-၅၂)၊ ဒေါ်မြကြင်(ယောဂီ-၅၃)၊ ၂၆/၁၀၉-လမ်း၊ ၉၀၀၀၀ိ/-။ (၈၄) ဒေါ်ကြည်ခင်(ယောဂီ-၄၆)၊ ၁၀၀၀ိ/-။ (၈၅) ဦးသောင်းညွန့်+ဒေါ်သန်းလွင်(ယောဂီ-၆၃)၊ ၄၅၀၀၀ိ/-။ (၈၆) ဦးမြင့်ခိုင်+ဒေါ်ကြူကြူဝင်း(ယောဂီ-၅၈)၊ ၅၀၀၀၀ိ/-။ (၈၇) နှစ်ဖက်သော မိဘများအား ရည်စူး၍ ဦးအောင်မင်း+ဒေါ်တင်တင်(ယောဂီ-၆၂)၊ အောင်မင်းသူ ပရိဘောဂ၊ ၁၅၀၀၀၀ိ/-။ (၈၈) ဒေါ်ကြည်မြင့်(ယောဂီ-၄၅)၊ ၃၀၁၀ိ/-။ (၈၉) နှစ်ဖက်သော

၅၀၀၀ိ/-။ (၇) ဗိုလ်မှူးစိန်လှိုင်အားရည်စူး၍ မိခင်ကြီးဒေါ်အေးအေးမွန်အမှူးထား၍ ဦးတင်မင်းထွေး(ယောဂီ-၁၉)၊ ဒေါ်ဝါဝါလှိုင် မိသားစု၊ ၉၀၀၀၀ိ/-။ (၈) ဗိုလ်မှူးစိန်လှိုင်အားရည်စူး၍ ဦးတင်မင်းထွေး(ယောဂီ-၁၉)၊ ဒေါ်ဝါဝါလှိုင်၊ ဒေါ်ဖြူဖြူလှိုင် မိသားစု၊ ၉၀၀၀၀ိ/-။ (၉) ဒေါ်လှသန်း၊ ဒေါ်စန်းမြိုင်တို့အားအမှူးထား၍ သမီး-မသွယ်သွယ်နိုင်(ယောဂီ-၄၄)၊ ၁၀၀၀၀ိ/-။ (၁၀) ဒေါ်ခင်ညိမ်း(ယောဂီ-၄၉)၊ ၂၀၀၀ိ/-။ (၁၁) ဦးနေလင်းအောင်+ဒေါ်မိုးသီတာလွင်၊ သမီး-မခင်ရတနာလင်းလဲ့ မိသားစု၊ ယုဇနဥယျာဉ်မြို့တော်၊ ၁၅၀၀၀၀ိ/-။ (၁၂) ဒေါ်တင်ကြည်၊ ဦးကျော်ခင် မောင်နှမတစ်စု၊ ၁၅၀၀၀၀ိ/-။ (၁၃) ဦးကျော်မင်းအောင်(ယောဂီ-၁၅)၊ ၅၀၀၀ိ/-။ (ရှေ့လဆက်ရန်)



www.burmeseclassic.com

www.burmeseclassic.com

# ဘိုးဘွားမိဘများလှူဒါန်းစေတီ

**(Pagoda enshrined in Loving memory of Our parents & grand parents)**

ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်ရှိ ရွှေဘိုသန္တိသုခကျောင်းတိုက်၌ ထူးခြားသော ဘိုးဘွားမိဘများလှူမ်းစေတီကို တည်ဆောက်လျက်ရှိရာ ပြီးစီးလုဆဲဆဲဖြစ်နေပါသည်။

အလှူငွေများကို အရှင်ဉာဏာဓေ (ရွှေဘိုသန္တိသုခကျောင်းတိုက်၊ ကန်ကြီးထောင့်မြို့၊ ဖုန်း-၀၄၂၄၅၀၂၇)၊ ဆရာကြီးမင်းယုဓေ (ဖုန်း-၀၉-၄၂၁၁၂၄၉၃၆)၊ ဆရာဦးမျိုးသွင် (ကန်ကြီးထောင့်မြို့၊ ဖုန်း-၀၉-၄၂၀၇၆၂၂၃၃) ပုသိမ်လှုကြည် (ဖုန်း-၀၉၄၂၂၄၅၀၁၆၅)တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

BURMESE CLASSIC

## အလှူရှင်များ

(ယခင်လမှအဆက်)

(၂၆၃) ဦးဟုတ်လှိုင်+ဒေါ်မြညွန့် မိသားစု၊ ကျွန်းတော ၂-လမ်း၊ မြောင်းမြမြို့၊ ၅၀၀၀၀ဝိ/-။ (၂၆၄) ဦးတင်အောင်၊ ၁၀-လမ်းရွာ၊ ချောင်းဆုံမြို့နယ်၊ ၂၀၀၀ဝိ/-။ (၂၆၅) ဦးကြည်ဌေး အမှုးပြု၍ အများကောင်းမှု၊ ၁၀၀၀ဝိ/-။ (၂၆၆) ဦးစိုးမြင့်+ဒေါ်နွဲ့နွဲ့ကြည် မိသားစု၊ မြို့လယ်လမ်း၊ ကန်ကြီးထောင့်မြို့၊ ၁၀၀၀ဝိ/-။ (၂၆၇) ကွယ်လွန်သူမိဘနှစ်ပါးကို ရည်စူး၍ ဒေါ်စိန်ရတီ မိသားစု၊ မြောင်းမြမြို့၊ ၅၀၀၀ဝိ/-။ (၂၆၈) မိဘဘိုးဘွားများကို အမှူးထား၍ ဆရာမ ဒေါ်စိန်ပုံ၊ မင်းကုန်းပိုင်း၊ ကန်ကြီးထောင့်မြို့၊ ၂၀၀၀ဝိ/-။ (၂၆၉) ဒေါ်အေးအေးကြည်၊ ပါရမီရိပ်သာ၊ ရန်ကုန်မြို့၊ ၃၀၀၀ဝိ/-။ (၂၇၀) နှစ်ဖက်သော ဘိုးဘွားမိဘတို့ကို ရည်စူးအမှူးထား၍ ဒါမောက္ခ ဒေါက်တာမင်းဆွေ+ဒေါ်ချိုချို သမီး-သီရိချိုဆွေ မိသားစု၊ ရန်ကုန်၊ ၅၀၀၀ဝိ/-။ (၂၇၁) အဘိုးအဘွားများဖြစ်ကြသော ဦးအေးချို+ဒေါ်အေးသန်း၊ ဦးရွှေဗျိုင်း+ဒေါ်မိတို့ကိုရည်စူး၍၊ မိဘများဖြစ်ကြသော ဦးမြရန်+ဒေါ်လှမြင့်၊ ဦးတင်ရွှေ+ဒေါ်စိန်ကြည်တို့ကို အမှူးထားကာ ဦးကြည်ဌေး+နန့်ဘီဘီ မိသားစု၊ ကန်ကြီးထောင့်မြို့၊ ၁၁၀၀၀၀ဝိ/-။ (၂၇၂) အမေ ဒေါ်ခမ်းညွန့်ကို ရည်စူး၍ ဒေါ်ခင်ခင်ဝင်းမိသားစု၊ စဝ်စံထွန်းလမ်း၊ တောင်ကြီးမြို့၊ ၁၀၀၀၀၀ဝိ/-။ (၂၇၃) ဦးမြအေး+(ဒေါ်သန်းမြ) မိသားစု၊ ကစင်ရွာ၊ လှိုင်သာယာမြို့နယ်၊ ၁၀၀၀၀၀ဝိ/-။ (၂၇၄) ဖခင် ဦးစံသိန်း+ မိခင် ဒေါ်သန်းသန်းမြင့်တို့ကို ရည်စူး၍ မသီတာသိန်း၊ မနီလာသိန်း မိသားစု၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်၊ ၅၀၀၀ဝိ/-။ (၂၇၅) နှစ်ဖက်သော ဘိုးဘွားမိဘများကို ရည်စူး၍ ဦးကျော်တင့်+ဒေါ်ကြည်တင်၊ စွယ်တော်ပြည့်ဝရောင်းဝယ်ရေး၊ ချင်းစုရပ်၊ စစ်ကိုင်းမြို့၊ ၅၀၀၀ဝိ/-။ (၂၇၆) ဖခင် ဦးစိန်ပေါ်+ မိခင် ဒေါ်ရင်ရင်တို့ကို ရည်စူး၍ သား-ဦးထင်အောင်၊ ဦးသန်းထွဋ်၊ သမီး-ဒေါ်ဥမ္မာ မောင်နှမများကောင်းမှု၊ စမ်းချောင်း၊ ရန်ကုန်၊ ၃၀၀၀ဝိ/-။ (၂၇၇) ကွယ်လွန်သူ ဦးစိုးကြိုင်+ဒေါ်သွယ်၊ ဦးဘမြင့်+ဒေါ်ကြင်ညွန့်၊ ဖခင် ဦးမင်းသောင်တို့ကိုရည်စူး၍ ဒေါ်ညိုအိ မိသားစု၊ ဌာနလမ်း၊ ကြည့်မြင်တိုင်၊ ၁၀၀၀ဝိ/-။ (၂၇၈) ဦးမောင်ငြိမ်း (နောင်ရိုးညည်ရိပ်သာ-မန်နေဂျာ)+ဒေါ်ခင်ကြည် မိသားစု၊ ရွှေနှင်းဆီ ၄-လမ်း၊ ပုသိမ်မြို့၊ ၁၀၀၀ဝိ/-။ (၂၇၉) ဦးမြင့်လွင်+ဒေါက်တာသန်းသန်းရီ မိသားစု၊ ပုသိမ်လမ်း၊ စမ်းချောင်း၊ ၁၀၀၀ဝိ/-။ (၂၈၀) နှစ်ဖက်သောမိဘဘိုးဘွားများကို ရည်စူး၍ ဦးအေးကို+ဒေါ်သန်းလှ မိသားစု၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၊ ၃၀၀၀ဝိ/-။ (၂၈၁) ဗိုလ်မှူးကြီးတင်လှိုင် (ငြိမ်း)+ဒေါ်ရီရီ မိသားစု၊ အမှတ်-၂ လမ်းမကြီး၊ မ/ဒုံ၊ ၁၀၀၀၀ဝိ/-။ (၂၈၂) ဦးသန်းဌေး+ဒေါ်အေးအေးစိုး မိသားစု၊ သဃ်န်းကျွန်း၊ ၁၀၀၀ဝိ/-။ (၂၈၃) ဦးမောင်မောင်သန်း+ဒေါ်ခင်အေးမူ မိသားစု၊ မြောက်ဥက္ကလာ၊ ၁၀၀၀ဝိ/-။ (၂၈၄) ဒေါက်တာဝင်းဌေး+ဒေါက်တာစန်းစန်းရီ မိသားစု၊ အင်းလျားလမ်း၊ ၁၀၀၀ဝိ/-။ (၂၈၅) ဦးတင်ဆန်း+ဒေါ်နော်သန်းသန်း၊ သမီး-သဇင်မာလွင်၊ သံဖြူဇရပ်မြို့၊ ၅၀၀၀ဝိ/-။ (၂၈၆) ဦးခင်ငြိမ်း+ဒေါ်သင်းဖြူ၊ သမီး-ဒေါ်ခင်ခင်သိန်း(ခ)မလုံးလုံး၊ စံပြ ၁-လမ်း၊ ကျောက်ဖြူမြို့၊ ၁၀၀၀ဝိ/-။ (၂၈၇) ကွယ်လွန်သူမိဘနှစ်ပါး၊ ခင်ပွန်းနှင့်အစ်ကိုဖြစ်သူတို့ကို ရည်စူး၍ ဒေါ်အေးဝင်း မိသားစု၊ ပုဇွန်တောင်မြို့နယ်၊ ၁၀၀၀၀ဝိ/-။ (ရှေ့လဆက်ရန်)



www.burmeseclassic.com